# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၉ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၁၀၉)


## ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၈ ရက်

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံနေရချိန်ဖြစ်သောကြောင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့သောအချိန်အခါတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ချမှတ်သော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက် နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာ မဲဆန္ဒနယ်သို့ ပြန်လည်၍ ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ရှိနေသည်ကို တွေ့ရှိရပါသည်။ ထိုသူများ ဆန္ဒမဲပေးမှု မဆုံးရှုံးစေရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမဲဆန္ဒရှင်များသည် မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ မိမိတို့ရောက်ရှိနေသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲဖြင့် ဆန္ဒမဲပေးနိုင်ရန် ပုံစံ ၁၅ များရယူ၍ လျှောက်ထားနိုင်ကြပါသည်။ ယင်းသို့ လျှောက်ထားချက်ရရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါမဲဆန္ဒရှင်၏ မဲစာရင်းပါရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် အမြန်ဆုံးဆက်သွယ်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ယနေ့ မာတိကာ**

ယနေ့ မြန်မာ့ စာတိုက် လုပ်ငန်း




ဆောင်းပါး စာ-၆

ရွေးကောက်ပွဲ၊ ကိုဗစ်–၁၉ နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ

ဆောင်းပါး စာ-၁၄

လူမှုဖူလုံရေးအကျုံးဝင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမားများ၊ ဝန်ထမ်းများအား လူမှုဖူလုံရေး ထောက်ပံ့ငွေများ ခွင့်ပြုထုတ်ပေးလျက်ရှိ

စာ-၂၁

## ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် အောက်တိုဘာ ၈

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြင်သစ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၁ ဦးအား မြန်မာသံရုံး ပါရီမြို့မှ စီစဉ်သည့် စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပါရီမြို့ ချားလ်ဒီဂေါလေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၆၃ ဦးအား မြန်မာသံရုံး စင်ကာပူမြို့မှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၅* ❖



ပြင်သစ်နိုင်ငံ ပါရီမြို့ ချားလ်ဒီဂေါလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ဒီမိုကရေစီ ရွေးကောက်ပွဲများဟူသည်

ယနေ့ကမ္ဘာတွင် နိုင်ငံရေး အုပ်ချုပ်ရေးစနစ်ကိုပြောလျှင် ဒီမိုကရေစီကို ရှေ့တန်းတင်ပြောလေ့ရှိ၏။ ဒီမိုကရေစီသည် လူမှုအသိုက်အမြုံအတွက် အပြည့်စုံဆုံးစနစ်ဟု မဆိုနိုင်သော်လည်း လက်ရှိအခြေအနေအရတွင်မူ စံပြုစရာအဖြစ်ဆုံး စနစ်တစ်ခုအဖြစ် အသိအမှတ်ပြုကြ၏။ နိုင်ငံတစ်နိုင်ငံအတွက် အမျှတဆုံး၊ နိုင်ငံသားတို့တန်းတူရေးအတွက် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အကောင်းဆုံးစနစ်တစ်ခုအဖြစ် သတ်မှတ်ညွှန်းဆိုကြလေ့ ရှိ၏။

ဒီမိုကရေစီစနစ်သည် အနိမ့်ဆုံးအားဖြင့် နိုင်ငံသားတို့၏ အခြေခံဒီမိုကရေစီအခွင့်အရေးနှင့် လူ့အခွင့်အရေးကို အာမခံ၏။ လူတိုင်းတွင် လွတ်လပ်စွာနေထိုင် အသက်ရှင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ တန်းတူညီမျှစွာ စီးပွားရှာဖွေလုပ်ကိုင်ခွင့် အစရှိသည့် အခွင့်အရေးတို့ရှိသည်ကို အခြေခံဥပဒေဖြင့် အာမခံ၏။ ဒီမိုကရေစီစနစ်တွင် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာကို နိုင်ငံသားတို့ကသာ ပိုင်ရမည်ဟူ၍ အခြေခံဥပဒေဖြင့် အာမခံ၏။

တစ်နည်းဆိုရလျှင် နိုင်ငံ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသောမဏ္ဍိုင်များနှင့်တကွ နိုင်ငံ၏ အချုပ်အခြာ အာဏာကို ကာကွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံတော်၏ သယံဇာတခွဲဝေသုံးစွဲရေး အစရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပေါ်လစီအားလုံးကို နိုင်ငံသားတို့ကသာ ပြဋ္ဌာန်းရမည်ဟု ဒီမိုကရေစီစနစ်က အာမခံရ၏။ တစ်နည်းဆိုရသော် နိုင်ငံသားတို့ကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များက ပြဋ္ဌာန်း၏။ အကောင်အထည်ဖော်၏။

ထိုထိုသော ပြည်သူ့ကိုယ်စားလှယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ခွင့်၊ လုပ်ပိုင်ခွင့်တို့ကို ပေး၏။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံသားတို့ကသာ ရေးဆွဲရ၏။ ဆုံးဖြတ်ရ၏။ အတည်ပြုရ၏။ ထိုအခြေခံဥပဒေကို ရေးဆွဲနိုင်ရေး၊ ပြင်ဆင်နိုင်ရေး၊ ဖြည့်စွက်နိုင်ရေး အစရှိသည်တို့သည် နိုင်ငံသားတို့၏ လက်ထဲတွင်သာ ရှိရ၏။ ယင်းသည်ပင် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်၏။

အထက်ဖော်ပြပါ လုပ်ပိုင်ခွင့်ရရှိသော ပြည်သူ့ကိုယ်စားလှယ်ဆိုသူများကို နိုင်ငံသား ပြည်သူလူထုကသာ ရွေးချယ်ခွင့်ရှိခြင်းက ဒီမိုကရေစီ၏ အမြင့်ဆုံးအခွင့်အရေးဟု ဆိုရပါမည်။ ပြည်သူလူထုက လိုလားသူ၊ ပြည်သူလူထုက တာဝန်အပ်နှင်းသူကသာ ပြည်သူလူထုကို အုပ်ချုပ်ခွင့်ရှိ၏။ ပြည်သူလူထုက တာဝန်အပ်နှင်းသူကသာ ဥပဒေများကို ပြုခွင့် ပြင်ခွင့် တိုးချဲ့ခွင့် ရှိ၏။ ပြည်သူလူထုက ယုံကြည်စွာ တာဝန်အပ်နှင်းသူတို့ကသာ တရားစီရင်ရေးစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိ၏။

ထို နိုင်ငံသားပြည်သူလူထုက ယုံကြည်စွာ တာဝန်အပ်နှင်းလိုသည့် ပြည်သူ့ကိုယ်စားလှယ်များကိုလည်း နိုင်ငံသားပြည်သူတို့ကသာ အထွေထွေရွေးကောက်ပွဲများကတစ်ဆင့် ရွေးချယ်ပိုင်ခွင့်ရှိ၏။ ဒီမိုကရေစီစနစ်၏ မြတ်နိုးဖွယ်အကောင်းဆုံး အချက်သည်ကား ပြည်သူတို့က ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များကသာ နိုင်ငံနှင့် ဆက်စပ်ပတ်သက်သမျှသော ဆုံးဖြတ်စရာအားလုံးကို တာဝန်ခံခွင့်၊ လုပ်ပိုင်ခွင့် ရှိခြင်းတည်း။

ထို့ကြောင့်ပင် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများက အရေးကြီးသည်ဟု ဆိုနေကြခြင်းဖြစ်၏။ ဒီမိုကရေစီစနစ် ကျင့်သုံးနေသည့် နိုင်ငံအားလုံးသည် ရွေးကောက်ပွဲများကို အလေးအနက် သဘောထားကြ၏။ လွတ်လပ်သန့်ရှင်းသော ရွေးကောက်ပွဲဖြစ်ရေး၊ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးတို့ကို ရိုရိုသေသေ ကြိုးပမ်းအားထုတ်၏။ ရွေးကောက်ပွဲ၏ရလဒ်ကို မြတ်နိုးတန်ဖိုးထား၏။ ရွေးကောက်ပွဲယှဉ်ပြိုင်စဉ်က မည်သို့ပင် မတူကွဲပြားမှုများ ရှိသည်ဖြစ်စေ ရွေးကောက်ပွဲရလဒ်ပေါ်တွင် ကျေကျေနပ်နပ်ဖြင့် လက်ခံကြ၏။ နိုင်ငံကို ညီညီညွတ်ညွတ်ထူထောင်ကြရန် သဘောတူကြ၏။ ဒါသည်ပင် နိုင်ငံရေးရင့်ကျက်မှုအဖြစ် သဘောထားကြ၏။

အချုပ်ဆိုရပါမူ ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီး၏။ ထို့အတူပင် ယနေ့ဖြစ်ပွားနေသည့် ကိုဗစ်ကပ်ရောဂါ၏ ခြိမ်းခြောက်မှုသည်လည်း လူတို့၏ အသက်နှင့်ရင်းကာ ရင်ဆိုင်နေရခြင်းဖြစ်သည့်အတွက် အရေးကြီးသည်ပဲ ဖြစ်၏။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ထိုအရေးကြီးမှုများနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူ ပညာရှင်များ၏ အကြံပြုချက်များပေါ်မူတည်ကာ ချိန်ဆချင့်ချိန်ကာ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

မဲဆွယ်စည်းရုံးရေး၊ မဲပေးရေးတို့တွင် အန္တရာယ်ကင်းအောင် မည်သို့စီမံမည်၊ မည်သို့ ဆောင်ရွက်မည်၊ မည်သို့မဲပေးမည် စသည့် အဆင့်ဆင့်တို့ကို စနစ်တကျပြင်ဆင်ရင်း ဆုံးဖြတ်ချက်များ ချမှတ်ရမည်ဟု ထင်မြင်ပါသည်။ ရောဂါပိုး၏ အန္တရာယ်ကို မည်မျှလောက် ထိန်းချုပ်နိုင်သလဲ ဆိုသည်က အဓိကအကျဆုံးဖြစ်ပါမည်။ တာဝန်ရှိစီမံခန့်ခွဲနေသူများ၊ ဆရာဝန် သူနာပြု ကျန်းမာရေးဝန်ထမ်း အစရှိသည့် ရှေ့တန်းက တိုက်ပွဲဝင်နေကြသော သူရဲကောင်းများနှင့် စည်းကမ်းသေဝပ်သော ပြည်သူလူထုအင်အားတို့ဖြင့် ကိုဗစ်ကပ်ရောဂါကို အမြန်ဆုံး ကျော်လွှားအောင်မြင်နိုင်ကာ လွတ်လပ်သန့်ရှင်း၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပနိုင်ပါစေသား။ ။

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသပ် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီး ကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက် ၉ နာရီခွဲတွင် ထာဝရငြိမ်းချမ်းရေးစေတီတော်သို့သွားရောက်ကာ သာသနာ့ဗိမာန်တော် ပါကေးခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ အပြင်လျှောက်လမ်း တာရာဇိုခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားမှု၊ အရှေ့တောင်ဘက်ရှိ ပရိဝုဏ် အုတ်တံတိုင်းနှစ်ပေ မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ဂန္ဓကုဋ္ဌိတိုက် အရှေ့ဘက်မုခ်ဦး၊ တောင်ဘက်မုခ်ဦး၊ အနောက်ဘက်မုခ်ဦး၊ မြောက်ဘက်မုခ်ဦးနှင့် တံခွန်တိုင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး၍ စေတီတော်ကြီးအား လက်ဝဲရစ်လှည့်လည်ဖူးမြော်ကြည်ညိုသည်။



ယင်းနောက် ဂန္ဓကုဋ္ဌိတိုက်အတွင်းရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်များ အချောသပ်လုပ်ငန်း၊ နံရံဆေးရေးပန်းချီလုပ်ငန်းများ၊ လိုဏ်ဂူတော်အတွင်း တာရာဇိုခင်းခြင်းလုပ်ငန်း၊ Ground Tank ရေကန်ပေါ်တွင် ရေစင်ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် စေတီတော်ပရိဝုဏ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အချောသပ်လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်ဘက်စုံအချောသပ် မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ စေတီတော်ပတ်လမ်း ခင်းခြင်းလုပ်ငန်းနှင့် ရင်ပြင်တော် စကျင် ကျောက်ပြားခင်းခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုယ်ရေးရာဇဝင်

❖ ငယ်စဉ်ကာလ၊ ကျောင်းနေစက
ဦးစွမှာပင်၊ သမိုင်းဝင်မည့်
ခေါ်တွင်အမည်၊ မှတ်တမ်းသီ၍
စချီခဲ့ရ၊ တို့ဘဝ။

❖ ပညာဥစ္စာ၊ ထိုနှစ်ဖြာကို
ဖွေရှာလျှောက်လှမ်း၊ ခရီးလမ်းမှာ
ညည်းတမ်းမဟူ၊ ကိုယ်ရေးယူသည့်
တမူဖြစ်ငြား၊ ကြိမ်ဖန်များလည်း
ပိုင်းခြားသမှု၊ တို့မပြုမိ။

❖ တို့ရဲ့သမိုင်း၊ ယဉ်-မရိုင်းအောင်
တုန့်ရှင်းရာဖွေ၊ စိစစ်နေခဲ့
ချိန်တွေကြာညောင်း၊ နှစ်တွေပြောင်းမှ
ကြောင်းရာဇဝင်၊ အမှန်မြင်။

❖ တို့မွေးဖွားရာ၊ ဒီကမ္ဘာပေါ့
ဘယ်ဟာလူမျိုး၊ လူသားမျိုးပေါ့
တို့ကိုးကွယ်တာ၊ ချစ်မေတ္တာပေါ့
ပြန်ကာပြင်ဆင်၊ မှတ်တမ်းတင်။

❖ သို့တမူကား၊ အိုလူသားတို့
ခွဲခြားမဟူ၊ လူမျိုးတူမို့
အယူမကွဲ၊ ဘာသာစွဲလည်း
စဉ်မြဲကင်းပျောက်၊ ဘယ်တစ်ယောက်မှ
နောက်ကျမချန်၊ တို့အားမာန်ဖြင့်
အမှန်အလုပ်၊ တို့ကြိုးကုတ်လို့
ငါတို့နေရာ၊ ဤကမ္ဘာကို
မေတ္တာလွှမ်းခြုံ၊ ရန့်ထုံစို့။ ။

**မောင်ဇေယျ**

# မြန်မာ-ကိုရီးယား ယဉ်ကျေးမှု ပူးပေါင်းဖျော်ဖြေပွဲ ထုတ်လွှင့်သွားမည်




**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ-ကိုရီးယား သံတမန်ချစ်ကြည်ရေး(၄၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှု ပူးပေါင်းဖျော်ဖြေပွဲ အစီအစဉ်ကို အောက်တိုဘာ ၉ ရက် ညနေ ၅ နာရီမှ ညနေ ၅ နာရီ ၄၅ မိနစ်အထိ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page နှင့် MRTV Live တို့တွင် ညနေ ၅ နာရီ မှ ညနေ ၆ နာရီခွဲအထိ Live Streaming ကို ထုတ်လွှင့်သွားမည်ဖြစ်ကာ MOI Webportal Myanmar Facebook Page နှင့် Myanmar Digital News Facebook Page တို့မှလည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ဖြည့်စွက်မှုများအရ ထပ်မံစိစစ်ပြုစုထားသည့် မဲဆန္ဒရှင်စာရင်းများကို **၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ** သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအတွင်းရှိ ကျေးရွာများတွင် **နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်)** အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထား ကြေညာလျက်ရှိပါသည်။

၂။ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်စေရေးအတွက် ပြည်သူများအား နေအိမ်တွင်သာ နေထိုင်စေရေးနှင့် အကြောင်းတစ်စုံတစ်ရာမရှိဘဲ နေအိမ်မှ ထွက်ခွာသွားလာမှုများအား တားမြစ်ထားသည့် ကာလလည်းဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိသော မဲဆန္ဒရှင်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၄-၉-၂၀၂၀ ရက်နေ့အထိ ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော findyourpollingstation.uec.gov.mm တွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ကြောင်းနှင့် Mobile application ဖြစ်သည့် findyourpollingstation.apk ကို Google Play Store တွင် Download ရယူပြီး မိမိတို့၏ အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းများ စစ်ဆေးရှာဖွေရာတွင် ဝင်ရောက်ကြည့်ရှုရှာဖွေသူများပြားသဖြင့် ကြန့်ကြာမှုများကြုံတွေ့နေကြရကြောင်း သိရှိရသည့်အတွက် ယခုအခါ ပိုမိုလွယ်ကူအဆင်ပြေစေရန် ရည်ရွယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအလိုက် ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် အောက်ဖော်ပြပါ Web Application များတွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | ကချင်ပြည်နယ် | http://bit.ly/kachin-voters |
| (ခ) | ကယားပြည်နယ် | http://bit.ly/kayah-voters |
| (ဂ) | ကရင်ပြည်နယ် | http://bit.ly/kayin-voters |
| (ဃ) | ချင်းပြည်နယ် | http://bit.ly/chin-voters |
| (င) | စစ်ကိုင်းတိုင်းဒေသကြီး | http://bit.ly/sagaing-voters |
| (စ) | တနင်္သာရီတိုင်းဒေသကြီး | http://bit.ly/tanintharyi-voters |
| (ဆ) | ပဲခူးတိုင်းဒေသကြီး | http://bit.ly/bago-voters |
| (ဇ) | မကွေးတိုင်းဒေသကြီး | http://bit.ly/magway-voters |
| (ဈ) | မန္တလေးတိုင်းဒေသကြီး | http://bit.ly/mandalay-voters |
| (ည) | မွန်ပြည်နယ် | http://bit.ly/mon-voters |
| (ဋ) | ရခိုင်ပြည်နယ် | http://bit.ly/rakhine-voters |
| (ဌ) | ရန်ကုန်တိုင်းဒေသကြီး | http://bit.ly/yangon-voters |
| (ဍ) | ရှမ်းပြည်နယ် | http://bit.ly/shan-voters |
| (ဎ) | ဧရာဝတီတိုင်းဒေသကြီး | http://bit.ly/ayarwaddy-voters |
| (ဏ) | ပြည်ထောင်စုနယ်မြေ | http://bit.ly/naypyitaw-voters |

၅။ Web Application အသုံးပြု၍ မဲစာရင်းရှာဖွေခြင်း ရှင်းလင်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Web application နှင့် UEC Facebook စာမျက်နှာတို့တွင် ဖော်ပြပေးထားမည်ဖြစ်ပါကြောင်း အသိပေး တင်ပြအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၈**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လူမှုဖူလုံရေးအကျုံးဝင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမားများ၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ခွင့်ပြုထုတ်ပေးနေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် Video Conference စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်သည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ ပထမလှိုင်းတွင် ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုအလုပ်ဌာနပေါင်း ၆၄၂၉ ဌာနရှိပြီး အာမခံအလုပ်သမား ၈၀၀၂၆၀ အတွက် ခွင့်ပြုထုတ်ပေးငွေကျပ် သန်းပေါင်း ၁၉၆၄၀ ဒသမ ၆၃၆ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် အလုပ်ဌာနများကိုလည်း အချက်အလက်များစိစစ်ပြီး ဆက်လက် ခွင့်ပြုထုတ်ပေးသွားမည် ဖြစ်ပါကြောင်း၊

ကိုဗစ်-၁၉ ကပ်ရောဂါ ထပ်မံဖြစ်ပွားခဲ့သည့် ဒုတိယလှိုင်းတွင် ရောဂါကူးစက်မှုများပြားလာသည့်အတွက် Stay at Home အစီအစဉ်ဖြင့် အကျုံးဝင်သည့် အလုပ်ဌာနများရှိအာမခံအလုပ်ဌာနများရှိအာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ရာခိုင်နှုန်းခွင့်ပြုနိုင်ရေးအတွက် စက်တင်ဘာ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၉၆/၂၀၂၀)အရ ဒုတိယအကြိမ် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ထောက်ပံ့ပေးမှုအနေဖြင့် စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၇ ရက်အထိ Online Web portal မှ လျှောက်ထားသည့် အလုပ်ဌာန ၁၈၃၂ ဌာနရှိပြီး ခွင့်ပြုခဲ့သည့် အလုပ်ဌာန ၃၁၃ ဌာနနှင့် အာမခံအလုပ်သမား ၃၃၈၀၂ ဦးအတွက် ခွင့်ပြုထုတ်ပေးငွေကျပ် သန်းပေါင်း ၂၃၆၂၇၃၃ ခွင့်ပြုထုတ်ပေးခဲ့ကာ ကျန်ရှိသည့်ဌာနများကိုလည်း အမြန်ဆုံးစိစစ်၍ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့၏ မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းအနေဖြင့် Quarantine ဝင်ရောက်သူအလုပ်သမားများ၊ Positive လူနာများ၊ ဆေးရုံတက်ရောက်ရသူများ၊ ကိုယ်ဝန်ဆောင်မိခင်များသို့ ဥပဒေနှင့်အညီထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထောက်ပံ့ငွေများထုတ်ပေးရာတွင် အင်အားများသည့် စက်ရုံ၊ အလုပ်ရုံများအတွက် ရုံးချုပ်မှ သက်ဆိုင်ရာနယ်မြေမြို့နယ်ရုံးသို့ ငွေလွှဲပေးပို့ပြီး ချက်လက်မှတ်အား စက်ရုံအလုပ်ရုံသို့ တိုက်ရိုက်ပေးပို့ဆောင်ရွက်ခြင်းနှင့် အင်အားနည်းပါးသည့် စက်ရုံအလုပ်ရုံများအတွက် Online မှပေးပို့ခြင်းစသည့် စနစ် နှစ်မျိုးဖြင့် အမြန်ဆုံးထုတ်ယူရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိအနေဖြင့် UMFCCI ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအားလုံးအား ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုကျေးဇူးတင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်၍ အောင်မြင်စွာ တွန်းလှန်နိုင်ရေး စီးပွားရေးရှင်သန်ရေးနှင့် တစ်ပြိုင်နက်တည်းတွင် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံးမှုမရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခု တင်ပြချက်များကိုလည်း အထက်အကြီးအကဲများနှင့် ဗဟိုကော်မတီသို့ အလေးထားတင်ပြသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့်ယှဉ်တွဲ၍ စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန် အနီးကပ်ကြီးကြပ်နေကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ထောက်ခံချက်မှာလည်း အရေးပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် စီးပွားရေးပြန်လည်နိုးထနိုင်ရေးအတွက် စီမံချက်များ ဦးစားပေးကဏ္ဍများ သတ်မှတ်နိုင်ရန် ညှိနှိုင်းရေးဆွဲနေမှုများအပေါ် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး အလုပ်သမားအင်အားရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း အဆက်အသွယ်ကောင်းများရှိပြီး စဉ်းစားတွေးခေါ်မှုကောင်းကြသူများဖြစ်၍ အနာဂတ်ကာလအတွက် လိုအပ်လာမည့် မိမိတို့အလုပ်သမားများအား ကျွမ်းကျင်မှုများကို ယခုကပင် ဖြည့်ဆည်းသင်ကြားပေးရန် စီစဉ်ထားလျက်ရှိပြီး လုပ်ငန်းရှင်များနှင့်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တင်ပြသည့်လုပ်ခလစာနှင့် ထောက်ပံ့ငွေများ အမြန်ဆုံးရရှိရေး၊ လုပ်ငန်းများ အမြန်ပြန်လည် လည်ပတ်ရေးနှင့် အလုပ်ရှင်နှင့် အလုပ်သမားများဘက်မှ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀ ၌ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**တောင်ကြီး အောက်တိုဘာ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀ ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်း အရှည် ၇ မိုင် ၂ ဖာလုံ၊ ကုန်ထုတ် တံတားနှစ်စင်း အရှည်ပေ ၄၀၊ ကျေးရွာ ၁၀ ရွာတွင် သောက်သုံးရေ ရရှိရေးလုပ်ငန်း ၁၅ ခု၊ ကျေးရွာ ၁၀ ရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း ခုနစ်ယူနစ်၊ ကျေးရွာ ၂၂ ရွာတွင် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်း ၂၅ ခု၊ ကျေးရွာ ခုနစ်ရွာတွင် Cash for Work စီမံကိန်းလုပ်ငန်း ခုနစ်ခု၊ ကျေးရွာ ရှစ်ရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စုစုပေါင်းကျေးရွာ ၆၀ ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၉၇၀ ဒသမ ၆ သန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံ ငွေ ကျပ် ၃၇၃ ဒသမ ၅၁၃ သန်း စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၁၃၃၄ ဒသမ ၁၁၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**

## ငါန်းဇွန်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်

**ငါန်းဇွန် အောက်တိုဘာ ၈**

ငါန်းဇွန်မြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးဆန်းဝင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုဆောင်ရွက်မှုအဖြစ် ငါန်းဇွန်မြို့ ရှင်ပင်မိုးကောင်း မြတ်စွာဘုရားဝင်းအတွင်း သွေးလွန်တုပ်ကွေးကာကွယ်ရေး ပေါင်းမြက်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၆ ရက်က ဆောင်ရွက်ခဲ့သည်။

ထို့အတူ ငါန်းဇွန်၊ မြို့သာနှင့် ချောင်းခွရဲစခန်းများကလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

## ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**



ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း၊ ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ ပါမောက္ခ ဒေါက်တာဌေးဌေးတင်တို့ ပါဝင်ဖြေကြား ဆွေးနွေးစဉ်။

**အစီအစဉ်မှူး** ။ ။ ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းဟာ ကမ္ဘာနဲ့ တစ်ဝန်းမှာလည်း မြင့်တက်လာနေတာနဲ့အမျှ ပြည်သူတွေကြားမှာလည်း ကိုဗစ် - ၁၉ ရောဂါနဲ့ ပတ်သက်လို့ လွဲမှားတဲ့ အယူအဆတွေနဲ့ သတင်းရိုက်ခတ်မှုတွေဟာ တဖြည်းဖြည်းနဲ့ များပြားလာနေတာကိုလည်း တွေ့ရှိလာရပါတယ်။

ဒါကြောင့် မိဘပြည်သူတွေအနေနဲ့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေရရှိပြီး ရောဂါကာကွယ်ရေးအတွက် လုပ်ဆောင်သင့်တဲ့အရာတွေကို မှန်မှန်ကန်ကန် တိတိကျကျနဲ့ လိုက်နာဆောင်ရွက်ကြစေဖို့၊ ကိုဗစ် - ၁၉ ရောဂါနဲ့ပတ်သက်လို့ မိဘပြည်သူတွေ မေးမြန်းလာတဲ့ မေးခွန်းတွေကို နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့က ပါမောက္ခကြီးတွေနဲ့ သမားတော်ကြီးတွေက ဖြေကြားဆွေးနွေးပေးနေတာ ဖြစ်ပါတယ်။

ဒီနေ့အတွက် မေးခွန်းမေးမြန်း၊ ဖြေကြားဆွေးနွေးမှုမှာ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း (ညွှန်ကြားရေးမှူးချုပ် - ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာဇော်သန်းထွန်း (ညွှန်ကြားရေးမှူးချုပ် – ဆေး သုတေသနဦးစီးဌာန) တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဌေးဌေးတင် (ဒုတိယညွှန်ကြားရေးမှူးချုပ် – အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာန)တို့က ပါဝင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆရာကြီးတို့၊ ဆရာမကြီးတို့ အားလုံးပဲ မင်္ဂလာပါ။ ဒီနေ့အစီအစဉ်ကို အချိန်ပေးပြီး ပါဝင်ဆွေးနွေးပေးတဲ့အတွက် ဆရာကြီးတို့၊ ဆရာမကြီးတို့ကို အထူးကျေးဇူးတင်ရှိပါတယ်။ ဒီနေ့ရဲ့ ဆွေးနွေးမှုတွေ စတင်နိုင်ဖို့အတွက် ဆရာမကြီးကနေ စတင်ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ကြားပါတယ်။

**ပါမောက္ခဒေါက်တာ ဌေးဌေးတင်** ။ ။ အားလုံးပဲမင်္ဂလာပါရှင်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းတင်ဆက်တဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းဆိုင်ရာ မေးခွန်းများ အမေး / အဖြေ ကဏ္ဍဖြစ်ပါတယ်။

ဒီအမေး / အဖြေ ကဏ္ဍမှာ ကျွန်မတို့ မေးမြန်းလာတဲ့ မေးခွန်းများစွာ ရှိပါတယ်။ ဒီမေးခွန်းတွေကိုလည်း အရှေ့ဘက်ပိုင်း၊ ပထမပိုင်းအစီအစဉ်တွေမှာ ဆရာကြီးတွေ၊ ဆရာမကြီးတွေက ဖြေကြားပေးခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်မတို့ မေးခွန်းကို ကဏ္ဍ ၃ ခုခွဲတဲ့အခါမှာ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်တဲ့အခါမှာ မည်ကဲ့သို့ နည်းပညာပိုင်းဆိုင်ရာနဲ့ မည်ကဲ့သို့သော မူဝါဒပိုင်းဆိုင်ရာတွေကို စပ်လျဉ်းတဲ့ မေးခွန်းတွေကို ရရှိပါတယ်။ ဒီမေးခွန်းတွေထဲမှ မေးခွန်းများကိုတော့ ဆရာကြီး ပါမောက္ခ ဒေါက်တာဦးစိုးလွင်ငြိမ်းက ဦးဆောင်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဆရာကြီးရှင့်၊ အဲဒီမေးခွန်းတွေထဲကနေပြီး ရွေးနုတ်ထားတဲ့ မေးခွန်းတွေနဲ့ အဖြေတွေကို ဆရာကြီးက ဖြေကြားပေးဖို့ ကျွန်မ ဒီနေရာကနေ လေးစားစွာနဲ့ ပန်ကြားအပ်ပါတယ်။

**ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း** ။ ။ ကျွန်တော် ပထမဦးဆုံး ဖြေကြားမယ့် မေးခွန်းက မြန်မာကိုရိုနာဗိုင်းရပ်စ် ဖြစ်ပျက်မှုအခြေအနေမှာ အိန္ဒိယနိုင်ငံနဲ့ တူနေတယ်လို့ နိုင်ငံခြားမီဒီယာတွေမှာ ရေးသားဖော်ပြနေကြပါတယ်။ အဲဒါဟုတ်ပါသလားခင်ဗျာ ဆိုပြီးတော့ မေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။

ကျွန်တော်တို့ အိန္ဒိယနဲ့ မြန်မာနိုင်ငံရဲ့ ကူးစက်မှုပုံစံကို နှိုင်းယှဉ်မယ်ဆိုရင်၊ ဒါက ကူးစက်မှုပညာအရဆိုရင် ဒီနိုင်ငံတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေ မတူတာတွေကိုလည်း ကြည့်ရမယ်။ အဓိက ဒီနိုင်ငံတစ်နိုင်ငံချင်းရဲ့ ကူးစက်ရောဂါနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်နဲ့ အညွှန်းကိန်းတွေပေါ်မှာ နှိုင်းယှဉ်ဖော်ပြရပါတယ်။

ဒါကြောင့် ပထမဦးဆုံး ဒီဖြစ်စဉ်ပေါ့။ အိန္ဒိယနိုင်ငံမှာဖြစ်ပွားတဲ့ ကူးစက်ရောဂါ ကပ်ရောဂါအသွင် ဖြစ်ပွားမှုနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပွားတဲ့ ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုကို ကျွန်တော် ပထမဦးဆုံးနှိုင်းယှဉ်ပြီး ဆွေးနွေးလိုပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မေလမှာ သူက စတင်ဖြစ်ပွားပြီး၊ သူ့ရဲ့ကူးစက်မှုက ကျွန်တော်တို့ နိုင်ငံလို မဟုတ်ဘဲနဲ့ ဒီ Wave က တစ်ခုတည်းနဲ့ပဲ သူ့ရဲ့ တိုင်းပြည်မှာ စတင်ကူးစက်ပြီး၊ သူ့ရဲ့ တိုင်းပြည်မှာရှိတဲ့ လူဦးရေသိပ်သည်းမှု၊ လူတွေရဲ့ သွားလာနေထိုင်မှု၊ မိသားစုတွေရဲ့ နေထိုင်မှုစရိုက် စသဖြင့် ဒီအပေါ်မှာ မူတည်ပြီး ကူးစက်မှုတွေက တဖြည်းဖြည်း မြင့်မားလာပြီး ယခုဆိုလျှင် အောက်တိုဘာလ ၄ ရက်နေ့အထိ ၆ ဒသမ ၇ သန်းလောက် ကူးစက်မှုတွေရှိနေပြီး၊ သေဆုံးသူကလည်း ၁၀၄၀၀၀ နီးပါးရှိနေတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီလိုဖြစ်ပြီးမှ ယခုဆိုရင် သူ့အခြေအနေက လူထုထဲမှာ ပျံ့နှံ့မှု တအားများနေတဲ့အခြေအနေမှာ ရှိပါတယ်။

ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင် နယ်စပ်ဒေသကရော၊ လေကြောင်းလိုင်းတွေက ဝင်လာတဲ့ ခရီးသည်တွေ၊ ဒီလူတွေကို ကျွန်တော်တို့က Facility Quarantine မှာထားပြီး ထိန်းချုပ်မှု အောင်မြင်တဲ့အတွက်ကြောင့် နိုင်ငံအနေနဲ့ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုအနည်းဆုံး အနေအထားကို ရရှိခဲ့ပါတယ်။

ဒါပေမယ့် အဲဒီအချိန်မှာပဲ ကျွန်တော်တို့ အဲဒီကာလပြီးတဲ့အခါမှာ ဒီရောဂါဖြစ်ပွားမှု နည်းတဲ့အတွက်ကြောင့် တချို့ကိစ္စလေးတွေမှာ ဖြေလျှော့မှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ လူတွေက အများအပြား ခရီးသွားလာကြပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ လမ်းညွှန်ချက်တွေကိုလည်း လိုက်နာမှု မရှိတော့ဘူး၊ အားနည်းလာတယ်။

ဒီလိုမျိုး နေထိုင်တဲ့အတွက်ကြောင့် လူထုထဲမှာ ရောဂါလက္ခဏာမပြဘဲနဲ့ ကူးစက်သူတွေကလည်း ရှိနေတယ်။ ရောဂါကို လက်ခံနိုင်တဲ့ လူဦးရေက ပိုပြီးများလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြိုတင်ကာကွယ်မှုတွေ အားနည်းပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ကူးစက်ဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ် Outbreak ဖြစ်နေတဲ့အချိန်၊ လေကြောင်းလိုင်းကနေ ခရီးသည်တွေ အများအပြားဝင်လာတဲ့အခါ ရန်ကုန်မှာ ရောဂါကို လက်ခံမယ့် လူတွေက အဆင်သင့်ဖြစ်နေပါတယ်။

ဒီဩဂုတ်လ နောက်ပိုင်း၊ စက်တင်ဘာလအတွင်းမှာ လူတွေကို ကူးစက်ပြီး၊ ယခုရင်ဆိုင်နေရတဲ့ ရောဂါဖြစ်ပွား သေဆုံးမှုတွေ အများဆုံးနဲ့ ကျွန်တော်တို့ ရင်ဆိုင်ပြီး ခက်ခက်ခဲခဲ ကျော်လွှားနေရတဲ့ အနေအထားဖြစ်ပါတယ်။

ဒါကြောင့်မို့ ခုနကလို ကျွန်တော် ရှင်းပြတဲ့အတိုင်း အိန္ဒိယရဲ့ ရောဂါဖြစ်ပွားမှုအခြေအနေနဲ့ မြန်မာနိုင်ငံရဲ့ ရောဂါဖြစ်ပွားမှုအခြေအနေတွေက မတူတဲ့အကြောင်းကို ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

ကျွန်တော် နောက်ထပ် မေးခွန်းတစ်ခု ရရှိထားပါတယ်။ အဲဒါက ရန်ကုန်မှာ ကူးစက်မှုတွေ မကျတာနဲ့ တစ်နေ့တစ်နေ့ ကိုဗစ် – ၁၉ ရောဂါနဲ့ သေတဲ့သူတွေ များနေတယ်။ အခြေအနေလေးသိချင်ပါတယ် လို့ မေးထားတာ ရှိပါတယ်။

ယခုဆိုရင် ကျွန်တော်တို့ လူထုအားနဲ့ ပူးပေါင်းပြီး ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးတွေ ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ Containment Strategy တွေကို ဆောင်ရွက်တဲ့အခါမှာ Outbreak Management and Response ဆိုတဲ့ လှုပ်ရှားမှုတွေနဲ့ လုပ်နေပါတယ်။ ဒါတွေက ဘာလဲဆိုရင် ပိုပြီးတိတိကျကျ ရောဂါတွေကို စောစောစီးစီးရှာပြီး၊ စောစောစီးစီး ကူးစက်နိုင်တဲ့သူတွေကနေ တခြားသူတွေကို မကူးစက်အောင်လို့ ကာကွယ်တဲ့နည်းဖြစ်ပါတယ်။

ဒီအတွက်ကြောင့် ကျွန်တော်တို့က အိမ်နဲ့ ကျေးရွာအခြေပြု ကပ်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီတစ်နေရာတည်းကနေပြီး အများအပြားကို မြို့နယ်အများအပြား၊ လူအများအပြား၊ တခြား တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ရောဂါကူးစက်သွားနိုင်တဲ့ နေရာတွေကို မြို့နယ်အဆင့်၊ ကျေးရွာအဆင့် သေချာသတ်မှတ်ပြီး အဲဒီနေရာတွေကို အထူးကြိုတင်ကာကွယ်တဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်။

နောက်တစ်ခါ သေဆုံးမှုတွေ များနေတဲ့အတွက်ကြောင့် ပြည်သူလူထုထဲမှာလည်း တစ်အိမ်ချင်း၊ တစ်အိမ်ချင်းကနေ ဒီရောဂါဖြစ်ပွားပြီး သေဆုံးနိုင်တဲ့၊ အသက်ကြီးတဲ့သူတွေနဲ့ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါရှိတဲ့ သူတွေပေါ့နော်။ ဒါကလည်း အားလုံးသိတဲ့အတိုင်း ကိုဗစ် ရိုးရိုးဆိုရင် ၁၀၀ မှာ တစ်ယောက်ပဲ သေဆုံးပေမယ့်၊ ဆီးချိုတို့ နှလုံးရောဂါတို့ဆိုရင် ဒီလူတွေက ခုနစ်ယောက်ကနေ ၁၀ ယောက်အထိ သေဆုံးနိုင်တဲ့ အခြေအနေရှိတဲ့အတွက်ကြောင့် ကိုဗစ်ကာလမှာ ဒီလိုနာတာရှည်ရောဂါတွေဟာ ပုံမှန်ပြန်လည်ပြီး ဆရာဝန်တွေချိန်းတဲ့အတိုင်း ပြန်မပြရတဲ့အခြေအနေမျိုးတွေ၊ ဒီလိုအခက်အခဲတွေရှိတဲ့အတွက်ကြောင့် သူတို့အိမ်မှာကို ရောဂါအခြေအနေတွေက တချို့တွေဆို ဆိုးပြီး ကိုဗစ်ရောဂါ ကူးစက်ခံရတဲ့အခါမှာ သေဆုံးနှုန်းတွေရှိတဲ့အတွက်ကြောင့် ကျေးရွာအဆင့်၊ မြို့နယ်အဆင့်တွေမှာလည်း ကျန်းမာရေးစောင့်ရှောက်မှုတွေရရှိအောင် တစ်နည်းတစ်ဖုံနဲ့ လူထုအား၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့အားနဲ့ ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**ပါမောက္ခဒေါက်တာဌေးဌေးတင်** ။ ။ ယခုလိုမျိုးရှင်းပြပေးတဲ့ ဆရာကြီး ဦးစိုးလွင်ငြိမ်းကို ကျေးဇူးအများကြီး တင်ရှိပါတယ်။ ဒုတိယပိုင်းအနေနဲ့ ကိုဗစ် – ၁၉ ရောဂါကုသရေးဆိုင်ရာ မေးခွန်းတွေကို ရရှိထားပါတယ်။ ဒီမေးခွန်းတွေသည် ပြည်သူလူထုကနေ သိလိုကြသော ရောဂါကူးစက်မှုတွေ၊ ရောဂါလက္ခဏာ ပြခြင်း / မပြခြင်း၊ ရောဂါလက္ခဏာ နောက်ဆက်တွဲ ဆိုးကျိုးများရရှိနိုင်မှုအခြေအနေ၊ နောက်တစ်ခုက မိသားစုထဲမှာ ရောဂါလက္ခဏာ ပြန့်ပွားတဲ့ အခြေအနေ၊ ကွာခြားမှု စသည်တို့ကို ဖြေကြားပေးဖို့အတွက် ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်းကိုဖိတ်ခေါ်လိုပါတယ်။

**ဒေါက်တာဇော်သန်းထွန်း** ။ ။ ဟုတ်ကဲ့ပါ။ ပြည်သူတစ်ယောက် မေးထားတဲ့ ပထမဦးဆုံးမေးခွန်းက ဖျားနေတဲ့သူတိုင်း Fever Clinic လာဖို့ လိုပါသလား။ ဒါမှမဟုတ် အိမ်မှာပဲ အဖျားကျဆေးသောက်နေရမလား။ ဖျားတာအပြင် လည်ချောင်းနာမယ်၊ ခေါင်းကိုက်တာတွေ ဖြစ်လာရင် ဘယ်လိုလုပ်ရမလဲဆိုပြီး မေးထားတာရှိပါတယ်။

ဒါကို ဖြေရမယ်ဆိုရင် ဖျားနေတဲ့သူတိုင်းဆိုတဲ့ နေရာမှာ ဖျားနေတဲ့သူသည် ကိုဗစ် – ၁၉ သံသယလက္ခဏာရှိတဲ့သူဆိုရင် Fever Clinic ကို လာရမှာဖြစ်ပါတယ်။ ဆီးကျဉ်လို့ ဖျားတာမျိုး ဥပမာဆိုပါစို့ ဒီလက္ခဏာသည် ကိုဗစ် – ၁၉ ရောဂါလက္ခဏာ မဟုတ်တာကြောင့် မလိုအပ်ပါဘူး။

သို့သော် ဖျားတဲ့လက္ခဏာသည် နှာစေးတာ၊ ချောင်းဆိုးတာ၊ လည်ပင်းနာတာ၊ အနံ့ပျောက်တာနဲ့တွဲပြီး ဖြစ်လာတဲ့ဟာမျိုး၊ ခေါင်းကိုက်တယ်။ နွမ်းတယ် အစရှိသဖြင့် အဲဒီလက္ခဏာတွေသည် ယခင်တုန်းက ရာသီတုပ်ကွေးရောဂါ၊ ချောင်းဆိုးလေးပဲ အစရှိသဖြင့် ဆေးခန်းသွားဖို့ မလိုပါဘူး။

အိမ်မှာပဲ ပါရာစီတီမောနဲ့ ဘာမီတွန်လောက် သောက်ပြီး ပျောက်သွားနိုင်တဲ့ ရောဂါလက္ခဏာလို့ သတ်မှတ်လို့ ရပေမယ့်။ ယခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံသည် ကိုဗစ် – ၁၉ ရောဂါကူးစက်မှုဖြစ်နေပြီး ရင်ဆိုင်နေရတဲ့အချိန်မှာ ပြည်တွင်းကူးစက်မှုနှုန်းသည် အလွန်မြန်နေတာကြောင့် ဒီလိုအချိန်မှာ ဒီလက္ခဏာသည် ကိုဗစ် – ၁၉ ကြောင့်လား။ ဒါမှမဟုတ် ရာသီတုပ်ကွေး အစရှိသဖြင့် ခွဲခြားသိဖို့လိုပါတယ်။

ဘာကြောင့်ခွဲခြားပြီး သိဖို့လိုသလဲဆိုတော့ ဒီ ကိုဗစ် – ၁၉ ရောဂါကူးစက်မှုနှုန်း မြန်တာကြောင့် ကျွန်တော်တို့ မြန်မြန်သိဖို့ လိုပါတယ်။ မြန်မြန်သိဖို့ဆိုရင် ဘာလုပ်ရမလဲ၊ တခြားနည်း မရှိပါဘူး။ မြန်မြန်စစ်ကြည့်မှ သိမှာဖြစ်ပါတယ်။ မြန်မြန်စစ်ကြည့်ဖို့အတွက် ယခုအချိန်မှာ ကိုဗစ် – ၁၉ စစ်ဆေးနိုင်တဲ့ Rapid Antigen Test လို့ခေါ်တဲ့ Test Kit တွေကို နိုင်ငံတော်က ဝယ်ပေးထားပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ဖြန့်ပေးထားပြီး ဖြစ်တာကြောင့်၊ ဒီဟာနဲ့ စစ်ဆေးလိုက်မယ်ဆိုရင် နာရီဝက်လောက်အတွင်းမှာ ကိုဗစ် – ၁၉ ရောဂါ ရှိခြင်း/ မရှိခြင်းကို ခွဲခြားနိုင်မှာဖြစ်ပါတယ်။ ဒီလိုစစ်ဆေးခြင်းကလည်း ရောဂါလက္ခဏာပြပြီး ၆ ရက်အတွင်းမှာ စစ်ဆေးမှသာလျှင် မှန်ကန်တဲ့အဖြေကို ရရှိမှာဖြစ်တာကြောင့် လူနာတွေအနေနဲ့ ကိုဗစ်–၁၉ သံသယလက္ခဏာ ရှိပြီဆိုတာနဲ့၊ ဖျားပြီဆိုတာနဲ့၊ လည်ပင်းနာပြီဆိုတာနဲ့ သက်ဆိုင်ရာ၊ နီးစပ်ရာဆေးရုံ၊ ဆေးခန်းတွေကို သွားရောက်ပြသပြီး စစ်ဆေးမှုခံယူဖို့ လိုအပ်ပါတယ်။

ဒီလိုစစ်ဆေးမှုခံယူပြီးရင် ကျွန်တော်တို့က ဘာလုပ်မလဲဆိုရင် ရောဂါလက္ခဏာ Positive ဖြစ်တဲ့သူကို ခွဲထုတ်မယ်၊ ခွဲခြားပြီးထားမယ် အဲဒီလို လုပ်ခြင်းအားဖြင့် ကူးစက်မှုနှုန်းကို ဖြတ်တောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် Fever Clinic ကို ကိုဗစ် – ၁၉ ရောဂါ လက္ခဏာရှိနေပြီဆိုရင်တော့ သွားရောက်ပြသဖို့ သင့်ပါတယ်။ ရာသီတုပ်ကွေးရှိရင်လည်း သွားရောက် ပြသဖို့သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

ဒုတိယတစ်ခုအနေနဲ့ ကိုဗစ် – ၁၉ ရောဂါသည် ရောဂါလက္ခဏာမရှိတဲ့သူ တစ်ယောက်က လက္ခဏာပြသွားတဲ့အနေအထားကို ဖြစ်သွားနိုင်လား။ အဲဒါနဲ့ ပတ်သက်ပြီး ဖြေရမယ်ဆိုရင် ရောဂါလက္ခဏာမပြဘဲ ကိုဗစ် – ၁၉ ရောဂါဖြစ်နေတဲ့သူတွေသည် ၁၀ ယောက်မှာ ၇ ယောက်ကနေ ၈ ယောက်အထိ ဖြစ်နေတာကို တွေ့ရှိရပါတယ်။

ကိုဗစ် – ၁၉ ရောဂါ အစပိုင်းလောက် ဒီဇင်ဘာလနဲ့ ဇန်နဝါရီလလောက်တုန်းကဆိုရင် ၆၀ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ၁၀ ယောက်မှာ ၆ ယောက်လောက်လို့ ပြောခဲ့ပေမယ့်၊ ယခုအချိန်မှာ ၇ ယောက် / ၈ ယောက်လောက်အထိကို ရောဂါလက္ခဏာမပြဘူးလို့ ပြောနေကြပါတယ်။

ဒါသည် ပြည်သူ့ကျန်းမာရေး ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် အလွန်စိုးရိမ်ဖို့ ကောင်းပါတယ်။ လူနာကိုယ်တိုင်သည် မိမိမှာ ရောဂါပိုးသယ်ဆောင်လျက်ရှိတယ်၊ ရောဂါဖြစ်နေတယ်ဆိုတာ သူ့မှာ မသိဘဲနဲ့ ပတ်ဝန်းကျင်မှာ သွားနေတတ်ပါတယ်။ ဈေးထဲသွားမယ်၊ အရပ်ထဲသွားမယ်၊ ကိုယ့်ကိုယ်ကိုယ် လူကောင်းလို့ ထင်နေမယ်။

ဒီလိုရောဂါလက္ခဏာ မပြတဲ့သူတွေသည် ရောဂါလက္ခဏာလုံးဝမပြဘဲနဲ့ သူသည် နောက်ဆုံးရောဂါမဖြစ်တဲ့ သူတစ်ယောက်အဖြစ် သူ့ကိုယ်သူ ထင်နေမယ်။ ဒါမျိုးလည်း ဖြစ်သွားနိုင်သလို ရောဂါမပြတဲ့ နေရာကနေပြီး ရောဂါလက္ခဏာပြသောသူအဖြစ်ကိုလည်း ပြောင်းရွှေ့ပြီး ဖြစ်လာနိုင်ပါတယ်။ ဒီအချက်က အရေးကြီးပါတယ်။

ဘာကြောင့်လဲဆိုတော့ ရောဂါလက္ခဏာမပြခင် နှစ်ရက်ကနေပြီး ရောဂါလက္ခဏာပြပြီးတော့၊ ပြတဲ့အချိန်၊ ပြပြီးခါစမှာ သူသည် ကူးစက်နှုန်း အလွန်မြန်ပါတယ်။ တစ်ပါးသူကို ကူးစက်နိုင်ပါတယ်။ အဲဒီအချိန်မှာ သူသည် ချောင်းဆိုးလျှင် သော်လည်းကောင်း၊ နှာချေလိုက်လျှင် သော်လည်းကောင်း သူ့ရဲ့ နှာခေါင်းနဲ့ ထိတွေ့ထားတဲ့ လက်ကနေ တစ်နေရာကို ကိုင်ထားလိုက်လို့၊ အဲဒီနေရာကို တခြားသူတစ်ယောက်က လာကိုင်ရင်သော်လည်းကောင်း၊ ပိုက်ဆံကသော်လည်းကောင်း ထိတွေ့မှုတစ်ခုကနေ ကူးစက်နိုင်မှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဒါသည် ရောဂါပိုးသယ်ဆောင်ထားသူကိုယ်တိုင် မိမိမှာ မိမိရောဂါရှိမှန်းမသိတာကြောင့် ယခု ကျွန်တော်တို့အနေနဲ့ နှာခေါင်းစည်း Mask ကို မဖြစ်မနေတပ်ကြပါ။ တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာနေကြပါ။ ဘာကိုင်ပြီးပြီး လက်ကို ဆေးကြပါ။ ဒီလက်နဲ့ မျက်နှာတစ်ဝိုက်ကို မထိကြပါနဲ့ဆိုတာကို ထပ်ခါထပ်ခါပဲ ပြောနေရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပြန်ကြည့်မယ်ဆိုရင် ဒီလိုမျိုး ကူးစက်မှု များပြားလာခြင်းသည် လူဦးရေထူထပ်သိပ်သည်းတယ်။ စုစည်းကြတယ်။ အဲဒီလိုမျိုး အနေအထားတွေကနေ Clusters ဖြစ်လာကြတာကိုလည်း ကျွန်တော်တို့မှာ ကမ္ဘာနဲ့ အဝန်းက အထောက်အထားတွေ အများကြီး ရှိပါတယ်။

ဒါကြောင့် ရောဂါလက္ခဏာ မပြတဲ့သူတွေမှာလည်း ကိုဗစ် – ၁၉ ဖြစ်နိုင်ပါတယ်။ **ရောဂါလက္ခဏာ မပြတဲ့သူကနေ ပြတဲ့သူအဖြစ်ကိုလည်း ပြောင်းသွားနိုင်တယ်။ ပြတဲ့သူအဖြစ် ပြောင်းသွားပြီး သူသည် ဘယ်အချိန်လောက်မှာ ဆုံးနိုင်သလဲ**လို့ မေးထားတာ ရှိပါတယ်။

အကြမ်းဖျင်းအားဖြင့် ရောဂါလက္ခဏာ စဖြစ်ပြီးတော့ ၅ ရက်မှ ၇ ရက်လောက်အတွင်း မှာဆိုရင် ရောဂါလက္ခဏာသည် စတင်ပြီး ဆိုးရွားတဲ့ဘက်ကို ရောက်ရှိလာပါတယ်။ များသောအားဖြင့် ၁၀၀ မှာဆိုရင် ၉၅ ရာခိုင်နှုန်းကျော်လောက်က ဘာမှဆိုးဆိုးရွားရွား အသက်အန္တရာယ်မရှိတတ်ပါဘူး။ သို့သော် ဆိုးရွားတဲ့ လက္ခဏာပြတဲ့သူ ၂၀ ရာခိုင်နှုန်းတော့ ရှိတတ်တယ် အစရှိသဖြင့် ကိန်းဂဏန်းတွေက ဖော်ပြနေတာ ဖြစ်ပါတယ်။

ဒီတော့ မိမိသည် ရောဂါလက္ခဏာ ဆိုးရွားတာပြလာတာကို မိမိ သိဖို့လိုအပ်သလို သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျန်းမာရေးဌာနတွေကိုလည်း သွားရောက်ပြသဖို့ အရေးကြီးပါတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် ယခုလက်ရှိ ကုထုံးတွေဖြစ်တဲ့ Dexamethasone လို ဆေးမျိုး၊ ဗိုင်းရပ်စ်ပိုးကို သတ်တဲ့ Remdesivir လို ဆေးမျိုး၊ နောက်တစ်ခါ ကျွန်တော်တို့ ရောဂါပျောက်ကင်းသွားတဲ့သူတွေ၊ ကိုဗစ်ဝေဒနာ ပျောက်ကင်းသူတွေက လှူဒါန်းပေးထားတဲ့ သွေးရည်ကြည်ကုထုံးနဲ့ ကုသတဲ့ ကုထုံးများသည် မြန်မာနိုင်ငံမှာ အားလုံးရရှိနေပြီ ဖြစ်ပါတယ်။

ဒီကုထုံးတွေရဲ့ ထူးခြားချက်က ရောဂါဖြစ်ပြီးတဲ့အချိန်ကျရင် စောစောကုလေ၊ အထူးသဖြင့် ရောဂါလက္ခဏာစပြီး ၃ ရက်အတွင်း ကုသနိုင်တယ်ဆိုရင် တော်တော်လေးကို ထိရောက်မှုရှိတယ်လို့ ပြောပါတယ်။ ဒါကြောင့် စောစောကုသနိုင်တယ်ဆိုရင် စောစောထိရောက်မှုရှိမယ်။ အကယ်၍ လူနာသည် အကြောင်းကြောင်းကြောင့် မိမိကိုယ်မိမိ ရာသီတုပ်ကွေးထင်လို့၊ နှာစေးတယ်၊ ချောင်းဆိုးတယ်၊ ဖျားတယ်ဆိုပြီး ပါရာစီတိမောနဲ့ ဘာမီတွန်လိုဟာမျိုးလေးသောက်နေပြီး ၈ ရက်၊ ၉ ရက်လောက်နေမှ ရောက်ရှိလာတယ်။ အဲဒီအချိန်မှာ စစ်လို့ ကိုဗစ်က Positive ဖြစ်ပြီဆိုတဲ့ လူနာတစ်ယောက်မှာ အကယ်၍ အခြေအနေဆိုးလို့များ အသက်ရှူစက်တပ်ရတော့မယ်ဆိုတဲ့ အခြေအနေရှိတဲ့အချိန်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်ရောက် မှ ကုသရတဲ့အချိန်ဆိုရင် ခုနဖော်ပြခဲ့တဲ့ ကုထုံးတွေသည် ထိရောက်မှု အားနည်းပါတယ်။

စောစောကုတယ်ဆိုရင် စောစောကောင်းနိုင်တာကြောင့် ဘယ်အချိန်မှာ အခြေအနေ ဆိုးလာမလဲဆိုတာ စောင့်ကြည့်ဖို့လိုပါတယ်။ စောင့်ကြည့်ပြီး လိုအပ်တဲ့ကုထုံးတွေကို ကျန်းမာရေးဝန်ထမ်းတွေက အချိန်နဲ့တစ်ပြေးညီ စပြီးကုသပေးနိုင်မယ်ဆိုရင် စိုးရိမ်ရတဲ့ အခြေအနေကို မရောက်ရှိဘဲနဲ့ စောစောစီးစီး ကယ်တင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် စောစောသိဖို့ လိုပါတယ်။ စောစောသိခြင်းအားဖြင့် မိသားစုဝင်တွေကို ကူးစက်မှုကို လျှော့ချနိုင်မယ်။ တစ်ချိန်တည်းမှာပဲ မိမိအတွက်လည်း ကောင်းမွန်တာဖြစ်ပါတယ်။ ဒါကြောင့် စောစောစီးစီး ကုသဖို့လိုပါတယ်။ စောစောစီးစီးရောက်လာဖို့ လိုပါတယ်။ စောစောစီးစီး လိုအပ်တဲ့ကုထုံးတွေ ကုပေးခြင်းအားဖြင့် ဆိုးရွားတဲ့အခြေအနေတစ်ရပ်ကို ကျွန်တော်တို့ တားဆီးနိုင်မှာ ဖြစ်ပါတယ်။

**"စောစောကုတယ်ဆိုရင် စောစောကောင်းနိုင်တာကြောင့် ဘယ်အချိန်မှာ အခြေအနေဆိုးလာမလဲဆိုတာ စောင့်ကြည့်ဖို့ လိုပါတယ်။ စောင့်ကြည့်ပြီး လိုအပ်တဲ့ကုထုံးတွေကို ကျန်းမာရေးဝန်ထမ်းတွေက အချိန်နဲ့တစ်ပြေးညီ စပြီးကုသပေးနိုင်မယ်ဆိုရင် စိုးရိမ်ရတဲ့ အခြေအနေကို မရောက်ရှိဘဲနဲ့ စောစောစီးစီး ကယ်တင်နိုင်မှာ ဖြစ်ပါတယ်"**

နောက်မေးခွန်းတစ်ခုအနေနဲ့ **ကိုဗစ်လူနာက Positive ဖြစ်ပြီးတဲ့အခါကျရင် ဘယ်အချိန်မှာ Negative ဖြစ်သွားမလဲ** ဆိုတာကို မေးထားတာဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဖြေရမယ်ဆိုရင် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်မှာ ဗိုင်းရပ်စ်ပိုး ရှိခြင်း/မရှိခြင်းကို RT –PCR ဆိုတဲ့ စက်ကြီးနဲ့ အဆင့်ဆင့်စစ်တဲ့အခါ၊ ၆ နာရီ၊ ၈ နာရီခန့် ကြာတဲ့စနစ်နဲ့ စစ်တဲ့အခါ၊ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်မှာ ကိုဗစ် – ၁၉ ရောဂါဖြစ်ပြီးတဲ့ လူတစ်ယောက်ကို ဒီလိုစစ်ခြင်းသည် စစချင်းရောဂါရရှိတဲ့အချိန်ကစပြီး တွေ့တာက အချို့တွေဆိုရင် ၄၅ ရက် အကြာ၊ တစ်လခွဲကြာတဲ့အထိတိုင်အောင်လည်း စစ်ရင် တွေ့နေတတ်ပါတယ်။

ဒီလို တွေ့နေနိုင်ခြင်းဟာ သူ့ရဲ့ရောဂါပိုးသည် အခြားသူကို ကူးစက်နိုင်စွမ်းက စဖြစ်တဲ့နေ့က ၁၁ ရက်အတွင်းပဲ ကူးစက်နိုင်ပြီး ၁၁ ရက်ကျော်သွားရင် ကူးစက်နိုင်စွမ်း မရှိတော့ဘူးဆိုတဲ့ သိပ္ပံပညာအထောက်အထားတွေ အရလည်း ဖော်ပြပြီးဖြစ်ပါတယ်။

အဓိပ္ပာယ်က ကိုဗစ် – ၁၉ ဖြစ်ပြီးတဲ့ လူနာတစ်ယောက်သည် တစ်လလောက်မှာ စစ် ကြည့်တယ်။ စစ်ကြည့်တဲ့အခါ ပိုးတွေ့တယ်။ ပိုးတွေ့ခြင်းသည် ယခင်ရောဂါအဟောင်းကရှိခဲ့တဲ့ ဗိုင်းရပ်စ်က နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်မှာ စစ်ကြည့်လိုက်တဲ့အခါ တွေ့ရှိတဲ့ ဗိုင်းရပ်စ်ပိုးဖြစ်ပြီး အခြားသူကို ကူးစက်နိုင်စွမ်းမရှိပါဘူး။ ဒီသိပ္ပံအထောက်အထားကို အသုံးပြုပြီး ယခုအချိန်မှာဆိုရင် လူနာတွေကို ဘယ်အချိန်မှာ ဆေးရုံက ဆင်းရမယ်ဆိုတာနဲ့ ပတ်သက်ပြီး အားလုံးကအဖွဲ့နဲ့ ဝိုင်းဝန်းတိုင်ပင်စဉ်းစားကြပြီး ဆုံးဖြတ်နေကြတာ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းမှာလည်း ဒီနည်းနဲ့ပဲ ဆုံးဖြတ်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုဗစ် – ၁၉ Positive ဖြစ်ပြီးတဲ့အခါ ဗိုင်းရပ်စ်ပိုးသည် တစ်လခွဲလောက်အထိကို ရှိနေနိုင်ပေမယ့် သူသည် အခြားသူကို ကူးစက်နိုင်စွမ်းမရှိဘူးဆိုတဲ့ အချက်ကိုလည်း ပြောပြနိုင်ပါတယ်။

တစ်ဆက်တည်းမှာ **တစ်ခါဖြစ်ပြီးသောသူ နောက်တစ်ခါ ထပ်ဖြစ်နိုင်သလား**ဆိုတဲ့ မေးခွန်းကို မေးထားပါတယ်။ ဗိုင်းရပ်စ်တစ်ခါဖြစ်ဖူးသူက နောက်တစ်ခါ ထပ်ဖြစ်နိုင်တဲ့ အခွင့်အလမ်းက အလွန်နည်းမယ်လို့ ပြောရပါမယ်။

ဘာဖြစ်လို့လဲဆိုတော့ လက်ရှိမြန်မာနိုင်ငံမှာ မတ်လ ၂၃ ရက်မှာ ပထမဦးဆုံးဝင်ခဲ့တဲ့ မျိုးရိုးဗီဇသည် တစ်မျိုးဖြစ်ခဲ့ပါတယ်။ အဲဒီတစ်မျိုးကနေ မေလနောက်ပိုင်းမှာဆိုရင် ဝင်လာတဲ့ ဗိုင်းရပ်စ်က ပြောရမယ်ဆိုရင်တော့ အစဦးပိုင်းမှာ ဝင်လာတဲ့ အတော်များများသည် နိုင်ငံတကာမှ ပြန်လာတဲ့နေရပ်ပြန်တွေကနေ ရောဂါပိုးတွေ တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီဖြစ်ခဲ့တဲ့ အချိန်တုန်းက အမေရိကမှ လာတာရှိတယ်။ ဥရောပမှ လာတာရှိတယ်။ ယူကေ၊ မလေးရှား အစရှိသည်ဖြင့် နိုင်ငံပေါင်းစုံမှလာတဲ့ ဗိုင်းရပ်စ်ပိုးတွေသည် မျိုးကွဲ ၃ မျိုး၊ ၄ မျိုးလောက်ကို ဝင်လာတာဖြစ်ပါတယ်။

ဒီနောက်ပိုင်း ဩဂုတ်လ လလယ်နောက်ပိုင်းကနေ ယခုအချိန်ထိဖြစ်နေတဲ့ ဗိုင်းရပ်စ်ပိုး အများစုသည် ဗိုင်းရပ်စ်ပိုး မျိုးကွဲအမျိုးအစားတစ်မျိုးပဲ ဖြစ်ပါတယ်။ ဒီလို မျိုးကွဲအမျိုးအစား တစ်မျိုးကနေ လှည့်ပတ်ပြီး ဒီလို ကူးစက်နေတာကြောင့် အဲဒါနဲ့ပတ်သက်တဲ့ ကိုယ်ခံအားကတော့ ဖြစ်ပြီးသွားသောသူတွေမှာ ရှိနေတာဖြစ်ပါတယ်။

ယခုကဲ့သို့ ဗိုင်းရပ်စ်တစ်မျိုးတည်း လှည့်ပတ်နေတာကြောင့် ဗိုင်းရပ်စ်တစ်မျိုးကို ခံနိုင်တဲ့ ကိုယ်ခံအားသည် ဖြစ်ပြီးသွားသော သူတွေမှာ ရှိနေတာကြောင့်၊ အဲဒီဗိုင်းရပ်စ်ပိုးဝင်မယ်ဆိုရင် အဲဒီမျိုးကွဲကို တိုက်နိုင်တဲ့ ကိုယ်ခံအားသည် ရှိနေပြီးသားဖြစ်တာကြောင့် တစ်ခါဖြစ်ပြီးရင် မဖြစ်နိုင်ဘူးရယ်လို့ အကြမ်းဖျင်းအားဖြင့် ပြောလို့ရပေမယ့် ဥပမာအားဖြင့် ဒီလူတစ်ယောက်သည် အမေရိကကို ရောက်သွားလို့ အမေရိကမှာဖြစ်တဲ့ မျိုးရိုးဗီဇ၊ မျိုးကွဲသည် နောက်တစ်ခုသာ ဖြစ်ခဲ့မယ်ဆိုရင်တော့ သိပ္ပံပညာသဘောနဲ့ ဖြစ်မယ်ဆို ဖြစ်နိုင်ခြေရှိတယ်လို့ ပြောလို့ ရတာဖြစ်သလို လက်တွေ့မှာလည်း ဟောင်ကောင်မှာ တစ်ခါဖြစ်ဖူးတဲ့ တရုတ်လူမျိုးတစ်ဦးသည် အီတလီတို့၊ ယူကေတို့က ပြန်လာတဲ့အချိန်မှာ နောက်တစ်ခေါက် ပြန်ဖြစ်တယ်ဆိုတဲ့ သိပ္ပံအထောက်အထားတစ်ခုကိုလည်း ကျွန်တော်တို့ တွေ့ရှိထားတာ ဖြစ်ပါတယ်။ ဒါက ရှားရှားပါးပါးဖြစ်ရပ်ပါ။ ဒီတော့ အကြမ်းဖျင်းပြောရမယ်ဆိုရင် တစ်ခါဖြစ်ဖူးတဲ့သူသည် နောက်တစ်ခါ ပြန်ဖြစ်နိုင်ခြေ မရှိဘူးလို့ပဲ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဌေးဌေးတင်** ။ ။ ဟုတ်ကဲ့၊ ဆရာ ဦးဇော်သန်းထွန်း သေသေချာချာလေး ဖြေကြားပေးခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ဆုံးအပိုင်းအနေနဲ့ ဓာတ်ခွဲမှုပိုင်းဆိုင်ရာ မေးခွန်းတွေ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယခု ကိုဗစ်–၁၉ ဓာတ်ခွဲစစ်ဆေးမှုက မြန်မာနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကစပြီး အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနက လုပ်ဆောင်နေခဲ့တာ၊ ဖေဖော်ဝါရီလ ၂၀ ရက်ကစပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျွန်မတို့ကိုယ်တိုင်စပြီး ပြုလုပ်ခွင့်ပေးတဲ့အတွက် စတင်လုပ်ဆောင်ခဲ့ပါတယ်။

ဒီအတောအတွင်းမှာ နည်းပညာအသစ်အဆန်းတွေလည်း အများကြီးပေါ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နည်းပညာအသစ်တွေကို တီထွင်နိုင်တဲ့ အရည်အသွေး လောလောဆယ် မရှိသေးပေမယ့် ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေတဲ့ နည်းပညာတွေနဲ့ ထပ်တူတစ်ပြိုင်နက်တည်း မြန်မာနိုင်ငံမှာ လိုက်နိုင်အောင် ကျွန်မတို့ ကြိုးစားခဲ့ပါတယ်။ ဒါနဲ့ပတ်သက်တဲ့ သိလိုတဲ့မေးခွန်းတွေ အများကြီး တွေ့ရပါတယ်။ ဒီအထဲကနေ မေးခွန်းအချို့ကို ဖြေကြားပေးပါမယ်။

ဒါက နည်းပညာပိုင်းဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ **ကိုဗစ်–၁၉ ကို မြန်မာနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလမှာစပြီး မော်လီကျူလာ နည်းပညာနဲ့ စမ်းသပ်ခဲ့ပါတယ်။ ဒီစမ်းသပ်မှုနဲ့ ယခုအခါမှာ ရောဂါတွေ့ရှိတဲ့သူတွေကလည်း အများကြီး များလာပါတယ်။ အဲဒါမျိုး များလာတဲ့အခါ အမေရိကမှာရှိနေတဲ့ Centers for Disease Control and Prevention လို့ ခေါ်တဲ့ CDC ကနေ အကြံပြုတဲ့ နည်းတစ်ခုဖြစ်တဲ့ ဓာတ်ခွဲနမူနာတွေကို စုပေါင်းပြီး Pool Test လုပ်ဖို့အစီအစဉ် ရှိလား/မရှိဘူးလားဆိုတဲ့** မေးခွန်းတွေကို မေးပါတယ်။ မေးခွန်းရှင်ကတော့ ဒါသည် နည်းပညာပိုင်းဆိုင်ရာ ပိုပြီးကောင်းမယ်လို့ သူယူဆတဲ့အတွက်ကြောင့် မေးခြင်းဖြစ်ပါတယ်လို့ ပြောပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်မ အနည်းငယ် ဖြေကြားလိုပါတယ်။

ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုမှာ ကျွန်မတို့ ကိုဗစ် – ၁၉ ကို အဓိက ပြောကြားရင် ကိုဗစ် – ၁၉ ကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးတဲ့အခါ တစ်ဦး၊ တစ်ယောက်ကနေ ရောဂါ ရှိ / မရှိ လာပြီး စစ်ဆေးတယ်။ ဒီတစ်ဦး၊ တစ်ယောက်ကိုပဲ အဖြေထုတ်ပေးပါတယ်။ အဲဒါမျိုး အားလုံးကတော့ Diagnostic လို့ခေါ်ပါတယ်။ ရောဂါ ရှိ / မရှိ သိအောင်နဲ့ ရောဂါ ရှိ/မရှိ သိရင်သိခြင်းအားဖြင့် ပြုလုပ်ရမယ့် အခြေအနေတွေ၊ လုပ်ဆောင်ရမယ့်အချက်တွေ၊ ရောဂါမရှိရင် မရှိသူတွေအတွက် ဆောင်ရွက်ရမယ့် အခြေအနေတွေ ဆိုပြီး ခွဲခြားထားပါတယ်။ နောက်တစ်ခုက Screening Test လို့ခေါ်ပါတယ်။ Screening ဆိုတာက ရောဂါရှိတယ်လို့ တစ်ခါမှ သံသယမရှိပါဘူး။

သို့သော် အုပ်စုလိုက်ကြီးအပေါ်မှာ ဒီရောဂါ ရှိ / မရှိကို ကျွန်မတို့ အခြေအနေအမှန်ကို သိရှိလိုတဲ့အတွက်ကြောင့် ဥပမာအားဖြင့် ကျောင်းတွေ ပြန်ဖွင့်ရတော့မလား။ စုပေါင်းနေတဲ့ စက်ရုံတစ်ရုံမှာ ရောဂါရှိတဲ့သူတွေ ရှိနေသလား။ ရောဂါရှိခြင်း/မရှိခြင်းကို စက်ရုံပြန်ဖွင့်ဖို့ အတွက် သိရှိလိုတဲ့ အခြေအနေမျိုးမှာ Screening လုပ်ပါတယ်။ ဒါမျိုး အခြေအနေမျိုးဆိုရင် တစ်ဦး၊ တစ်ယောက်ချင်းစီကို ကျွန်မတို့ အဖြေပေးပို့စရာ မလိုပါဘူး။ စုပေါင်းစစ်ပြီးတော့ စုပေါင်းအဖြေပဲ စစ်ဖို့ သင့်တယ် /မသင့်ဘူး ရောဂါ ရှိခြင်း/ မရှိခြင်းကို စုပေါင်းအဖြေတစ်ခုပဲ ပေးရပါတယ်။

နောက်ဆုံးတစ်ခုက Surveillance Testing လို့ ခေါ်ပါတယ်။ ကိုဗစ် – ၁၉ ကမ္ဘာပေါ်မှာ ဘယ်လောက်အထိ ဆက်ရှိမယ်လို့ မသိပါဘူး။ သို့သော်လည်း ဖြစ်ပွားမှုတွေ ဖြည်းဖြည်းချင်းနဲ့ လျော့နည်းလာပြီး အသေအပျောက်တွေ လျော့နည်းလာတဲ့အချိန်မှာ Population အကုန်လုံး၊ ကမ္ဘာတစ်ဝန်းလုံးမှာရှိနေတဲ့ ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ အားလုံးသည် ကိုဗစ်–၁၉ ကို တစ်နည်းမဟုတ် တစ်နည်းနဲ့ ထိတွေ့ခဲ့တာဖြစ်တဲ့အတွက် Herd Immunity လို့ခေါ်တဲ့ ကိုယ်ခံစွမ်းအားတွေ ပေါ်လာမှာဖြစ်ပါတယ်။

ဒီ Immunity တွေ လူထုထဲမှာ ဘယ်လောက်ရှိသလဲ ဆိုတာသိဖို့အတွက် ကျွန်မတို့ ခုခံစွမ်းအား Antibody စစ်ပါတယ်။ ဒါကိုလည်း Serology Surveillance လို့ ခေါ်ပါတယ်။ ယခု မေးခွန်းရှင်မေးထားတဲ့ Group Testing ဆိုတာက ကျွန်မတို့ သုံးဖို့လည်း ပထမက စီစဉ်ခဲ့ပါ တယ်။ ဒါမျိုးအခြေအနေကို စီစဉ်ခဲ့ခြင်းအားဖြင့် သူက အချိန်ကုန်သက်သာတယ်။ ကုန်ဆုံးနေတဲ့ ဓာတ်ခွဲစမ်းသပ်မှု ပစ္စည်းတွေကိုလည်း ချွေတာရာ ရောက်ပါတယ်။

သို့သော် ယခုလက်ရှိ မြန်မာနိုင်ငံနဲ့ ရန်ကုန်မြို့ရဲ့ အခြေအနေဆိုရင်တော့ ရောဂါဖြစ်ပွားမှုက အတက်ဘက်မှာပဲ ရှိပါသေးတယ်။ နည်းနည်းကျသလို ထင်ရပေမယ့်၊ လောလောဆယ် အတက်ဘက်မှာပဲ တန်းနေတဲ့ သဘောရှိတဲ့အတွက်ကြောင့် ဒါမျိုးစစ်ဆေးမယ်ဆိုရင် ပိုမိုပြီး Group လုပ်လိုက်တယ်။ ၅ ယောက်တစ်စု စစ်လိုက်တယ်။ ၅ ယောက်ထဲမှာ Positive ထွက်ရင် ဒီ Positive က ဘယ်သူလဲဆိုတာကို ကျွန်မတို့ ပြန်ပြီးတော့ ဖြေရှင်းရမယ်။ နှစ်ခါစစ်ရင် နှစ်ခါကုန်တဲ့နည်းဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်မြို့နဲ့ မြန်မာနိုင်ငံအခြေအနေမျိုးမှာ လောလောဆယ်တော့ Group Testing ကို ကျွန်မတို့ စမ်းသပ်စစ်ဆေးနိုင်ဖို့အတွက် အခြေအနေ မရှိသေးကြောင်း ဒီမေးခွန်းကို ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းက **ယခုလိုမျိုး နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ယူတာဟာ ယူတဲ့သူ အတွက် သီးသန့်နည်းပညာပိုင်းဆိုင်ရာ လိုပါတယ်။ ကျွမ်းကျင်သူပဲ လုပ်နိုင်ပါတယ်။ ဒါ ကြောင့် အချို့သောနိုင်ငံ ဥပမာအားဖြင့် ဟောင်ကောင်လိုနိုင်ငံတွေမှာ တံတွေးကနေ စမ်းသပ်စစ်ဆေးတဲ့ နည်းတွေလည်း ပေါ်နေပါပြီ။ အဲဒါမျိုး တံတွေးကနေ စမ်းသပ်စစ်ဆေးတဲ့နည်းကို မြန်မာနိုင်ငံမှာ သုံးလို့ရ / မရ** ဆိုတာလေးကို မေးပါတယ်။

ဟုတ်ပါတယ်။ တံတွေးကနေ စမ်းသပ်စစ်ဆေးတဲ့နည်းပညာက Rapid Test လို့ခေါ်တဲ့ အချိန်တိုအတွင်း အဖြေသိတဲ့ နည်းပညာမှာတော့ မပေါ်သေးပါဘူး။ သူဟာ မော်လီကျူလာ နည်းပညာမှာတော့ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်နေရာမှာ အစားထိုးတဲ့ နည်းပညာအဖြစ် အမေရိကန်နိုင်ငံ FDA က အသိအမှတ်ပြုထားတာတွေ ပေါ်နေ ပါပြီ။

သို့သော် အချိန်က နာရီဝက်မဟုတ်ပေမယ့် ၄၅ မိနစ်၊ တစ်နာရီအတွင်းမှာ စမ်းသပ်နိုင်တဲ့ Loop – mediated Isothermal Amplification (LAMP) နည်းနဲ့ ကျွန်မတို့ စမ်းသပ်လို့ရပါတယ်။ ဒါပေမယ့် သူက Sensitivity အနေနဲ့ ၇၀ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ ဒါကြောင့် ဒီဟာကို ကျွန်မတို့ စပြီးစစ်ဆေးမယ်လို့ မြန်မာနိုင်ငံ ဆေးပညာရှင်အသင်းတို့၊ ဆေးကောင်စီတို့မှာ တစ်ခေါက်လောက် ဆွေးနွေးခဲ့ပြီးသား ဖြစ်ပါတယ်။

သို့သော်လည်း Rapid Test လို့ခေါ်တဲ့ နည်းပညာဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုလိုက်ပါတယ်။ သူက ပိုလျင်မြန်တယ်။ ပိုတိကျတယ်။ ကိုယ်ရွေးတဲ့ အုပ်စုသာ မှန်တယ်ဆိုရင် ၉၀ ရာခိုင်နှုန်း၊ ၉၅ ရာခိုင်နှုန်းလောက်အထိကို Sensitivity ကောင်းတယ်။ နောက်တစ်ခုက Specificity ကလည်း ၁၀၀ ရာခိုင်နှုန်း၊ ၉၉ ရာခိုင်နှုန်းလောက်အထိကို ရှိပါတယ်။ ၁၅ မိနစ်၊ မိနစ် ၃၀ လောက်အတွင်းမှာ လူနာရဲ့ ခုတင်ဘေးတင်ပဲ ချက်ချင်းအဖြေရနိုင်ပါတယ်။

ဒါကြောင့် စက်တင်ဘာလ ၂၉ ရက်က မြန်မာနိုင်ငံမှာ ကိုဗစ် – ၁၉ ရောဂါရှာဖွေတဲ့ နည်းထဲမှာ Rapid Antigen Test စသုံးတာကိုလည်း မှတ်တမ်းတင်ရမယ့် နေ့တစ်နေ့ပါ။ ဒါကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ရောက်ရှိတဲ့ပစ္စည်းတွေနဲ့ ရန်ကုန်မြို့ ဆေးရုံကြီးတွေမှာ စတင်သုံးစွဲပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ **အများစုမေးကြတဲ့ Sensitivity ၊ Specificity** ဆိုတာလည်း ဖြေချင်ပါတယ်။ Sensitivity ၉၀ ရာခိုင်နှုန်းဆိုတာက ရောဂါပိုးရှိတဲ့သူ ၁၀၀ မှာ ၁၀ ယောက်လွတ်တယ်လို့ဆိုလိုတဲ့ နည်းမဟုတ်ပါဘူး။ သူ့မှာက ဖော်မြူလာရှိပါတယ်။ Sensitivity ကောင်းတယ်ဆိုတာက မှားပြီးရောဂါရှိတဲ့သူကို ရောဂါမရှိကြောင်း ထုတ်ပေးနိုင်တဲ့ ဦးရေနည်းတယ်ဆိုရင် Sensitivity ကောင်းတာပါ။

Specificity ကောင်းတယ်ဆိုတာက ရောဂါမရှိလျက်သားနဲ့ ရှိပါတယ်လို့ မှားပြီးတော့ Positive အဖြေမှားထုတ်နိုင်တာ နည်းတာပါ။ ယခု Rapid Test တွေက Specificity အလွန်ကောင်းတယ်၊ ၉၉ / ၁၀၀ အဲဒါဘာလဲဆိုတော့ မှားပြီးတော့ Positive လို့ မပြောဘူးလို့ ပြောတာပါ။ သူ့ Positive ဆိုရင် တကယ် Positive ဖြစ်ပါတယ်။ သို့သော် သူ့ရဲ့တကယ် Negative ဆိုရင် အမှန်တကယ် Negative မဟုတ်ဘဲနဲ့ Falsely Negative ဖြစ်တာမျိုးတွေ ရှိပါတယ်။


ဒါကြောင့် Rapid Diagnostic Test တွေဟာ သူသည် ရောဂါမပျိုးချိန် ၂ ရက်၊ ရောဂါ ပျိုးပြီး ၆ ရက်အတွင်းမှာသာ ကမ္ဘာပေါ်မှာရှိတဲ့ Rapid Test မှန်သမျှအားလုံးဟာ ဒါလောက်အတွင်းမှာ စစ်တာအကောင်းဆုံးလို့ ရောဂါလက္ခဏာရှိလည်း ပေါ်ရမယ်။ PUI လို့ခေါ်တဲ့ သံသယလူနာဖြစ်ရမယ်။ Anosmia ဆိုတဲ့ နှာခေါင်းအနံ့မရခြင်းသည် ရောဂါလက္ခဏာထဲမှာ ပါပါတယ်။ ဒီလို အုပ်စုများ၊ ဖျားတဲ့သူ၊ အသက်ရှူလမ်းကြောင်း အခက်အခဲရှိတဲ့သူ၊ နုံးခွေတဲ့သူတွေကို စစ်မယ်ဆိုရင်တော့ ဒါမျိုးသည် အင်မတန်ကောင်းမွန်တဲ့ အနေအထားရှိတယ်လို့ ပြောလိုပါတယ်။

*စာမျက်နှာ ၇ သို့*

အောက်တိုဘာလ ၉ ရက်နေ့ (၁၄၆) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ ဂုဏ်ပြု

# ယနေ့ မြန်မာ့စာတိုက်လုပ်ငန်း

ခမ်း (စိန်လုံကဘား)




သမိုင်းများအရ စစ်တွေစာတိုက်ကို ၁၈၂၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ စာတိုက်လုပ်ငန်းကိုစတင်ခဲ့သည်ဟု သိရှိရပါသည်။

၁. ၄. ၂၀၁၅ ရက်နေ့တွင် အရာထမ်း ၁၀၂ ဦး၊ အမှုထမ်း ၅၈၁၈ ဦး စုစုပေါင်း ၅၉၂၀ ဖြင့်၊ မြန်မာ့စာတိုက်လုပ်ငန်း ဖွဲ့စည်းပုံအသစ်ဖြင့်၊ မြန်မာ့စာတိုက်လုပ်ငန်းသည် ပြောင်းလဲချိန်တန်ပြီ ဖြစ်သဖြင့် သီးသန့်ရပ်တည်ခွင့်ရရှိခဲ့ပါသည်။ နှစ်ပေါင်းများစွာ တိမ်မြုပ်ခဲ့ရသည့် စာတိုက်ဌာနသည် ဝန်ကြီးဌာနအမည်၌ပင် စာတိုက်အမည် ကွယ်ပျောက်ခဲ့ရပြီးနောက် ပြန်လည်ဖွဲ့စည်းခွင့်ပေးခဲ့သော တာဝန်ရှိသူများကိုလည်း စာတိုက်




ဝန်ထမ်းများက တစ်သက်တာအမှတ်ရ ကျေးဇူးတင်လျက်ရှိနေမည်သာ ဖြစ်ပါသည်။

ယခုအခါ အရာထမ်း ၅၈ ဦး၊ အမှုထမ်း ၄၀၂၈ ဦး၊ စုစုပေါင်း ၄၀၈၆ ဦးတို့ဖြင့် စာတိုက်ရုံးပေါင်း ၁၃၉၁ ရုံးမှ သမားရိုးကျ ဝန်ဆောင်မှုလုပ်ငန်းများအပြင် ထပ်ဆောင်းဝန်ဆောင်မှုလုပ်ငန်းများ (Value Added Services) ကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ မြန်မာ့စာတိုက်လုပ်ငန်းမှ ၅၁ ရာခိုင်နှုန်းနှင့် DEUTSCHE POST INTERNATIONAL B.V မှ ၄၉ ရာခိုင်နှုန်း ထည့်ဝင်၍ **အပြည်ပြည်ဆိုင်ရာအမြန်ချောပို့ ဖက်စပ်ကုမ္ပဏီ (Joint Venture)** ကို **Myanmar DHL** အမည်ဖြင့် နိုင်ငံပေါင်း (၂၃၃) နိုင်ငံနှင့် ချိတ်ဆက်၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**Myanmar DHL သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံပေါင်း ၃၅ နိုင်ငံ၊ မြို့ပေါင်း ၄၀ ရှိ မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များကို DHL အထူးလေယာဉ်ဖြင့် စနစ်တကျ လက်ခံ၊ သယ်ယူပို့ဆောင်၊ ပေးဝေခြင်း ဝန်ဆောင်မှုများ ပေးခဲ့ပါသည်။**

နိုင်ငံတကာအဆင့်မီ ကုမ္ပဏီဖြစ်သည့် DHL နှင့် စာတိုက်လုပ်ငန်းတို့အား ဖက်စပ်ကုမ္ပဏီ (Joint Venture) အဖြစ် ဆောင်ရွက်ခဲ့သည်မှာ မြန်မာပြည်သူလူထုနှင့် ရုံးဌာနများအပေါ် နှစ်ပေါင်း (၂၃) နှစ်တိုင်တိုင် လုံခြုံစိတ်ချရသောဝန်ဆောင်မှုပေးလျက်ရှိသည့် Myanmar DHL ကို အမြော်အမြင်ကြီးမားစွာ ဖွဲ့စည်းတည်ထောင်ပေးခဲ့မှုများသည် မြန်မာ့စာတိုက်လုပ်ငန်းတွင် မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါသည်။

**မြန်မာ့စာပို့တံဆိပ်ခေါင်းအား** မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၆.၁.၁၉၄၈ ရက်နေ့မှစ၍ ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် တံဆိပ်ခေါင်းများပေါ်တွင် BURMA တံဆိပ်ရိုက်နှိပ်ကာ စတင်အသုံးပြုခဲ့ပါသည်။

နှစ်အလိုက် တံဆိပ်ခေါင်းထုတ်လုပ်မှုများမှာ -

| နှစ် | ကြိမ်ရေ |
|---|---|
| ၁၉၆၂ မှ ၁၉၈၇ ထိ (၂၆) နှစ်အတွင်း | ၄၇ |
| ၁၉၈၈ မှ ၂၀၁၀ ထိ (၂၃) နှစ်အတွင်း | ၅၉ |
| ၂၀၁၁ မှ ၂၀၁၅ ထိ (၅) နှစ်အတွင်း | ၁၆ |
| ၂၀၁၆ မှ ယနေ့အထိ (၅) နှစ်အတွင်း | ၃၈ |

သတင်းအချက်အလက် နည်းပညာကို အသုံးပြု၍ စာတိုက်လုပ်ငန်းများကို အဆင့်မြှင့်တင်လျက်ရှိရာ DEMS (Domestic Express Mail Service) ပြည်တွင်း အမြန်ချော၊ မှတ်ပုံတင်စာများ၊ Online VPP၊ Online VPL လုပ်ငန်းများကို ခြေရာခံထောက်လှမ်းနိုင်သော Track & Trace System အား Delivery Monitoring System အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့၏ ချောစာ၊ ချောပစ္စည်းများကို www.myanmarpost.com.mm တွင် စာပေးဝေမှု အခြေအနေများအား အချိန်နှင့်တစ်ပြေးညီဝင်ရောက်ကြည့်ရှုသိရှိနိုင်မည်ဖြစ်ပါသည်။ စာပို့လုလင်များမှ Device Phone ( Smart Phone ) များကို အသုံးပြု၍ စာ/ပါဆယ် ရောက်ရှိပေးဝေမှု အခြေအနေများကို ဆောင်ရွက်လျက်ရှိသောကြောင့် Delivery Monitoring System ဖြင့် Online မှ အချိန်နှင့် တစ်ပြေးညီ စာ/ပါဆယ်ပေးဝေမှုများကို တာဝန်ရှိသူများမှ စစ်ဆေးဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၁.၄.၂၀၁၄ ရက်နေ့တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အကြား ဂျပန်နိုင်ငံမှ **ငွေကြေးနှင့်ပစ္စည်း ထောက်ပံ့မှုမပါသော (Technical Assistance ODA) နည်းပညာနှင့် နည်းစနစ် ကူညီပံ့ပိုးရေးဆိုင်ရာ သဘောတူစာချုပ် (Memorandum on Cooperation)** ကို ဂျပန်နိုင်ငံတွင် ချုပ်ဆိုခဲ့ပြီး စာတိုက်လုပ်ငန်း အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E Mr. Shinzo Abe နှင့် အဖွဲ့တို့သည်လည်း မြန်မာ့စာတိုက် လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ဂျပန် - မြန်မာ ပူးပေါင်းဆောင်ရွက်မှုအား ၁၃.၁၁.၂၀၁၄ ရက်နေ့တွင် ရန်ကုန်စာတိုက်ကြီးသို့လာရောက်၍ ကြည့်ရှုလေ့လာခဲ့ပြီး စာတိုက်ဝန်ထမ်းများအား အားပေးခဲ့သည်မှာလည်း မြန်မာ့စာတိုက်လုပ်ငန်းတွင် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့ရပါသည်။

**သုံးစွဲသူများသို့ ဖြေလျှော့ပေးသည့်အနေဖြင့်** ၁.၉.၂၀၁၄ ရက်နေ့မှစတင်၍ မြန်မာ့စာတိုက်လုပ်ငန်း ငွေပို့လွှာလုပ်ငန်း၏ ငွေပို့ခနှုန်းထားများကို ယခင် **ပို့ငွေ ၁၀၀ ကျပ်လျှင် ပို့ခ (၅) ကျပ်နှုန်း ကောက်ခံနေရာမှ (၅၀) ပြားဖြင့် လျှော့ချကောက်ခံခဲ့ပါသည်။**

**နှစ်ပေါင်းများစွာ တစ်ဦးတည်းမူပိုင်ဆောင်ရွက်လာသော မြန်မာ့စာတိုက်လုပ်ငန်းသည် ပြည်သူလူထုအား ကောင်းမွန်ပြည့်ဝသော ဝန်ဆောင်မှုများ ရွေးချယ်အသုံးပြုနိုင်စေရန်** ရည်ရွယ်၍ အောက်ဖော်ပြပါ ပြည်သူ့ဗဟိုပြုစာတိုက်ဝန်ဆောင်မှု လုပ်ငန်းများကို မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် **ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များအား Public Private Partnership အသွင်ဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ရန် ၂၆.၈.၂၀၁၆** ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှ ပထမအကြိမ် ဖိတ်ခေါ်ခဲ့ပါသည် -

(က) ပြည်တွင်း / အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့်ဝန်ဆောင်မှုပေးခြင်း

(ခ) ကိုယ်စား ငွေကောက်ခံခြင်းလုပ်ငန်းများ (မိုဘိုင်းဖုန်း ငွေဖြည့်ပေးခြင်း၊ လေယာဉ်/ ကားလက်မှတ်/ အမြတ်ခွန်/အာမခံလုပ်ငန်း/ အရစ်ကျရောင်းချခြင်းများအတွက် ငွေကောက်ခံပေးခြင်း)

(ဂ) Online Shopping လုပ်ငန်းများအတွက် ပေးဝေခြင်းနှင့် ငွေကောက်ခံပေးခြင်း

(ဃ) ဘဏ်လုပ်ငန်းကိုယ်စားလှယ် ဆောင်ရွက်ပေးခြင်း

(င) Mobile Money လုပ်ငန်းများဆောင်ရွက်ခြင်း

(စ) စာတိုက်လုပ်ငန်းမှဝန်ဆောင်မှုပေးနိုင်မည့် မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပေးခြင်း

ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံတိုးချဲ့ရန် **၂၃.၁၀.၂၀၁၉ ရက်နေ့တွင်** အောက်ဖော်ပြပါ လုပ်ငန်းများကို နိုင်ငံပိုင်သတင်းစာများမှ ဒုတိယအကြိမ် ထပ်မံဖိတ်ခေါ်ခဲ့ပါသည် -

(က) မြန်မာ့စာတိုက်လုပ်ငန်းနှင့် အထူးအမြန်ချောပို့ လုပ်ငန်းသစ် ပူးပေါင်းဆောင်ရွက်ခြင်း

(ခ) ပြည်တွင်း/ပြည်ပ ချောသယ်ယူပို့ဆောင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်း

(ဂ) ကိုယ်စားငွေကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်ခြင်း

**စာမျက်နှာ ၇ သို့**

### စာတိုက် ထပ်ဆောင်းဝန်ဆောင်မှုလုပ်ငန်းများ

| | | | |
|---|---|---|---|
| (၁) | ပြည်တွင်းအမြန် ချောပို့လုပ်ငန်း | - | ၃၃၂ မြို့ |
| (၂) | ပြည်တွင်းအမြန်ငွေပို့လွှာလုပ်ငန်း | - | ၄၁၃ မြို့ |
| (၃) | အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း | - | ၁၀၂ နိုင်ငံ |
| (၄) | EMS International နှင့်ပြည်ပချောထုပ်ထွက်ကောင်တာ | - | ၂၁၅ ရုံး |
| (၅) | Online Shopping | - | ၁၂၀ ရုံး |
| (၆) | Online Shopper | - | ၁,၄၀၆ ခု |
| (၇) | CB Bank | - | ၁၃၆ ရုံး |
| (၈) | A Bank | - | ၆ ရုံး |
| (၉) | AGD Bank | - | ၆ ရုံး |
| (၁၀) | My Kyat | - | ၆၄၀ ရုံး |
| (၁၁) | e-Post System (Za) | - | ၁,၀၀၃ ရုံး |
| (၁၂) | OK$ | - | ၇၃၀ ရုံး |
| (၁၃) | MPT (DMS) | - | ၃၅၀ ရုံး |
| (၁၄) | Myanmar Mobile Money (MMM) | - | ၂၃ ရုံး |
| (၁၅) | Time Definite Delivery (TDD) | - | ၁၀ ရုံး |
| (၁၆) | Myanmar First Express (MFE) | - | ၁ ရုံး |

“မြန်မာ့စာတိုက်လုပ်ငန်း အနေဖြင့် ပြည်သူများ ကောင်တာများတွင် စောင့်ဆိုင်းနေရသည့်အချိန် လျှော့နည်းသွားစေရန်နှင့် ထုပ်ပိုးပစ္စည်းများကို နိုင်ငံတကာအဆင့်မီ အသုံးပြုနိုင်ရန် ရည်ရွယ်၍ Smart Envelope များကို ပို့ခပါစာအိတ်အကြီးနှင့် အသေးနှစ်မျိုးနှင့် ပို့ခမပါစာအိတ်အကြီးနှင့် အသေးနှစ်မျိုးစီခွဲခြားထားပြီး ၁.၁၀.၂၀၂၀ ရက် နေ့မှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ရောင်းချပေးလျက်ရှိ ”



စာမျက်နှာ ၆ မှ

(ဃ) စာတိုက်လုပ်ငန်းမှ အထူးထပ်ဆောင်း ဝန်ဆောင်မှု (Value Added Service) ပေးနိုင်မည့် မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ခြင်း လုပ်ငန်းများအား ဖိတ်ခေါ်ခဲ့ပြီးနောက် လက်ရှိတွင် **လုပ်ငန်းတစ်ခုချင်းစီအလိုက် တစ်ဦးတည်းမူပိုင် (Exclusive) ဆောင်ရွက်ခွင့်ပေးခြင်း မဟုတ်ဘဲ ပြည်သူလူထုများမှ စိတ်ကြိုက်ရွေးချယ်အသုံးပြုနိုင်စေရန်** ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်း၍ နှစ်ဦးနှစ်ဖက်အကျိုးတူ Win-Win အနေအထားဖြင့် စတင်ဝန်ဆောင်မှုပေးလျက်ရှိပြီး ဖြစ်ပါသည်။

**လုပ်ငန်းမှ အခမဲ့ပို့ဆောင်ပေးခြင်းလုပ်ငန်းနှင့်** မြန်မာ့စာတိုက်လုပ်ငန်း၏ ပုံမှန်သုံးစွဲသူ (Regular Customer) များအား **ဝန်ဆောင်ခများ ဖြေလျှော့ပေးခြင်း (Discount)** လုပ်ငန်းတို့ကို မြန်မာ့စာတိုက်လုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်များတွင် ဆောင်ရွက်ပေးလျက်ရှိပါသည် -

| တစ်ကြိမ်လျှင် ပေးပို့သည့် စာ / ပါဆယ်အရေအတွက် | ဖြေလျှော့ပေးသည့်ရာခိုင်နှုန်း |
|---|---|
| ၁၀၀ မှ ၃၀၀ အထိ | ၁၀ % |
| ၃၀၁ မှ ၅၀၀ အထိ | ၁၅ % |
| ၅၀၁ မှ အထက် | ၂၀ % |

မြန်မာ့စာတိုက်လုပ်ငန်း၊ ဘဏ္ဍာရေးနှစ်အလိုက် ဝင်ငွေ၊ အသုံးစရိတ်၊ အရှုံးအမြတ်

ကျပ်သန်းပေါင်း

| စဉ် | ဘဏ္ဍာရေးနှစ် | ဝင်ငွေ | အသုံးစရိတ် | အရှုံး | Operating Ratio |
|---|---|---|---|---|---|
| ၁ | ၂၀၁၅ - ၂၀၁၆ | ၁၀,၀၃၂.၃၈၀ | ၂၂,၀၁၃.၆၂၀ | ၁၁,၉၈၁.၂၄၀ | ၂၁၉ % |
| ၂ | ၂၀၁၆ - ၂၀၁၇ | ၁၂,၀၇၄.၃၅၂ | ၁၉,၂၁၀.၇၈၄ | ၇,၁၃၆.၄၃၂ | ၁၅၉ % |
| ၃ | ၂၀၁၇ - ၂၀၁၈ | ၁၄,၈၆၅.၅၈၉ | ၁၇,၃၆၉.၂၄၇ | ၂,၅၀၃.၆၅၈ | ၁၁၇ % |
| ၄ | ၂၀၁၈ (Mini Budget) | ၇,၆၆၆.၃၉၀ | ၉,၀၉၅.၅၀၅ | ၁,၄၂၉.၁၁၅ | ၁၁၉ % |
| ၅ | ၂၀၁၈ - ၂၀၁၉ | ၁၆,၃၃၅.၄၆၁ | ၁၈,၄၀၃.၂၆၁ | ၂,၀၆၇.၈၀၀ | ၁၁၃ % |
| ၆ | ၂၀၁၉ - ၂၀၂၀ (ယာယီအမှန်) | ၁၆,၉၀၅.၃၄၃ | ၁၈,၆၃၃.၃၂၀ | ၁,၇၂၇.၉၇၇ | ၁၁၀ % |

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ စာတိုက်လုပ်ငန်းဆိုင်ရာ အစည်းအဝေး (23rd ASEAN Postal Business Meeting) ကို ၂၁.၁၁.၂၀၁၆ ရက်နေ့မှ ၂၃.၁၁.၂၀၁၆ ရက်နေ့ အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

၁.၁၀.၂၀၁၈ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုများ၏ စာဖတ်နှုန်းထား တိုးမြှင့်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ အတည်ပြုချက်ဖြင့် ဖွင့်လှစ်ထားရှိသော **လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်) များသို့ လှူဒါန်းပေးပို့သည့် စာအုပ်များကို မြန်မာ့စာတိုက်** အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သောကြောင့် အရှုံးများ လျော့ကျလာပါသည် -

နှစ်အတန်ကြာ ကွယ်ပျောက်ခဲ့သည့် မြန်မာ့စာတိုက်လုပ်ငန်းအပေါ် သုံးစွဲသူပြည်သူလူထုများမှ စာတိုက်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စွာဖြင့် ပြန်လည်သုံးစွဲလာခြင်းကြောင့် လည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၊ အရာထမ်း၊ အမှုထမ်းများ၏ အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုကြောင့်လည်းကောင်း ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union) ၏ မြန်မာ့စာတိုက်လုပ်ငန်းအား အဆင့်သတ်မှတ်ချက်မှာ ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၂၆ မှ ၂၀၁၈ ခုနှစ်တွင် အဆင့် ၉၁ သို့ အဆင့် ၃၅ ဆင့် တိုးမြှင့်ရရှိခဲ့ပါသည်။ ၁၇.၂.၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU Quality Management Certification Results အရ Level A (Gold) ရရှိခဲ့ပါသည်။

အခြေခံစာပို့ခအနေဖြင့် ပြည်တွင်းစာတစ်စောင်လျှင် ငွေကျပ် ၂၀၀ သာ ကောက်ခံ၍ မြန်မာနိုင်ငံ မြောက်ဘက်စွန်း၊ နောင်မွန်းမြို့မှ တောင်ဘက်စွန်း၊ ကော့သောင်းမြို့ထိ သယ်ယူပို့ဆောင် ပေးနေခြင်းနှင့် နိုင်ငံတကာသို့လည်း ပြည်ပစာတစ်စောင်လျှင်ငွေကျပ် ၁၀၀၀ သာ ကောက်ခံနေခြင်းအပေါ် လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက **နိုင်ငံတော်မှ ကျပ်သန်းပေါင်းများစွာ အရှုံးခံစိုက်ထုတ်၍ ဆောင်ရွက်ပေးနေရသည်ကို** သုံးစွဲသူပြည်သူများ အလွယ်တကူ သိရှိနိုင်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ပြည်သူများ ကောင်တာများတွင်စောင့်ဆိုင်းနေရသည့်အချိန် လျော့နည်းသွားစေရန်နှင့် ထုပ်ပိုးပစ္စည်းများကို နိုင်ငံတကာအဆင့်မီ အသုံးပြုနိုင်ရန် ရည်ရွယ်၍ Smart Envelope များကို ပို့ခပါ စာအိတ်အကြီးနှင့် အသေးနှစ်မျိုးနှင့် ပို့ခမပါစာအိတ်အကြီးနှင့်အသေးနှစ်မျိုးစီ ခွဲခြားထားပြီး ၁.၁၀.၂၀၂၀ ရက် နေ့မှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ရောင်းချပေးလျက်ရှိပါသည်။ မကြာမီကာလအတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင်လည်း ဆက်လက်ဖြန့်ချိ ရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။








လူ့လောကအတွင်း တစ်ဦးနှင့်တစ်ဦး အကောင်း၊ အဆိုး၊ ဝမ်းနည်းဖွယ်၊ ဝမ်းသာဖွယ် **လူမှုရေးကဏ္ဍ** တွင် သော်လည်းကောင်း၊ မူရင်းစာချုပ်၊ စာရွက်စာတမ်း အထောက်အထားများနှင့် လူ့အသုံးအဆောင်များမှစ၍ ကုန်သွယ်မှုဆိုင်ရာပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေသည့် **စီးပွားရေးကဏ္ဍ** တွင် သော်လည်းကောင်း၊ ဝေးလံခေါင်ဖျားဒေသများတွင်ရှိသော ဌာနဆိုင်ရာအသီးသီး၏ ရုံးများအရောက်အမိန့်နှင့် ညွှန်ကြားချက်များကို ဆက်သွယ်၊ ပေးပို့ရသည့် **အုပ်ချုပ်ရေးကဏ္ဍ** တွင် သော်လည်းကောင်း ဝန်ဆောင်မှုများပေးနေသည်မှာ စာတိုက်လုပ်ငန်းပင် ဖြစ်ပါသည်။

သုံးစွဲသူမိဘပြည်သူများသိရှိလိုသော အချက်အလက်များအားအလွယ်တကူစုံစမ်းမေးမြန်းနိုင်ရန်နှင့် ဝန်ဆောင်မှုများအား ကျေနပ်မှုမရှိပါက **"သုံးစွဲသူဝန်ဆောင်မှုဌာန မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၂၀၈၈၈"** နှင့် www.facebook.com/ myanmarpo-stservice - Messenger တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း၊ အကြံပြု တိုင်ကြားနိုင်ပါသည်။

**ယခု ကိုဗစ်ကာလအတွင်း**မှာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ၂၁-၉-၂၀၂၀ ရက်နေ့ ထုတ်ပြန်ချက်အရ မဖြစ်မနေအသုံးပြုရမည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းအားဖြည့်စွက်သတ်မှတ်ထားသဖြင့် ရပ်ဆိုင်းထားရသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ချောလမ်းပိတ်ဆို့မှုများအကြားမှသက်ဆိုင်ရာစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဌာနဆိုင်ရာများနှင့် ပြည်သူတို့၏ ပြည်တွင်း / ပြည်ပစာ၊ ပါဆယ်များကို မြန်မာ့ စာတိုက်လုပ်ငန်းဝန်ထမ်းများက ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းသည် **Vision** ဖြစ်သော **Myanmar Post For Everyone (လူတိုင်းအတွက် မြန်မာ့စာတိုက်) ဆိုသည့်အတိုင်း ပြည်သူလူထု၏ လိုအပ်ချက်များဖြစ်သော စာ၊ ပါဆယ်များကို ကိုဗစ်ကာလအတွင်း မိမိတို့၏ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ လက်ခံ၊ ရွေးချယ်၊ ပို့ဆောင်၊ ပေးဝေနေသည့် မိမိခြေထောက်ပေါ် မိမိရှင်သန်ရပ်တည်အောင် ကြိုးစားဆောင်ရွက်လျက်ရှိသော မြန်မာ့စာတိုက်လုပ်ငန်းရှိ အရာထမ်း၊ အမှုထမ်းများကို ဤဆောင်းပါးဖြင့် (၁၄၆) နှစ်ပြည့် ကမ္ဘာ့စာပို့တိုက်နေ့တွင် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။** ။

အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်းသည် အဆင့် (၁၆) ဖြင့် Bronze Level ရရှိခဲ့ခြင်း






စာမျက်နှာ ၅ မှ

နောက်တစ်ဆက်တည်း မေးခွန်းကတော့ **Rapid Test နဲ့ တစ်ခါစစ်တိုင်း အမှန်ဆိုတာ ယူဆရမှာလား** ဆိုတဲ့ မေးခွန်းပါ။ ဒီမေးခွန်းက အများစုလည်း မေးသလို အများလည်း သိချင်ကြပါတယ်။ Rapid Test လို့ အများစု ပြောကြပေမယ့် Rapid Test မှာ ၂ မျိုးရှိပါတယ်။ Antigen ကို စစ်တာနဲ့ Antibody ကိုစစ်တာပါ။ Antigen သည် ကိုဗစ် - ၁၉ ကို ဖြစ်စေတဲ့ ဗိုင်းရပ်စ်ပါ။ အခွံပါတဲ့ ဗိုင်းရပ်စ်ပါ။ ဒီဗိုင်းရပ်စ်အထဲမှာရှိနေတဲ့ အသားလေးတွေ၊ ဗိုင်းရပ်စ်ရဲ့ အပေါ်မှာ ရှိနေတဲ့ အချွန်အတက်လေးတွေ၊ N Gene တို့၊ E Gene တို့၊ S Gene တို့ အဲဒီ Gene တွေကို စစ်တာ မဟုတ်ဘဲနဲ့ အဲဒီ Gene ကို ဖွဲ့စည်းထားတဲ့ အခြေခံပရိုတိန်းဓာတ်ကို စစ်တာပါ။ အဲဒါ Rapid Test ဖြစ်ပါတယ်။

PCR ကတော့ အဲဒီ Gene တစ်ခုချင်းကို စစ်တာပါ။ ဒါကြောင့်မို့လို့ PCR နဲ့စစ်တဲ့ နည်းပညာသည် Gold Standard ဖြစ်ပါတယ်။ Gold Standard သည် ပျောက်ကွယ်သွားတာ မဟုတ်ပါဘူး။ Gold Standard ကို အစားထိုးတာလည်း မဟုတ်ပါဘူး။ Gold Standard ကြောင့် အချိန်ကြာရတယ်။ အချိန်သည် တစ်ရက်လည်း ကြာပါတယ်။ နှစ်ရက်လည်း ကြာပါတယ်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနဆိုရင် ၂ ရက်ကနေ ၃ ရက်အထိတောင် အဖြေတွေကိုပေးတာ ကြန့်ကြာတာရှိပါတယ်။ အဲဒါမျိုးအချိန်မှာ ဖြစ်နိုင်တဲ့ စုဝေးခြင်း ပြဿနာကြောင့် ဖြစ်လာတဲ့ ကူးစက်လွယ်တဲ့ အခြေအနေမျိုးကို ကာကွယ်တဲ့အချိန်မျိုးတွေ၊ ရန်ကုန်လိုမျိုး Pretest Probability မစစ်ခင်ကတည်းက တွေ့နိုင်တယ်လို့ မှန်းခြေ၊ ဖြစ်နိုင်ခြေများတဲ့ နေရာမျိုးတွေကျတော့ PCR ကို သူကကူညီတဲ့အနေနဲ့ Rapid Antigen Test ကို ပြောတာပါ။ Antibody မဟုတ်ပါဘူး။ Antibody ကို စစ်ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမှားယွင်းသွားနိုင်တဲ့ အခြေအနေလည်း ရှိပါတယ်။

ဒါကြောင့် အဲဒါမျိုးအခြေအနေမျိုးမှာဆိုရင် တစ်ခါစစ်လို့ Positive ဆိုရင် အမှန်တကယ် တစ်ခါစစ်ရုံနဲ့ ယုံလိုက်လို့ ရပါတယ်။ တစ်ခါစစ်လို့ Negative ဆိုရင်သာ နှစ်ခါ ပြန်စစ်ဖို့လည်း လိုပါတယ်။ လက္ခဏာများ ပေါ်လာခဲ့ရင်လည်း PCR နဲ့လည်း Confirmation လုပ်ဖို့လည်း လိုပါတယ်လို့လည်း ကျွန်မ ဒီနေရာက ပြောချင်ပါတယ်။ ဒါကတော့ ကျွန်မတို့ရရှိတဲ့ မေးခွန်းတွေထဲက ခြုံငုံပြီး ဖြေကြားခြင်းဖြစ်ပါတယ်။

**ဒေါက်တာဇော်သန်းထွန်း ။** ။ ပထမဦးဆုံးအကြိမ်မှာ ဖြစ်ခဲ့တဲ့ ဗိုင်းရပ်စ်ထက်ကို ယခုတွေ့ရတဲ့ ဗိုင်းရပ်စ်က ၁၀ ဆ မြန်တယ်ဆိုတဲ့ အထောက်အထားတွေလည်း ရှိနေပါပြီ။ တကယ်လည်း ကူးစက်နှုန်းမြန်တာကြောင့် ပြည်သူများအနေနဲ့ ဆရာတို့ ပြောကြားတဲ့ Mask ကို တပ်ကြပါ။ လက်ကိုဆေးကြပါ။ လူစုလူဝေး မသွားကြပါနဲ့။ ခပ်ခွာခွာနေတာကို အားလုံး ကျေးဇူးပြုပြီးတော့ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လိုက်နာကြစေချင်တာကို ပြောကြားလိုပါတယ်။

**ဒေါက်တာငွေးငွေးတင် ။** ။ ယခု ကျွန်မတို့ ဒီ Rapid Test တွေကို အွန်လိုင်းကနေ ရောင်းတယ်လို့ တွေ့ရ၊ ကြားရပါတယ်။ လက်ရှိ သုံးနေတဲ့ အဖြေကို နာရီဝက်အတွင်း ဖတ်နိုင်တယ်ဆိုတဲ့ Rapid Antigen Test က ကျွန်မ ခုနကပြောသလို Gold Standard လို့ခေါ်တဲ့ RT-PCR နည်းပညာကို အစားထိုးခြင်း မဟုတ်ဘဲနဲ့ အရေးပေါ်ကူညီတဲ့ သဘောလေး ရှိပါတယ်။ ဒီအချိန်မှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ တရားဝင် ဝယ်ယူထားသော၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားသော အမျိုးအစားကိုပဲ သုံးစွဲနေပါတယ်။

ဒါကြောင့် ဒီ Test တွေကိုပဲ အွန်လိုင်းကနေတစ်ဆင့် ရောင်းတာတို့၊ ရောဂါမရှိဘူး သတ်မှတ်နေကြပြီး အခြေခံလိုက်နာရမယ့်၊ စောင့်ထိန်းရမယ့်၊ တစ်ဦးချင်း ကျင့်ဝတ်တွေကို မေ့လျော့သွားမယ်ဆိုရင် ရောဂါများထိန်းချုပ်ရာမှာ အခက်အခဲအများကြီး ရှိနေနိုင်တယ်ဆိုတဲ့အချက်ကို ကျွန်မ ပြောကြားလိုပါတယ်။

နောက်တစ်ခုက ကာကွယ်ဆေးများကို ယခု တင်သွင်းလာတာတို့၊ တရုတ်ကာကွယ်ဆေးတွေကို စပြီး သုံးနေတယ်ဆိုတာကို မီဒီယာမှာ တွေ့တဲ့အတွက်ကြောင့်မို့ပါ၊ ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၂ ခုနှစ် နှစ်လယ်လောက်မှ အစောဆုံးသုံးနိုင်မယ်။ နောက်ဆုံးအဆင့်ကို ရောက်နေတာ၊ စမ်းသပ်နေတာ ၂၉ ခုလောက်ဆိုတော့ ဒီဟာတွေ အားလုံးပြီးရင် မြန်မာနိုင်ငံမှာလည်း တာဝန်ရှိသူများက အားလုံးကို ဆက်သွယ်ပြီးတော့ ပြည်သူပြည်သားတွေ ရရှိဖို့အတွက် စီမံထားပြီးသား အစီအမံကောင်းတွေရှိတဲ့အတွက်ကြောင့်မို့၊ ဒီလို Online က ရောင်းတဲ့ကာကွယ်ဆေးတွေကို စောစောစီးစီး ယုံပြီးတော့ သုံးစွဲမှုတွေမပြုသေးဖို့ ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



# အင်အားမွေးပါ

ဒီရောဂါနဲ့ ပတ်သက်ပြီးတော့ အသေအပျောက်ရှိခဲ့တာဟာ ဘာနဲ့ဆက်စပ်နေလဲဆိုတော့ အခြေခံ ကျန်းမာရေးနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ အခြေခံကျန်းမာရေး အားမကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ အခြေခံရောဂါတွေ၊ အခြားရောဂါတွေရှိတာ၊ အထူးသဖြင့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ ကျွန်မတို့ရဲ့ ပြည်သူတွေမှာ ရှိတတ်ပါတယ်။ အဲဒါတွေရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ပိုပြီးတော့ သတိထားရပါတယ်။ ပိုပြီးတော့ ကိုယ်ခံအားမကောင်းလို့ စိုးရိမ်စရာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုရောဂါတွေရှိလို့လည်း စောစောက ကျွန်မပြောသလို စိတ်ဓာတ်မကျပါနဲ့။ စိတ်ဓာတ်က အများကြီးဆောင်ပါတယ်။ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး။ ကိုယ်နဲ့ တစ်တိုင်းပြည်လုံးက ရှိတယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အင်အားမွေးပါ။ တစ်တိုင်းပြည်လုံးအတွက် ကိုယ်ကလည်း ရုန်းကန်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဒီရောဂါကို ကျော်လွှားနိုင်အောင်လို့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

**(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၀၁၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၂၄၄၅ ဦး ရှိသွားပြီ

နေပြည်တော် အောက်တိုဘာ ၈

အောက်တိုဘာ ၇ ရက် ည ၈ နာရီမှ အောက်တိုဘာ ၈ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၁၂၂၆၈ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၀၁၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၂၄၄၅ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၂၄၄၅ ဦး အနက် သေဆုံးသူ ၅၃၅ ဦး နှင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၆၃၆၆ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ယနေ့ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာပေါင်း - ၁၂၂၆၈

| ယနေ့ ပိုးတွေ့လူနာအသစ် | ယနေ့ သေဆုံးလူနာအသစ် | ယနေ့ ဆေးရုံမှ ဆင်းခွင့်ရသူ |
|---|---|---|
| ၁၀၁၂ | ၂၅ | ၂၈၂ |

စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း - ၃၆၇၅၃၉

| ပိုးတွေ့လူနာ စုစုပေါင်း | သေဆုံးလူနာ စုစုပေါင်း | ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း |
|---|---|---|
| ၂၂၄၄၅ | ၅၃၅ | ၆၃၆၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိရသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၈-၁၀-၂၀၂၀ရက်၊ ည (၈) နာရီ

## ၈-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၇၇၇၀၁၄ | ၄၉၈၄၄၆၄ | ၂၁၆၈၁၈ |
| ၂။ | အိန္ဒိယ | ၆၈၃၅၆၅၅ | ၅၈၂၇၇၀၄ | ၁၀၅၅၅၄ |
| ၃။ | ဘရာဇီး | ၅၀၀၂၃၅၇ | ၄၃၉၀၄၂၄ | ၁၄၈၃၀၄ |
| ၄။ | ရုရှား | ၁၂၆၀၁၁၂ | ၁၀၀၂၃၂၉ | ၂၂၀၅၆ |
| ၅။ | ကိုလံဘီယာ | ၈၇၇၆၈၃ | ၇၇၃၉၇၃ | ၂၇၁၈၀ |
| ၆။ | စပိန် | ၈၇၂၂၇၆ | စိစစ်ဆဲ | ၃၂၅၆၂ |
| ၇။ | ပီရူး | ၈၃၅၆၆၂ | ၇၂၃၆၀၆ | ၃၃၀၀၉ |
| ၈။ | အာဂျင်တီးနား | ၈၄၀၉၁၅ | ၆၇၀၇၂၅ | ၂၂၂၂၆ |
| ၉။ | မက္ကဆီကို | ၇၉၉၁၈၈ | ၅၆၀၈၉၅ | ၈၂၇၂၆ |
| ၁၀။ | တောင်အာဖရိက | ၆၈၅၁၅၅ | ၆၁၈၁၂၇ | ၁၇၂၄၈ |

## ကိုဗစ်လူနာများ ကုသပေးနေသည့် ရေဝတီစင်တာများတွင် အသုံးပြုရန် လွယ်ဟိန်းကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ Alpine သောက်ရေသန့်များ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၈

လွယ်ဟိန်းကုမ္ပဏီသည် ကိုဗစ်လူနာများအား ကုသပေးလျက်ရှိသည့် ရေဝတီစင်တာများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ Alpine သောက်ရေသန့်များကို အောက်တိုဘာ ၈ ရက်က သွားရောက်လှူဒါန်းသည်။

ကိုဗစ်ရောဂါ ကုသပေးနေသည့် ရေဝတီစင်တာကို အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်) လေ့ကျင့်ရေးကွင်း၊ သုဝဏ္ဏဘောလုံးကွင်းရှိ လက်ရွေးစင်ကစားသမားများ နားနေဆောင်နှင့် ဘောလုံးကွင်းတို့၌ ဖွင့်လှစ်ထားပြီး လွယ်ဟိန်းကုမ္ပဏီ အနေဖြင့် ယင်းစင်တာများတွင် အသုံးပြုရန် Alpine သောက်ရေသန့်ဘူး ပေါင်း လေးသိန်းကျော်ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လွယ်ဟိန်းကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက သောက်ရေသန့်ဘူးများ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။




ရဲရင့်ရှိုင်း
ဓာတ်ပုံ - ဖိုးသော်ဇင်

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈- ၁၀ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၃၁၈၆၉ | ၂၇၄၃၁၈ | ၆၀၆၉ |
| အင်ဒိုနီးရှား | ၃၂၀၅၆၄ | ၂၄၄၀၆၀ | ၁၁၅၈၀ |
| စင်ကာပူ | ၅၇၈၄၉ | ၅၇၆၂၄ | ၂၇ |
| မြန်မာ | ၂၂၄၄၅ | ၆၃၆၆ | ၅၃၅ |
| မလေးရှား | ၁၄၃၆၈ | ၁၀၅၁၉ | ၁၄၆ |
| ထိုင်း | ၃၆၂၂ | ၃၄၃၉ | ၅၉ |
| ဗီယက်နမ် | ၁၀၉၉ | ၁၀၂၃ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၁ | ၂၇၆ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၃ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၃:၃၀)နာရီ

၁။ (၇-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၀၀) ဦး ၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း | ၂၁၇ |
| | | လှိုင်သာယာ | ၁၂၁ |
| | | အင်းစိန် | ၁၁၀ |
| | | သင်္ဃန်းကျွန်း | ၉၁ |
| | | မြောက်ဥက္ကလာပ | ၈၄ |
| | | ဒလ | ၇၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၅၁ |
| | | ဒေါပုံ | ၄၄ |
| | | ဗဟန်း | ၃၈ |
| | | မင်္ဂလာဒုံ | ၃၆ |
| | | တာမွေ | ၃၆ |
| | | ပုဇွန်တောင် | ၃၆ |
| | | ကျောက်တံတား | ၂၉ |
| | | သန်လျင် | ၂၇ |
| | | မင်္ဂလာတောင်ညွန့် | ၂၇ |
| | | ကြည့်မြင်တိုင် | ၂၂ |
| | | ဗိုလ်တထောင် | ၂၂ |
| | | စမ်းချောင်း | ၂၁ |
| | | လှိုင် | ၁၈ |
| | | အလုံ | ၁၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၄ |
| | | သာကေတ | ၁၃ |
| | | ရွှေပြည်သာ | ၁၁ |
| | | တောင်ဥက္ကလာပ | ၁၀ |
| | | ကမာရွတ် | ၉ |
| | | လမ်းမတော် | ၉ |
| | | လသာ | ၈ |
| | | ပန်းပဲတန်း | ၇ |
| | | မှော်ဘီ | ၇ |
| | | တွံတေး | ၅ |
| | | ဆိပ်ကြီးခနောင်တို | ၅ |
| | | ဒဂုံ | ၅ |
| | | ရန်ကင်း | ၄ |
| | | ခရမ်း | ၂ |
| | | ဒဂုံဆိပ်ကမ်း | ၂ |
| | | လှည်းကူး | ၁ |
| | | တိုက်ကြီး | ၁ |
| | | ကော့မှူး | ၁ |
| | | | စုစုပေါင်း ၁၂၅၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၁၀ |
| | | အောင်မြေသာစံ | ၃ |
| | | မိတ္ထီလာ | ၃ |
| | | နွားထိုးကြီး | ၂ |
| | | ပျော်ဘွယ် | ၂ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | မဟာအောင်မြေ | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | ကျောက်ပန်းတောင်း *** | ၁ |
| | | ရမည်းသင်း | ၁ |
| | | | စုစုပေါင်း ၂၅ |
| ၃။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၄ |
| | | စစ်တွေ | ၂ |
| | | တောင်ကုတ် * | ၁ |
| | | | စုစုပေါင်း ၇ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | မင်းလှ | ၁၁ |
| | | ပဲခူး | ၈ |
| | | ညောင်လေးပင် | ၂ |
| | | ရွှေကျင် | ၂ |
| | | ထန်းတပင် | ၁ |
| | | ပန်းတောင်း | ၁ |
| | | ပြည် | ၁ |
| | | ဖြူး | ၁ |
| | | | စုစုပေါင်း ၂၇ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၂၀ |
| | | ကျောင်းကုန်း | ၂ |
| | | ဝါးခယ်မ * | ၂ |
| | | ညောင်တုန်း * | ၁ |
| | | ပုသိမ် | ၁ |
| | | ဒေးဒရဲ * | ၁ |
| | | ဓနုဖြူ * | ၁ |
| | | အိမ်မဲ | ၁ |
| | | | စုစုပေါင်း ၂၉ |
| ၆။ | မွန်ပြည်နယ် | ကျိုက်ထို | ၅ |
| | | မော်လမြိုင် | ၄ |
| | | သထုံ | ၃ |
| | | မုဒုံ | ၃ |
| | | ဘီးလင်း | ၁ |
| | | ချောင်းဆုံ | ၁ |
| | | | စုစုပေါင်း ၁၇ |
| ၇။ | မကွေးတိုင်းဒေသကြီး | ပခုက္ကူ | ၁ |
| | | ဆားလင်း | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | ရေနံချောင်း *** | ၁ |
| | | | စုစုပေါင်း ၄ |
| ၈။ | နေပြည်တော် | ဇေယျာသီရိ | ၂ |
| | | ပုဗ္ဗသီရိ | ၂ |
| | | လယ်ဝေး | ၂ |
| | | ဇမ္ဗူသီရိ | ၁ |
| | | ဥတ္တရသီရိ | ၁ |
| | | တပ်ကုန်း | ၁ |
| | | | စုစုပေါင်း ၉ |
| ၉။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ရပ်စောက် | ၅ |
| | | တောင်ကြီး | ၃ |
| | | ကလော | ၁ |
| | | | စုစုပေါင်း ၉ |
| ၁၀။ | ကချင်ပြည်နယ် | မိုးညှင်း | ၁ |
| | | | စုစုပေါင်း ၁ |
| ၁၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၃ |
| | | အရာတော် * | ၁ |
| | | ဒီပဲယင်း | ၁ |
| | | ယင်းမာပင် * | ၁ |
| | | မင်းကင်း | ၁ |
| | | | စုစုပေါင်း ၇ |
| ၁၀။ | ကရင်ပြည်နယ် | ဘားအံ | ၁ |
| | | မြဝတီ | ၁ |
| | | | စုစုပေါင်း ၂ |
| ၁၀။ | ချင်းပြည်နယ် | တွန်းဇံ ** | ၁ |
| | | | စုစုပေါင်း ၁ |
| ၁၀။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | မူဆယ် | ၂ |
| | | ကျောက်မဲ | ၁ |
| | | နောင်ချို | ၁ |
| | | | စုစုပေါင်း ၄ |
| | (၇-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၀၀) ဦး |

* ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူ ဖြစ်ပါသည်။

** ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူ ဖြစ်ပါသည်။

*** ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အသွားအလာကန့်သတ်ထားရှိသူ ဖြစ်ပါသည်။

မှတ်ချက်။ (၇-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၀၀) ဦးတွင် အနံ့မရရှိသူ (၁၁၃) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပြန်ကြားရေးဝန်ကြီးဌာန၏ ကိုဗစ်ထောက်ပံ့ငွေ အားကစားမီဒီယာများအဖွဲ့ချုပ်သို့ ခွဲဝေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂက ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာလအတွက် ထောက်ပံ့ခဲ့သော ငွေကျပ်သိန်း ၅၀ ထဲမှ ငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်သို့ ခွဲဝေလှူဒါန်းသည်။

အဆိုပါအလှူငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏ (ဆရာမာဂျေ) က အောက်တိုဘာ ၆ ရက်တွင် ပေးအပ်ခဲ့ရာ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဖေဒီက လက်ခံယူခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **အာကာစိုး**



## ကမ္ဘောဇဘဏ်က မာန်အောင်မြို့နှင့်တောင်ကုတ်မြို့များသို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**တောင်ကုတ် အောက်တိုဘာ ၈**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့်အလှူငွေများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် မာန်အောင်မြို့နှင့် အောက်တိုဘာ ၈ ရက်တွင် တောင်ကုတ်မြို့တို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။




အောက်တိုဘာ ၇ ရက်က မာန်အောင်မြို့ ခုတင် ၅၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ကမ္ဘောဇဘဏ်(မာန်အောင်ဘဏ်ခွဲ)တာဝန်ခံ ဦးဇော်နိုင်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံး နှာခေါင်းစည်း ၁၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၁၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ဝတ်စုံ ၃၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောမင်း နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

အောက်တိုဘာ ၈ ရက်တွင် တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ သို့ ကမ္ဘောဇဘဏ် (တောင်ကုတ်ဘဏ်ခွဲ)တာဝန်ခံ ဒေါ်ချိုမီမီခင်နှင့် ဝန်ထမ်းများက ဆေးရုံသုံး နှာခေါင်းစည်း ၁၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၁၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ဝတ်စုံ ၃၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီး အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျောက်တော်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာလှထွန်းဇော်နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်**

# ရန်ကုန်တိုင်းဒေသကြီးတွင် လက်ရှိဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ဆန်းစစ်သုံးသပ်မှု စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီးတွင် လက်ရှိဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆန်းစစ်သုံးသပ်မှုအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် Videoconferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်စုံဆန်းစစ်သုံးသပ်မှုများပြုလုပ်ခြင်းနှင့် ရှေ့ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကိုတွက်ဆကာ နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များကို မွမ်းမံပြင်ဆင်မှုများပြုလုပ်ရန်အတွက် ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြောင်းလဲလျက်ရှိသည့် အခြေအနေအရပ်ရပ်၊ ဝန်ကြီးဌာနမှ ရရှိသော အရင်းအမြစ်နှင့် လုပ်ဆောင်နိုင်သည့် အတိုင်းအတာတို့အပေါ်မူတည်၍ နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များကို တစ်သမတ်တည်းမဟုတ်ဘဲ မွမ်းမံပြောင်းလဲဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းလမ်းညွှန်များကိုလည်း နောက်ဆုံးတွေ့ရှိချက်အသစ်များ၊ ပြောင်းလဲလာသည့် အခြေအနေများနှင့်အညီ အမြဲဆန်းစစ်မွမ်းမံလျက်ရှိပါကြောင်း။

## ပိုမိုတိုးမြှင့်လုပ်ဆောင်

ယခုအခါ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများကို Cobas 6800 စက်များ၊ RT PRC စက်များ၊ GeneXpert စက်များနှင့် စစ်ဆေးခြင်းအပြင် Rapid Antigen Diagnostic Test Kit များဖြင့် စစ်ဆေးခြင်းများကိုပါ ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိရာ ယခုရက်ပိုင်းတွင် ရောဂါပိုးရှိသူအရေအတွက် ပိုမိုတွေ့ရှိလာမည်ဖြစ်ကာ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေခြင်းလုပ်ငန်းများ ပိုမိုထိရောက်လာမည် ဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါထိန်းချုပ်မှုများ ပိုမိုထိရောက်မည်ဖြစ်ပါကြောင်း၊ လူနာများလွှဲပြောင်းပို့ဆောင်မှု၊ အသွားအလာကန့်သတ်ခံထားသူများအား စိစစ်ခွဲခြားသတ်မှတ်ထားရှိခြင်း၊ အသွားအလာကန့်သတ်ခံထားသူများနှင့် စောင့်ကြည့်လူနာများ၏ အခြေအနေနှင့် ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုကုသမှုပေးခြင်း၊ အသွားအလာကန့်သတ်ရာနေရာများတွင် နာတာရှည်ရောဂါအခံရှိသူများအား ရောဂါအခြေအနေစောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လုပ်ငန်းအဆင့် (flowchart) များကို ပြုစုဖြန့်ဝေခြင်း၊ စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်မှုခံထားသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အန္တရာယ်ရှိသည့် ရောဂါလက္ခဏာများနှင့် ထိုသို့ရောဂါလက္ခဏာတစ်မျိုးမျိုးဖြစ်ပွားပါက အကြောင်းကြား ဆက်သွယ်ရမည့်သူ စသည့်အချက်အလက်များကို ၎င်းတို့ထံဖြန့်ဝေထားခြင်း၊ ဓာတ်ခွဲအဖြေများ အချိန်မီရရှိခြင်း၊ ကုသမှုပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များ အချိန်နှင့်တစ်ပြေးညီချမှတ်ခြင်းနှင့် ကုသမှုပိုင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများအား လူနာများအား ကုသမှုပေးနေသူများထံ ဖြန့်ဝေခြင်းတို့သည် အထူးအရေးကြီးပါကြောင်း။

## လိုအပ်ချက်ကို ကြိုတင်တွက်ဆထား

အဆိုပါအချက်များအား ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာနများနှင့် ဆေးရုံများအနေဖြင့် ဆေးဝါးပြတ်လပ်မှုမရှိစေရေး လိုအပ်ချက်ကို ကြိုတင်တွက်ဆထားရှိကာ တောင်းခံခြင်းနှင့် အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ တောင်းခံခြင်းတို့ကို တယ်လီဖုန်း၊ အီးမေးလ်တို့ဖြင့် ချက်ချင်းအကြောင်းကြားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အောက်ဆီဂျင်မပြတ်လပ်စေရေးအတွက် ဆေးရုံများတွင် ပိုက်လိုင်းများတပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး အောက်ဆီဂျင်ထုတ်လုပ်သူများနှင့် ကြိုတင်စာချုပ်ချုပ်ဆို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ဆေးရုံများတွင် ကြပ်မတ်ကုသရန် လိုအပ်သူများအတွက် High Dependency Unit များနှင့် အထူးကြပ်မတ်ကုသဆောင်များ တိုးချဲ့ပြင်ဆင်နေခြင်းသည် ကောင်းမွန်ပြီး လိုအပ်သည့် ပံ့ပိုးမှုများအား ချက်ချင်းတောင်းခံရန်ဖြစ်ကာ ချက်ချင်းပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ရောဂါပြန့်ပွားကူးစက်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် သံသယလက္ခဏာရှိသူများအနေဖြင့် သက်ဆိုင်ရာသို့ ကိုယ်တိုင် ဖုန်းသတင်းပေးပို့ခြင်း (self-reporting) ကို လုပ်ဆောင်ရန် အရေးကြီးမှု၊ ထိုသို့ဆောင်ရွက်ကြရန်အတွက် အသိပညာပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ကာ ၎င်းတို့အား Rapid Antigen Diagnostic Test Kit ဖြင့် စစ်ဆေးပေးခြင်း၊ အိမ်တွင် အသွားအလာကန့်သတ်ခြင်း၊ သတ်မှတ်နေရာအဆောက်အအုံတွင် အသွားအလာကန့်သတ်ခြင်း၊ ပြည်သူလူထုအခြေပြုကာ သတ်မှတ်နေရာ အဆောက်အအုံများတွင် အသွားအလာကန့်သတ်ခြင်းတို့အား ဆုံးဖြတ်လုပ်ဆောင်ရန်နှင့် ကုသမှုလိုအပ်သူများကို စောင့်ကြပ်ကြည့်ရှုကုသမှုပေးရန် အစီအစဉ်၊ ဖျားနာလူနာကုဆေးခန်းများကို ပိုမိုစနစ်ကျစွာဖြင့် ပြင်ဆင်နိုင်ရေး အစီအစဉ်ရေးဆွဲနေမှုတို့ကိုလည်းကောင်း။

ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ လူနာများထားရှိရန် လူနာဆောင်နှင့် အထူးကြပ်မတ်ကုသဆောင်များ ပြင်ဆင်ပြီးစီးမှုအခြေအနေနှင့် Portable X-ray စက်များ လိုအပ်မှုနှင့် လူနာများ၏ အချက်အလက်များကို ကွန်ပျူတာစနစ်ဖြင့် ဖြည့်သွင်းရန် စီစဉ်ထားရှိမှုကိုလည်းကောင်း။

ဆေးတက္ကသိုလ်(၁)၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများနှင့် ကုသရေးဌာနများတွင် ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် အကန့်အသတ်ရှိမှု၊ ကိုဗစ်-၁၉ ကုသရေးဌာနများ ယခုထက်ထပ်မံတိုးချဲ့ရန် သင့်/ မသင့် စဉ်းစားသုံးသပ်ရန် လိုအပ်မှု၊ ဆေးရုံနှင့် အသွားအလာကန့်သတ်ရာနေရာများမှ အချက်အလက်များကို ကွန်ပျူတာစနစ်ဖြင့် ဖြည့်စွက်ပေးရန်အတွက် စေတနာ့ဝန်ထမ်းများနှင့် ချိတ်ဆက်ထားရှိမှုနှင့် ကျန်းမာရေးဝန်ထမ်းများကို အသက်ရှူစက်အသုံးပြုမှု မွမ်းမံသင်တန်းနှင့် PPE စနစ်တကျဝတ်ဆင်အသုံးပြုမှု မွမ်းမံသင်တန်းများ ပေးအပ်နေမှုတို့ကိုလည်းကောင်း။

ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာ သီတာလှက ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ ကုသရေးဌာနများနှင့် ဆေးရုံများတွင် လူနာများ လက်ခံကုသမှုပေးခဲ့သည့် အခြေအနေနှင့် လက်ရှိတွင် ကုသမှုပေးနေသည့် လူနာအရေအတွက်၊ သဃ်န်းကျွန်း ပြည်သူ့ဆေးရုံနှင့် အင်းစိန်ပြည်သူ့ဆေးရုံတို့တွင် လုံခြုံရေးအတွက် ပြင်ပကုမ္ပဏီအား ငှားရမ်းခြင်း သက်တမ်းတိုးမြှင့်ရန်နှင့် အသစ်ခေါ်ယူရန်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် အချက်အလက်များ ဖြည့်စွက်ရန်အတွက် Mobile Tablet များ ဖြန့်ဝေထားသည့် အစီအစဉ်တို့ကိုလည်းကောင်း။

ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်က လက်ရှိတွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှု အမျိုးမျိုးဆောင်ရွက်နေမှု၊ Rapid Antigen Diagnostic Test Kit ဖြင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်အား မြို့နယ်များတွင် အသုံးပြုရန်အတွက် မွမ်းမံပြင်ဆင်နေမှုနှင့် RT PCR စက် သုံးလုံး တိုးချဲ့တပ်ဆင်နိုင်ရန် တင်ဒါခေါ်ယူဆောင်ရွက်နေမှုတို့ကို လည်းကောင်း။

ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်) ဒေါက်တာ ထွန်းတင်က Rapid Antigen Diagnostic Test Kit များကို ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွင် အရေအတွက်တိုးမြှင့် ဖြန့်ဝေပေးရန်လိုအပ်မှုကိုလည်းကောင်း တင်ပြကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခြင်းနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

## လုံလောက်စွာ ပံ့ပိုးပေးသွားမည်

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့ထားသည့် ကိုဗစ်-၁၉ လူနာဆောင်အတွက် လိုအပ်သည့် Portable X-ray စက်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက Remdesivir ဆေးနှင့် အခြားလိုအပ်သော ဆေးဝါးများကို လုံလောက်စွာပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက သဃ်န်းကျွန်းပြည်သူ့ဆေးရုံနှင့် အင်းစိန်ပြည်သူ့ဆေးရုံတို့တွင် လုံခြုံရေးအတွက် ပြင်ပကုမ္ပဏီအား ငှားရမ်းခြင်းအား သက်တမ်းတိုးမြှင့်ရန်နှင့် အသစ်ခေါ်ယူရန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဖြည့်ဆည်းပေးခဲ့ကာ လုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ ကိုက်ညီဆီလျော်မှုသာမက ကပ်ရောဂါဗေဒ သဘောတရား၊ အရင်းအမြစ်များ ရရှိမှုအခြေအနေနှင့် လက်တွေ့လုပ်ဆောင်နိုင်သည့် အတိုင်းအတာတို့ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကပ်ရောဂါဖြစ်စဉ်တွင် လုပ်ငန်းအလိုက် မည်သူကဆောင်ရွက်သည်ဖြစ်စေ ပြည်သူများအကျိုးအတွက်ဟူသည့် တူညီသည့် ဦးတည်ချက်တစ်ခုအတွက် ဆောင်ရွက်နေကြခြင်းဖြစ်သည်ဟု သဘောထားကာ သတင်းအချက်အလက်များ မျှဝေခြင်း၊ စနစ်တကျ ချိန်သားကိုက် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ကြစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပွဲတော် ပြသမည်

**နေပြည်တော် အောက်တိုဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် နှစ်(၁၀၀)ပြည့် မြန်မာ့ရုပ်ရှင်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်ကို အောက်တိုဘာလ ၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

အွန်လိုင်းရုပ်ရှင်ပွဲတော်ကို ခေတ်အဆက်ဆက် ရိုက်ကူးပြသခဲ့ကြသည့် မြန်မာ့ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အနုပညာစွမ်းပကားကို ပြန်လည်ခံစားသိမြင်စေရန်၊ မြန်မာ့ရုပ်ရှင်ကို နှစ်သက်သည့် ပြည်တွင်းပြည်ပမှ ရုပ်ရှင်ပရိသတ်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ဇာတ်ကားများ ရွေးချယ်ကြည့်ရှုနိုင်စေရန်နှင့် ရုပ်ရှင်ချစ်ပရိသတ်များအား ကိုဗစ် -၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ မိမိတို့နေရာအသီးသီးတွင် လုံခြုံကျန်းမာဘေးကင်းစွာ ကြည့်ရှုနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များအရ ရုပ်ရှင်ရုံကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ ပြသပေးနိုင်ခြင်းမရှိပါသဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်အဖြစ် စီစဉ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

ယင်းအွန်လိုင်းရုပ်ရှင်ပွဲတော်တွင် Mahar Mobile Application ဖြင့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၂၅၀၀ ကျော်ကို Promo Code (102020) ဖြင့် အောက်တိုဘာ ၈ ရက်နေ့မှ ၃၁ ရက်နေ့အထိလည်းကောင်း၊ Cookie Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားပေါင်း ၅၀ ကျော်၊ ရုပ်သံလိုင်းပေါင်း ၅၀ ကျော်နှင့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် Movie Album များကို Promo Code (MMFILM 100) ဖြင့် အောက်တိုဘာ ၁၃ ရက်နေ့မှ ၃၁ ရက်နေ့ အထိလည်းကောင်း၊ Pyone Play Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကား ၃၀ နှင့် ဇာတ်လမ်းတွဲများအားလည်းကောင်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

## စစ်တွေနှင့်ပေါက်တောမြို့နယ်များ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ဆောင်ရွက်ပြီးစီး

**စစ်တွေ အောက်တိုဘာ ၈** – ကိုဗစ်ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူများ၊ အသေးစားစိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်ကွက်ငယ်တောင်သူများ၊ သွင်းအားစုရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအား စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စစ်တွေခရိုင်အတွင်းရှိ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု ၁၀၀ ရာခိုင်နှုန်းအထိ ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# မကြာမီဖွင့်လှစ်တော့မည့် ICU / HDU ရောဝတီစင်တာသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှု ကုန်ကျစရိတ်အတွက် ရောဝတီဘဏ်နှင့် မက်စ်မြန်မာအုပ်စုတို့က ငွေကျပ် သိန်း ၁၅၀၀၀ ထပ်မံမတည်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၈

ကိုဗစ်-၁၉ ရောဂါ အရေးပေါ်လူနာများထားရှိမည့် ICU/HDU ရောဝတီစင်တာ၏ ကုန်ကျစရိတ်အတွက် ရောဝတီဘဏ်နှင့် မက်စ်မြန်မာအုပ်စုတို့က ငွေကျပ် သိန်း ၁၅၀၀၀ ထပ်မံမတည်လှူဒါန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများသည် အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက မကြာမီဖွင့်လှစ်မည့် ၇၅ ခုတင်ဆံ့ ICU/HDU ရောဝတီစင်တာသို့ လာရောက်ကြည့်ရှုစစ်ဆေးပြီး ရောဝတီဘဏ်နှင့် မက်စ်မြန်မာအုပ်စုတို့က လှူဒါန်းသည့် မတည်အလှူငွေများကို လက်ခံရယူသည်။ (ယာပုံ) တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ICU/HDU ရောဝတီစင်တာအတွင်း လိုက်လံကြည့်ရှုစစ်ဆေးရာ ရောဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်က ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ICU/HDU အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တတ်စွမ်းသမျှ ပံ့ပိုးပေးလျက်ရှိပြီး ထပ်မံလိုအပ်ချက်များဖြစ်သော စက်ပစ္စည်း၊ ဆေးဝါးနှင့် ကာကွယ်ရေးပစ္စည်းများ၊ အောက်ဆီဂျင်စက်များကို ပြည်တွင်းပြည်ပမှ ဝယ်ယူဖြည့်တင်းလျက်ရှိရာ ကုန်ကျစရိတ် များပြားသည့်အတွက် ရောဝတီဖောင်ဒေးရှင်းသို့ ရောဝတီဘဏ်လီမိတက်က ငွေကျပ်သိန်း ၁၀၀၀၀၊ မက်စ်မြန်မာ ကုမ္ပဏီအုပ်စုက ငွေကျပ်သိန်း ၅၀၀၀ ထပ်မံမတည်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ICU/HDU ကို ဆရာကြီး ပါမောက္ခ ဒေါက်တာဇော်ဝေစိုး ကိုယ်တိုင် အနီးကပ်ကြပ်မတ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မေ့ဆေးဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြစိုးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ရောဝတီဖောင်ဒေးရှင်းမှ ဒေါက်တာ အောင်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၁၅၀ ကျော်တို့က စက်ပစ္စည်းကိရိယာစုံလင်စွာဖြင့် အရေးပေါ်လူနာများကို အနီးကပ်ကြပ်မတ်ကုသပေးနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် HDU ခုတင် ၅၀ အဆောင်သစ်တစ်ခုကိုလည်း ဒုတိယအဆင့်အနေဖြင့် ဆောက်လုပ်လျက်ရှိပြီး ICU/HDU ၁၂၅ ခုတင်အထိ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး**




# လဟယ်မြို့တွင် နန့်စလိန်ကွန်ကရစ်ကြိုးတံတားတည်ဆောက်နေ

လဟယ် အောက်တိုဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နန့်စလိန်ကြိုးတံတားတစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)က တာဝန်ယူ၍ တည်ဆောက်လျက်ရှိပြီး တံတားအရှည်ပေ ၂၅၀ ကို ၂၀၁၉ ခုနှစ်က ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ပေးခဲ့ဖူးသည်ဟု သိရသည်။

ယခုကြိုးတံတားကို ခန္တီး၊ ဆင်သေ၊ လဟယ်လမ်းပိုင်း မိုင်တိုင်အမှတ် (၂၄/၅-၂၄/၆) ကြားတွင် တည်ရှိသော နန့်စလိန် ကြိုးတံတားဟောင်းတည်ရှိရာဘေးတွင် တည်ဆောက်နေခြင်းဖြစ်ပြီး အရှည်ပေ ၃၃၀ သံမဏိ၊ သံပြား၊ ရက်မ နှစ်လမ်းသွားကားလမ်းပါသော ကွန်ကရစ်အမျိုးအစားဖြစ်သည်။ စီမံကိန်းတံတားတန်ဖိုးမှာ ငွေကျပ်သန်း ၁၆၀၀ ဖြစ်ပြီး ယခုအခါ တံတားတစ်စင်းလုံးတည်ဆောက်ခြင်းလုပ်ငန်းမှာ ၅၆ ရာခိုင်နှုန်းပြီးနေပြီဖြစ်သည်။ (ယာပုံ)




နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့် ၄၃၁၄ ပေရှိပြီး လူဦးရေမှာ မြို့ပေါ်နေထိုင်သူ ၅၁၁၅ ဦး၊ ကျေးလက်နေ ၅၁၄၀၇ ဦး ရှိသည်။ နန့်စလိန်တံတားကြီး ပြီးစီးသွားပါက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့အပါအဝင် နာဂတောင်တန်းဒေသကြီး တစ်ခုလုံးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ဒေသခံတိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**

❋ *ကျောဖုံးမှ*

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်းကြောင့် မိုးသည်းထန်စွာ ထစ်ချုန်းရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

● *ကျောဖုံးမှ*

အဲဗာတန်အသင်းသည် လိဂ်ဖလားကွာတားဖိုင်နယ်တွင် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ အဲဗာတန် အသင်း၏ ကစားသမားခေါ်ယူမှုတွင် ရီးမားအသင်းမှ အိုလ်စင်၊ ဝက်ဖို့ဒ်အသင်းမှ ဒူကော်ရီ၊ ရီးရဲမက်ဒရစ်အသင်းမှ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ နာပိုလီအသင်းမှ အယ်လန်း၊ မာဆေးလ်အသင်းမှ အင်ခွန်ကူတို့ကို ခေါ်ယူအားဖြည့်ထားသည့်အသင်း ဖြစ်သည်။ ထို့အပြင် အဲဗာတန်အသင်းသည် နွေရာသီအပြောင်းအရွှေ့ဈေးကွက် နောက်ဆုံးနေ့တွင် နော့ဝှစ်ချ်စီးတီးအသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ဘင်ဂေါ့ဖရေးကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ငါးနှစ်ခေါ်ယူစာချုပ် ထားနိုင်ခဲ့သေးသည်။

အဲဗာတန်အသင်းသည် အသင်းမှ ကစားသမားတစ်ဦးဖြစ်သူ သီယိုဝဲလ်ကော့ကို ဆောက်သမ်တန်အသင်းသို့ တစ်ရာသီအငှားစေလွှတ်ခဲ့သည်။ မိခင်နိုင်ငံ အင်္ဂလန်အသင်းအတွက် ၄၇ ပွဲ ပါဝင်ကစားထားသော ဝဲလ်ကော့သည် ၂၀၀၆ ခုနှစ်၌ အာဆင်နယ်အသင်းသို့မပြောင်းရွှေ့မီ ဆောက်သမ်တန်အသင်းတွင် ၎င်း၏ ကစားသမားဘဝကို စတင်ခဲ့ကြောင်း သိရသည်။ ၎င်းသည် အာဆင်နယ်အသင်းတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကစားခဲ့ပြီး ပြိုင်ပွဲစုံ ၃၉၇ ပွဲတွင် ၁၀၈ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ အဲဗာတန်အသင်း၏ ယခုနှစ်ရာသီ ဂိုးအများဆုံးသွင်းယူထားသူများအဖြစ် ကားဗက်လီဝင်က ကိုးဂိုးဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်နေပြီး ၎င်းနောက်တွင် ရစ်ချက်လီဆန်က လေးဂိုး သွင်းပြီး နှစ်ဂိုး ဖန်တီးပေးထားနိုင်သည်။ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က သုံးဂိုးသွင်းယူပေးထားပြီး ဂိုးရရှိအောင် သုံးကြိမ် ဖန်တီးပေးထားနိုင်သည်။

အဲဗာတန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၇ ရက်တွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ လီဗာပူးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၄) တွင် အက်စ်တွန်ဗီလာအသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အံ့အားသင့်ဖွယ် ရှုံးနိမ့်ထားသည့် အသင်းဖြစ်သည်။ ထို့အပြင် လီဗာပူးအသင်းသည် ပရီမီယာလိဂ်တွင် လေးပွဲကစားထားရာ ရဂိုး ၁၁ ရှိပြီး ပြန်လည်ပေးခဲ့ရသည့် ဂိုးကလည်း ၁၁ ဂိုးအထိ ရှိနေသည်။

**အောင်ဇော်**

# ရွေးကောက်ပွဲကာလတွင် တာဝန်ထမ်းဆောင်မည့် အထူးရဲတပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးအားပေး

မလှိုင် အောက်တိုဘာ ၈

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် လာမည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် အထူးရဲတပ်ဖွဲ့ဝင်များအား မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်အေး၊ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းဟန်ဦးတို့က အောက်တိုဘာ ၂ ရက်က လာရောက်ကြည့်ရှုစစ်ဆေး အားပေးသည်။ (ဝဲပုံ)



သင်တန်းသားများအား ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးက လိုက်နာရန် စည်းကမ်းချက်များ၊ ထမ်းဆောင်ရမည့် တာဝန်များကို ရှင်းလင်းပြောကြားကာ သင်တန်းသားများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

မလှိုင်မြို့နယ်တွင် မဲရုံပေါင်း ၂၁၀ ရှိသဖြင့် ရွေးကောက်ပွဲကာလတွင် တာဝန်ထမ်းဆောင်ရန် အထူးရဲ ၂၁၀ ခန့်အပ်ထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။ အထူးရဲတပ်ဖွဲ့ဝင်များ၏ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၂၈ ရက်အထိ သင်တန်းပို့ချပေးသွားမည် ဖြစ်ကြောင်းနှင့် အထူးရဲသင်တန်းသားများမှာ သန္ဓေရဲတပ်ဖွဲ့ဝင်များ၏ အခြေခံလစာ အပြည့်အဝရရှိပြီး ယူနီဖောင်းအပြင် စားစရိတ် တစ်ရက်လျှင် ငွေကျပ် ၁၈၀၀ အား ပံ့ပိုးပေးထားကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များအား ကိုဗစ်-၁၉ ကာလ ထိစပ်မှုမဖြစ်စေရန် တိုင်းဒေသကြီးအစိုးရမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် နှာခေါင်းစည်း သုံးခုနှင့် လက်သန့်ဆေးရည်တို့ကို အပြည့်အဝထောက်ပံ့ထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

❍ *ကျောဖုံးမှ*

ငွေကျပ် ၂၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး သူနာပြုဆရာ/ဆရာမများအား ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှနှင့် တာဝန်ရှိသူများက အားပေးနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကုသရေးဌာနသို့ သွားရောက်အားဖြည့်တာဝန်ထမ်းဆောင်ပေးကြမည့် သူနာပြုဆရာ / ဆရာမများမှာ မြစ်ကြီးနားပြည်သူ့ဆေးရုံမှ ခုနစ်ဦး၊ မြစ်ကြီးနား မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ တစ်ဦး၊ တနိုင်းမြို့နယ်ပြည်သူ့ဆေးရုံမှ တစ်ဦး၊ ဝိုင်းမော်မြို့နယ် ဆဒုံးတိုက်နယ်ဆေးရုံမှ နှစ်ဦး၊ ဗန်းမော်ပြည်သူ့ဆေးရုံမှ ၁၀ ဦး စုစုပေါင်း ၂၁ ဦးတို့က သွားရောက်ကူညီအားဖြည့် တာဝန်ထမ်းဆောင်ပေးကြမည် ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်စိုး(မြန်/ဆက်)**

# အီတလီ၌ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ ပြန်လည်ချမှတ်ပြီး နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာထားသည့်အချိန်ထပ်တိုး

ရောမ အောက်တိုဘာ ၈

**အီတလီနိုင်ငံတွင် မည်သည့်နေရာ၌မဆို နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် အမိန့်ထုတ်ပြန်ချက်အပါအဝင် ကိုဗစ်–၁၉ တိုက်ဖျက်ရေးဆိုင်ရာ တင်းကျပ်သော အစီအမံများ ချမှတ်ဆောင်ရွက်မှုကို အောက်တိုဘာ ၈ ရက်မှစတင်ကာ ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။**

မကြာသေးမီ ရက်သတ္တပတ်များအတွင်း အီတလီ၌ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်ဖြစ်ပွားလာသည့် အခြေအနေကို ထိန်းချုပ်ရန် ကြိုးပမ်းသည့်အနေဖြင့် တင်းကျပ်သည့်အစီအမံများပြန်လည်လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃၁ ရက်မတိုင်ခင် ကိုဗစ်–၁၉ ဆိုင်ရာ အစီအမံများပြန်လည်ချမှတ်ဆောင်ရွက်ရန် အမိန့်တစ်ရပ်ကို အစိုးရအဖွဲ့က အတည်ပြုလိုက်သည့် အစည်းအဝေးအပြီးတွင် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက ထိုသို့ ကြေညာလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အီတလီနိုင်ငံတွင် အောက်တိုဘာ ၆ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူအရေအတွက် ၁၂၇၀၀ တွေ့ရှိခဲ့ရာမှ အောက်တိုဘာ ၇ ရက်တွင် ထပ်မံကူးစက်ခံရသူ ၆၂၅၇၆ ဦးအထိ ထပ်တိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်သည့် နောက်ဆုံးရသတင်းအချက်အလက်များအရ သိရသည်။

အီတလီတစ်နိုင်ငံလုံး ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်စုစုပေါင်းမှာ ၃၃၃၉၄၀ ရှိပြီဖြစ်ပြီး သေဆုံးသူ အရေအတွက် စုစုပေါင်း ၃၆၀၆၁ ဦးရှိကာ ရောဂါပျောက်ကင်းသွားသူ ၂၃၅၃၀၃ ဦးရှိကြောင်း သိရသည်။

ကိုဗစ်–၁၉ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များ တင်းကျပ်စွာ ပြန်လည်ချမှတ်မှုနှင့်အတူ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားမှုကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆက်လက်ထားရှိရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ဆင်ဟွာ



အီတလီပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

## ဆူဇူကီး ကုမ္ပဏီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုမည့် စက်တစ်မျိုးတီထွင်

**တိုကျို အောက်တိုဘာ ၈**

ဂေဟာစနစ်ကို အန္တရာယ်ဖြစ်စေနိုင်သည့် မိုက်ခရိုပလတ်စတစ်ခေါ် သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှားများကိုကောက်ယူစုဆောင်းပေးနိုင်သည့် ရေယာဉ်ပဲ့ချိတ်မော်တာတစ်မျိုးကို ဂျပန်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ဆူဇူကီးက တီထွင်လိုက်ကြောင်း သိရသည်။

ဆူဇူကီးကုမ္ပဏီသည် ပလတ်စတစ်အမှိုက်များကြောင့် ရေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းနိုင်မည့်နည်းလမ်းကို ရှာဖွေရန် နှစ်များစွာကြာအောင် လေ့လာခဲ့သည်ဟု ဆိုသည်။ စက်များကို အအေးပေးရန် ရေတန်ချိန်ပေါင်းများစွာ စုပ်ယူသည့် အဆိုပါမော်တာစက်ကို ကုမ္ပဏီက အာရုံစိုက်ခဲ့သည်။ အဆိုပါစက်ကို ရေပြန်ထုတ်သည့်နေရာတွင် တပ်ဆင်ထားပြီး အမှိုက်များကို စစ်ထုတ်ပေးကြောင်း သိရသည်။

မော်တော်ဘုတ် ပြေးဆွဲရုံဖြင့် အဆိုပါစက်က ရေမျက်နှာပြင်တစ်ဝိုက်ရှိ ပလတ်စတစ်အမှုန်အမွှားများကို စုပ်ယူနိုင်ကြောင်း ကုမ္ပဏီက ပြောသည်။ အောက်တိုဘာ ၆ ရက်က ရှီဇူအိုကာခရိုင်ရှိ ဟာမာနာ ရေကန်၌ အဆိုပါစက်ကို စမ်းသပ်ခဲ့ရာ စက်က ပလတ်စတစ်အမှုန်အမွှားများ၊ ရေညှိ၊ သဲနှင့် အခြားအရာများကို စုပ်ယူခဲ့သည်။




ဆူဇူကီးကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်သည့် ပလတ်စတစ်အမှုန်အမွှားများ ကောက်ယူနိုင်သည့် စက်ကို တွေ့ရစဉ်။

အဆိုပါစက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ကြောင်း ရေလုပ်ငန်းဆိုင်ရာအကြီးအကဲ အိုဆာဝါ ယာစူဟာရူက ပြောကြားခဲ့သည်။ လာမည့်နှစ်တွင် အဆိုပါ စက်ကို ဈေးကွက်တင်နိုင်ရန် ဆူဇူကီးကုမ္ပဏီက မျှော်လင့်ထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ဥရောပတွင် ကိုဗစ်-၁၉ကူးစက်ခံရသူ ခြောက်သန်းကျော်ရှိလာပြီးနောက် စကော့တလန်နှင့်ဘရပ်ဆဲလ်တို့တွင် ဘားများပိတ်

**ပါရီ အောက်တိုဘာ ၈**

ဥရောပတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ခြောက်သန်းကျော်ရှိလာပြီး စကော့တလန်နှင့် ဘရပ်ဆဲလ်တို့တွင်လည်း အောက်တိုဘာ ၇ ရက်မှစတင်ကာ အရက်သောက်သုံးမှုကို ဟန့်တားသည့် စည်းကမ်းများထုတ်ပြန်ခဲ့သည်။ ဂလက်စဂိုနှင့် အီဒင်ဘတ်မြို့တို့ အပါအဝင် စကော့တလန်အလယ်ပိုင်းတွင် အရက်ဆိုင်များကို နှစ်ပတ်ကြာပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့ပြီး ကူးစက်မှုတိုးလာနေသည့်အန္တရာယ်ကို တုံ့ပြန်နိုင်ရေး လုပ်ဆောင်မှုတစ်ရပ်ဟု စကော့အစိုးရ အဖွဲ့ခေါင်းဆောင် နီကိုလာစတာ့ဂျင်က ပြောသည်။

ဘရပ်ဆဲလ်မြို့တွင်လည်း နိုဝင်ဘာ ၈ ရက်မတိုင်ခင်အထိ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် အရက်သောက်သုံးခြင်း၊ ဘားများဖွင့်လှစ်ခြင်းကို တားမြစ်သွားမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဘားများနှင့် ကော်ဖီဆိုင်များကို နှစ်ပတ်ကြာပိတ်ရန် အမိန့်ထုတ်ခဲ့ပြီး ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင်လည်း ပြီးခဲ့သည့် ၂၄ နာရီအတွင်းကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၀၀၀ တွေ့ရှိခဲ့ပြီး ယင်းပမာဏသည် ဧပြီ ၁ ရက်နောက်ပိုင်း အများဆုံး ကူးစက်ခံရသည့်ပမာဏလည်းဖြစ်သည်။

အီတလီနိုင်ငံတွင်လည်း နိုင်ငံတစ်ဝန်း နှာခေါင်းစည်းဝတ်ဆင်ရန် အမိန့်ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာမှုကို လာမည့်နှစ် ဇန်နဝါရီ ၃၁ ရက်ထိ တိုးမြှင့်ခဲ့သည်။

ဥရောပတွင် ကိုဗစ် –၁၉ကူးစက်ခံရသူပေါင်း ၆၀၃၈၉၀ ရှိလာပြီး သေဆုံးသူပေါင်း ၂၃၇၉၆၇ ဦး ရှိသည်ဟု အေအက်ဖ်ပီ၏ တွက်ချက်မှုအရ သိရသည်။ အဆိုးရွားဆုံး ကူးစက်ခံရသည့် ဥရောပနိုင်ငံမှာ ရုရှားဖြစ်ပြီး ယင်းနောက်တွင် စပိန်၊ ပြင်သစ်နှင့် ဗြိတိန်တို့က အစဉ်လိုက်စီ ရပ်တည်နေကြသည်။

**အေအက်ဖ်ပီ**



ပါရီမြို့မှ စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

## ကပ်ရောဂါပျံ့နှံ့မှုကြောင့် ကလေးအသေမွေးခြင်းများ ပိုမိုဖြစ်လာနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး သတိပေး

**ဂျီနီဗာ အောက်တိုဘာ ၈**

ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ကျန်းမာရေးစနစ်ကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့်အတွက် လာမည့်နှစ်တွင် နောက်ထပ်ကလေးအသေမွေးမှုပေါင်း နှစ်သိန်းဖြစ်လာနိုင်သည်ဟု ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီနှင့် အခြားသောအဖွဲ့အစည်းများက သတိပေးခဲ့သည်။

ယူနီဆက်နှင့် အခြားသောအဖွဲ့အစည်းများနှင့်အတူ အောက်တိုဘာ ၈ ရက်တွင် ကမ္ဘာကျန်းမာရေး အဖွဲ့ကြီးက အစီရင်ခံစာတင်ပြခဲ့သည်။ နှစ်စဉ်နှစ်တိုင်း ခန့်မှန်းခြေအားဖြင့်ကလေးအသေမွေးမှုပေါင်း နှစ်သန်းရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးအသေမွေးမှုပေါင်း ၈၄ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

ကလေးအသေမွေးဖွားခြင်းမှ ကာကွယ်ရန် ကိုယ်ဝန်ဆောင်စဉ် သင့်လျော်သည့်ပြုစုစောင့်ရှောက်မှုများပြုလုပ်ကြ ရန် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးမှ အဆင့်မြင့်အကြံပေးတစ်ဦးဖြစ်သူ အန်ရှူးဘန်နာဂျီက တောင်းဆိုခဲ့သည်။ ဆေးဝန်ထမ်းများမှာကိုဗစ် –၁၉ တိုက်ဖျက်ရေးအတွက် တာဝန်ပေးခံထားရသဖြင့် မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုတွင် အနှောင့်အယှက်အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## တူရကီတွင် ကိုဗစ် - ၁၉ အတည်ပြုလူနာ သုံးသိန်းကျော်လွန်လာ

**အင်ကာရာ အောက်တိုဘာ ၈**

တူရကီနိုင်ငံတွင် အောက်တိုဘာ ၇ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက် အတည်ပြုလူနာ ၁၅၈၁ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ ယခုအခါတွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ အတည်ပြုလူနာစုစုပေါင်း ၃၂၉၁၃၈ ဦး ရှိလာပြီဖြစ်သည်။

ထို့အပြင် ၅၆ ဦးမှာ လွန်ခဲ့သော ၂၄ နာရီအတွင်းသေဆုံးခဲ့မှုအပါအဝင် ကိုဗစ်–၁၉ ကြောင့် စုစုပေါင်းသေဆုံးသူဦးရေမှာ ၈၆၀၉ ဦးရှိလာခဲ့သည်။ ကိုဗစ်– ၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၁၃၅၅ ဦးအပါအဝင် စုစုပေါင်း ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၈၈၉၅၄ ဦးရှိလာခဲ့ပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်–၁၉ အဆုတ်ရောင်ရောဂါအဆင့် ရောဂါဝေဒနာခံစားနေရသူပေါင်းမှာ ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ရောဂါပြင်းထန်သူပေါင်းမှာ ၁၄၁၁ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ထားသည်။

တူရကီကျန်းမာရေးကျွမ်းကျင်သူများက လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ စစ်ဆေးမှု ၁၁၆၆၀၈ခုအထိလုပ်ဆောင်ခဲ့ပြီး ယခုအချိန်အထိ ကိုဗစ်–၁၉ စစ်ဆေးမှုပေါင်း ၁၁၁၆၀၉၄၆ ခု လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တူရကီတွင် ပထမဆုံး ကိုဗစ်–၁၉ ကူးစက်မှုကို မတ်လ ၁၁ ရက်က စတင်တွေ့ရှိခဲ့သည်။

တူရကီနှင့် တရုတ်နိုင်ငံတို့သည် ကိုဗစ်– ၁၉ ကိုတိုက်ဖျက်ရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အားပေးကူညီလျက်ရှိသည်။

ဆင်ဟွာ

# မကြာမီစတင်တော့မည့် အမေရိကန် ဒုတိယသမ္မတလောင်းနှစ်ဦး စကားစစ်ထိုးပွဲမတိုင်မီ ကိုဗစ်-၁၉ စစ်ဆေးမှုခံယူခဲ့ရာ ကိုဗစ် - ၁၉ မရှိကြောင်း အဖြေထွက်



အမေရိကန် ရီပတ်ဘလစ်ကန် ဒုတိယသမ္မတလောင်း (လက်ရှိ ဒုတိယသမ္မတ) မိုက်ပန့်နှင့် ဒီမိုကရက်တစ်ပါတီ ဒုတိယသမ္မတလောင်း ကမ်မလာဟားရစ်တို့ကိုတွေ့ရစဉ်။

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ ရီပတ်ဘလစ်ကန် ဒုတိယသမ္မတလောင်း (လက်ရှိ ဒုတိယသမ္မတ) မိုက်ပန့်နှင့် ဒီမိုကရက်တစ်ပါတီ ဒုတိယသမ္မတလောင်း ကမ်မလာဟားရစ်တို့သည် ဆော့တ်လိတ်ဒ်မြို့တွင် ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ညနေ ၇ နာရီတွင် စတင်မည့် မိနစ် ၉၀ ကြာ၂၀၂၀ ဒုတိယသမ္မတလောင်း စကားစစ်ထိုးပွဲမတိုင်မီ ကိုဗစ်-၁၉ စစ်ဆေးမှုခံယူခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးစလုံးတွင် ကိုဗစ် - ၁၉ မရှိကြောင်း အဖြေထွက်ခဲ့သည်။ ပန့်နှင့်ဇနီးဖြစ်သူ ကာရန်ပန့်တို့ ဆေးစစ်ရာတွင်လည်း ကိုဗစ် - ၁၉ မရှိကြောင်း အဖြေထွက်ခဲ့သည်ဟု အိမ်ဖြူတော်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်ဇနီးတို့သည် လွန်ခဲ့သော သီတင်းပတ်က ကိုဗစ် - ၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိချိန်ကတည်းက ဒုတိယသမ္မတနှင့် ဇနီးတို့သည် နေ့စဉ် ကိုဗစ် - ၁၉ စစ်ဆေးမှုကို ခံယူခဲ့ကြောင်း သိရပြီး ရလဒ်အားလုံးမှာ ကိုဗစ် - ၁၉ မရှိကြောင်း အဖြေထွက်ခဲ့သည်။

အမေရိကန်နိုင်ငံသမ္မတအိမ်ဖြူတော်၌ ရောဂါကူးစက်မှုများ ဖြစ်ပေါ်နေစဉ်အတွင်း မိုက်ပန့်နှင့် ဟားရစ်တို့အကြား မျက်နှာချင်းဆိုင်စကားစစ်ထိုးပွဲပြုလုပ်ရန် လမ်းကြောင်း ဖြောင့်ဖြူးလျက်ရှိသည်။


အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ထိပ်တန်းအနီးကပ်အကြံပေးများဖြစ်သော ဟုပ်စ်ဟစ်နှင့် စတီဖင်မီလာတို့သည် ကိုဗစ် - ၁၉ ရောဂါကူးစက်ခံခဲ့ရပြီးနောက် အိမ်ဖြူတော်ပြန်ကြားရေးတာဝန်ခံ ကေးလိတ်ဟ်မက်အန်နက်နီနှင့် ၎င်း၏အခြားလက်ထောက်လေးဦးတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အမေရိကန်သမ္မတထရမ့်၏ ထိပ်တန်းအကြံပေး မီလာ၏ဇနီးဖြစ်သူ ဒုတိယသမ္မတမိုက်ပန့်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ကေတီမီလာသည် လွန်ခဲ့သောလက ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ပြန်လည်သက်သာကောင်းမွန်လာခဲ့သည်။

သို့သော်လည်း ခင်ပွန်းဖြစ်သူ မီလာမှာ ကိုဗစ် - ၁၉ ကူးစက်ခံထားရသောကြောင့် ၎င်းအနေဖြင့် အထူးဂရုစိုက်နေထိုင်ရတော့မည်ဖြစ်သည်။

၂၀၂၀ ဒုတိယသမ္မတလောင်းစကားစစ်ထိုးပွဲ စင်မြင့်ထက်တွင် ဟားရစ်နှင့် မိုက်ပန့်တို့သည် တစ်ဦးနှင့်တစ်ဦး ၁၂ ပေအကွာဖြင့် စကားစစ်ထိုးရမည်ဖြစ်သည်။ ထို့အပြင် နှစ်ဦးကြားတွင် မှန်အကြည် ကာရံထားမည်ဖြစ်သည်။ အဆိုပါစကားစစ်ထိုးပွဲကို အမေရိကန်နိုင်ငံ တူဒေးသတင်းစာ၏ ဝါရှင်တန်ဗျူရိုအကြီးအကဲ ဆူဆန် ပေ့ချ်က ဦးဆောင်သူအဖြစ် ဆောင်ရွက်မည် ဖြစ်သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**




တိုင်ဖွန်းချန်ဟွန်ကို ဂြိုဟ်တုပုံရိပ်မှတစ်ဆင့်မြင်ရပုံ။

# တိုင်ဖွန်းချန်ဟွန် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းသို့ မကြာမီဝင်ရောက်မည်

**တိုကျို အောက်တိုဘာ ၈**

လာမည့်ရက် အနည်းငယ်အတွင်း ချန်ဟွန်အမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းသို့ ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားသည်။

မိုးလေဝသ အရာရှိများက တိုင်ဖွန်းမုန်တိုင်းမဝင်ရောက်မီတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

မုန်တိုင်းချန်ဟွန်သည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီမာစီရင်စု၊ တာနီဂါရှီမာကျွန်း အရှေ့တောင်ပိုင်း ၃၂၀ ကီလိုမီတာအကွာတွင်ရှိကြောင်း အောက်တိုဘာ ၈ ရက် နေ့လယ်ပိုင်းတွင် ဂျပန်မိုးလေဝသ အေဂျင်စီက ပြောကြားလိုက်သည်။ အဆိုပါ မုန်တိုင်းသည် မြောက်ဘက်သို့ တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း အဆိုပါ အေဂျင်စီက ထပ်မံပြောကြားလိုက်သည်။

တိုင်ဖွန်းမုန်တိုင်း၏ အလယ်ဗဟိုလေထုဖိအားသည် ၉၇၀ ဟက်တိုပါစကယ်ရှိသည်။ မုန်တိုင်းဗဟိုချက်အနီးတွင် တစ်နာရီလျှင် လေတိုက်နှုန်း ၁၂၆ ကီလိုမီတာရှိသည်။

တိုင်ဖွန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး ဂျပန်နိုင်ငံ အနောက်ပိုင်းသို့ သောကြာနေ့ထက် နောက်မကျဘဲ ဝင်ရောက်နိုင်ကာ ဂျပန်နိုင်ငံ အရှေ့ဘက်သို့ စနေ သို့မဟုတ် ယင်းနေ့ထက် နောက်ကျပြီး ဝင်ရောက်နိုင်ကြောင်း မိုးလေဝသ အေဂျင်စီက ကြေညာထားသည်။

မုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်မှုများနှင့် လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသပညာရှင်များက ကြိုတင်ခန့်မှန်းထားသည်။

ထို့အပြင် တိုင်ဖွန်းနှင့်ဝေးကွာသည့် နေရာဒေသများတွင်လည်း မုန်တိုင်းတိုက်ခတ်သည့် အရှိန်ကြောင့် မိုးကြီးနိုင်ကြောင်း မိုးလေဝသအရာရှိများက သတိပေးထားသည်။ အဘယ်ကြောင့်ဆိုသော် မုန်တိုင်းသည် မြောက်ဘက်သို့ ရွေ့လျားနေသောကြောင့် မိုးရွာနိုင်သောလေစိုင်ဆုံများသည် ဂျပန်နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်သည်။

မိုးလေဝသအေဂျင်စီအရာရှိများက ပြည်သူများကို မုန်တိုင်းနှင့်ပတ်သက်သည့် နောက်ဆုံးသတင်းအချက်အလက်များကိုအဆက်မပြတ်လေ့လာနေကြရန် တိုက်တွန်းထားပြီး လေကြီးလှိုင်းကြီးမှုများ၊ မြေပြိုမှုများ၊ ရေကြီးမှုများကို ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားကြရန်လည်း တိုက်တွန်းလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံသည် တရုတ်နှင့် အခြားနိုင်ငံနှင့်နယ်ပယ်ဒေသ ၁၁ ခုကို လာမည့်လမှစကာ ခရီးသွားကန့်သတ်မှုများလျှော့ချပေးမည်

**တိုကျို အောက်တိုဘာ ၈**

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် အခြား နိုင်ငံနှင့်နယ်ပယ်ဒေသ ၁၁ခုကို လာမည့်လမှစကာ ခရီးသွားကန့်သတ်မှုများ လျှော့ချပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက်က သတင်းဖော်ပြလိုက်သည်။

ယိုမီယူရီရှင်ဘွန်းသတင်းစာအရ တခြားနိုင်ငံများနှင့် နယ်ပယ်ဒေသ ၁၁ ခုတို့တွင် ဩစတြေးလျ၊ နယူးဇီလန်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ် (တိုင်ပေ) တို့ ပါဝင်ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ခရီးသွားများကို မလိုအပ်ဘဲခရီးမသွားကြရန်နှင့် အရေးမကြီးသည့်ခရီးစဉ်များကို ရှောင်ရှားကြရန်တိုက်တွန်းထားကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။ ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် ခရီးသွားလာရေးဆိုင်ရာတင်းကျပ်မှုများကို ဖြေလျှော့ရန် ဆွေးနွေးမှုများအရှိန်မြှင့်လုပ်ဆောင်ရန် အစောပိုင်းက ဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ကြား စီးပွားရေးဆိုင်ရာ ခရီးစဉ်များကို ကြာသပတေးနေ့ထက် နောက်မကျစေဘဲ ပြန်လည်ဖွင့်လှစ်သွားရန် အတည်ပြုခဲ့သည်။

တိုကျိုနှင့် ဆိုးလ်ကြား သဘောတူညီချက်အရ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ၊ ကာလတိုစီးပွားရေးခရီးစဉ်များတွင် ကိုဗစ် - ၁၉ ကူးစက်မှုမရှိလျှင် သီးသန့်ခွဲခြားနေထိုင်မှုလုပ်စရာမလိုကြောင်း သိရသည်။ သို့သော်လည်း ခရီးသွားလာခွင့်နှင့်ပတ်သက်သည့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာသို့ ပြသရမည်ဖြစ်သည်။

ခိုလှုံဝင်ရောက်လာသူများနှင့် ကာလရှည်ကြာဝင်ရောက်မည့်သူများအနေဖြင့် ၁၄ ရက်ကြာသီးသန့်ခွဲခြားစောင့်ကြည့်မှု ခံယူရမည်ဖြစ်ကြောင်း သဘောတူညီချက်တွင်ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် အောက်တိုဘာ ၁ ရက်မှစကာ ကမ္ဘာတစ်ဝန်းလုံးရှိ ဂျပန်နိုင်ငံနှင့် မကင်းရာမကင်းကြောင်း နိုင်ငံခြားသားများအတွက် ပြည်ဝင်ခွင့်ကိုလျှော့ချခဲ့သော်လည်း ကမ္ဘာလှည့်ခရီးသွားများအတွက် ဝင်ခွင့်ကိုငြင်းပယ်ထားသေးကြောင်း သိရသည်။ နိုင်ငံခြားဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၊ ဆရာမများနှင့် သုံးလခန့်သာနေထိုင်မည့်သူများကို ပြည်ဝင်ခွင့်ပေးမည်ဖြစ်သလို သုံးလထက်လျော့နည်းပြီး စီးပွားရေးကိစ္စခရီးသွားလာမှုများကိုလည်း ခွင့်ပြုထားသည်။

ခွင့်ပြုချက်ရရှိသူများသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်ခြင်းမပြုမီ ကိုဗစ် - ၁၉ စစ်ဆေးမှုကို ခံယူရမည် ဖြစ်သည်။

**ဆင်ဟွာ**



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရှုမျှော်ခင်းကြည့်ရာ အာဆာကူဆာဒေသတွင်ခရီးသွားများကို အောက်တိုဘာ ၄ ရက်က တွေ့ရစဉ်။

## ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကို အစွမ်းကုန်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဂျီ-၂၀ ခရီးသွားလုပ်ငန်းဝန်ကြီးများ ကတိပြု

**ရီယာ့ဒ် အောက်တိုဘာ ၈**

ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကို အစွမ်းကုန်မြှင့်တင်တွန်းအားပေးဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာ ၇ ရက်က ကျင်းပသော ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ဗီဒီယို အစည်းအဝေးတွင် ကတိပြုခဲ့ကြသည်။

ယင်းအစည်းအဝေးကို အလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။

ခရီးသွားလုပ်ငန်းပြန်လည်နာလန်ထူရေး၊ ခရီးသွားကဏ္ဍကို အဓိကကျသည့် ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တိုးတက်အောင် ဆင့်တိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကပ်ရောဂါအလွန်ကမ္ဘာ့စီးပွားရေးလျင်မြန်စွာ ပြန်လည်နိုးထရန် ခရီးသွားကဏ္ဍကို အပြည့်အဝအားထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစည်းအဝေး၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဂျီ-၂၀ နိုင်ငံများအနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ခရီးသွားကဏ္ဍနိုးထရေးဆက်လက်တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းအပေါ် အားထားရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါရိုက်ခတ်မှုကို ဆိုးရွားစွာ ရင်ဆိုင်ခံစားခဲ့ရသော အသေးစား အလတ်စား ခရီးသွားလုပ်ငန်းများကို ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြလိုက်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်းသည် ကပ်ရောဂါသက်ရောက်မှု အဆိုးဆုံးလုပ်ငန်းများအနက် တစ်ခုဖြစ်သည်။ **ဆင်ဟွာ**

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ( ၄၁ )

# ရွေးကောက်ပွဲ၊ ကိုဗစ် - ၁၉ နှင့် ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ

မောင်စာဂ

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပါမည်။ ကိုဗစ်-၁၉ ရောဂါကလည်း မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ကူးစက်ခံနေရချိန်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းဆိုင်ရာ လုပ်ငန်းများတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ပါဝင်သောအခန်းကဏ္ဍ မည်သို့အရေးကြီးပါသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။**

## နိုင်ငံတော်ကိုစုစည်းခြင်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် စုစည်းသည်။ ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ်စုစည်းသည်။ ကျေးရွာအုပ်စုနှင့်ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် စုစည်းသည်။ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းသည်။ ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် စုစည်းသည်။

တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်ခုတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းသည်။ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ်စုစည်းသည်။

နိုင်ငံတော်စုစည်းပုံအရ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များသည် အခြေခံအကျဆုံးဖြစ်သည်။ အခြေခံအကျဆုံးဖြစ်သည့် ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များတွင် အုပ်ချုပ်ရေးမှူးများရှိသည်။ ယင်း၏အောက်တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများရှိသည်။ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများသည် ကျေးရွာသူ/ကျေးရွာသားများနှင့် ရပ်ကွက်သူ/ရပ်ကွက်သားများက သတ်မှတ်ချက်များနှင့်အညီ ဆန္ဒမဲပေး၍ ရွေးချယ်ခံထားရသူများဖြစ်ကြသည်။

ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များ၏အုပ်ချုပ်ရေးဆိုင်ရာကိစ္စအဝဝကို အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့က တာဝန်ယူ၍ စီမံခန့်ခွဲဆောင်ရွက်ကြရသည်။ ယင်းသို့ အုပ်ချုပ်ရေး ဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ကျေးရွာအုပ်စုတိုင်းနှင့် ရပ်ကွက်တိုင်း၌ စာရေးတစ်ဦးစီကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအဖြစ် ခန့်အပ်ထားရှိသည်။

## အစိုးရဆိုသည်မှာ

ရာဇသတ်ကြီးပုဒ်မ ၁၇ တွင် “ အစိုးရဆိုသည်မှာ ပြည်ထောင်စုနိုင်ငံတော်တစ်ဝန်းလုံးတွင် မည်သည့် အရပ်၌မဆို ဥပဒေအရ အုပ်ချုပ်ခွင့်အာဏာရရှိသောသူ တစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ဆိုလိုသည် ”ဟူ၍ ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များ၏ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများသည် သက်ဆိုင်ရာ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်များ၏ အစိုးရများ ဖြစ်ကြသည်။ နိုင်ငံတော်၏ အခြေခံအကျဆုံးသော အုပ်ချုပ်သူများဖြစ်သည်။

## ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မူလပထမ

နိုင်ငံတစ်ခု၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းဖို့ဆိုလျှင် ကျေးရွာများ၊ ရပ်ကွက်များက အဓိက အခြေခံဖြစ်သည်။ ကျေးရွာတိုင်းကျေးရွာတိုင်း၊ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းက သာယာအေးချမ်းနေမှသာလျှင် ထိုမြို့၊ ထိုနယ်၊ ထိုတိုင်း၊ ထိုနိုင်ငံ၊ ထိုလူ့ဘောင် အဖွဲ့အစည်းသည် အေးချမ်းသာယာမည်။ ကျေးရွာတိုင်း ကျေးရွာတိုင်း၊ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းတို့က တရားဥပဒေစိုးမိုးရေး ရှိနေမှသာလျှင် ထိုနိုင်ငံ၊ ထိုလူ့ဘောင် အဖွဲ့အစည်းသည် တရားဥပဒေစိုးမိုးနေမည်။ ထို့ကြောင့်ပင် နိုင်ငံတိုင်းနိုင်ငံတိုင်းနှင့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုတိုင်း တစ်ခုတိုင်းတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မူလပထမဖြစ်သည်ဟူ၍ ဆိုကြသည်။ အေးချမ်းသာယာသော၊ တရားဥပဒေစိုးမိုးသော ကျေးရွာများ၊ ရပ်ကွက်များဖြစ်ဖို့ဆိုလျှင် ထိုကျေးရွာများ၊ ရပ်ကွက်များကို တာဝန်ယူ၍ စီမံခန့်ခွဲအုပ်ချုပ်နေရသော အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ဆယ်အိမ်မှူးများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် များစွာတည်မှီနေပါမည်။ ကျေးရွာအုပ်စုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုစွမ်းအား အစဉ်အားကောင်း နေကြရပါမည်။

> **“ရွေးကောက်ပွဲနေ့တွင် ရပ်ကွက်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူတိုင်း မဲရုံသို့ လာရောက်မဲပေးနိုင်ရေးအတွက် ဆိုင်ရာကျေးရွာ / ရပ်ကွက်မှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက မိမိတို့အပိုင်းအလိုက် မဲဆန္ဒရှင်များအား သင့်လျော်သည့် အချိန်များ ညှိနှိုင်းပေးပြီး မဲရုံသို့ သွားရောက်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်နိုင် ပါသည်။ ယင်းသို့ စီစဉ်ပေးခြင်းဖြင့် မဲရုံတွင် လူအများစုပြုံနေခြင်း မရှိဘဲဆန္ဒမဲပေးခွင့်ရှိသူ အားလုံးချောမောအဆင်ပြေစွာ မဲပေးနိုင်ကြပါမည်”**

## ကိုဗစ်- ၁၉ နှင့် အုပ်ချုပ်ရေးမှူးများ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်အစဦးကာလမှစ၍ အုပ်ချုပ်ရေးမှူးများ၏ စီမံခန့်ခွဲစွမ်းအား ကောင်းမွန်ကြသည်ကို တွေ့မြင်ကြရသည်။ မိမိတို့၏ကျေးရွာ ၊ မိမိတို့၏ ရပ်ကွက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းမရှိစေရန် ကြိုတင်တားဆီးကာကွယ်မှုများ ပြုနိုင်ကြသည်။ မိမိတို့၏ ဒေသအခြေအနေအရ လိုအပ်သော ကြိုတင်တားဆီး ကာကွယ်ရေး နည်းလမ်းများကို အသုံးပြုကြသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်သွားလာနိုင်ကြစေရေး စီမံခန့်ခွဲမှုများပြုနိုင်ကြသည်။ ကျေးရွာသူကျေးရွာသားများ၊ ရပ်ကွက်သူရပ်ကွက်သားများ စည်းကမ်းတကျရှိစေရေး၊ ညီညီညွတ်ညွတ်ပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့ကို ဦးဆောင်ဦးရွက်ပြုနိုင်ကြသည်။ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ပူးပေါင်းပါဝင် စီမံဆောင်ရွက်နိုင်ကြခြင်းကို ဂုဏ်ယူကြရပါမည်။

## ရွေးကောက်ပွဲနှင့် အုပ်ချုပ်ရေးမှူးများ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ရွေးကောက်ပွဲ၏အခြေခံအကျဆုံးဖြစ်သော မဲစာရင်းများ ပြုစုခြင်းလုပ်ငန်းတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ခဲ့ကြရသည်။ ဤမျှနှင့် မပြီးသေးပါ။ ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် လိုအပ်သည့်အကူအညီများ ပေးနေကြရသည်။

ရွေးကောက်ပွဲတစ်ခု၏ အဓိကအခြေခံကျသော ရွေးကောက်ပွဲလုပ်ငန်းစဉ် အစကနဦး ဆောင်ရွက်ရခြင်းသည် မဲရုံများတွင်ဖြစ်သည်။ မဲရုံများသည် ကျေးရွာနှင့် ရပ်ကွက်များအတွင်းမှာပင် တည်ရှိသည်။ ယခု ရွေးကောက်ပွဲကို ကိုဗစ် - ၁၉ ရောဂါကာလတွင် ကျင်းပရပါမည်။ ဤတွင် ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် တစ်ဖက်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်နေကြရသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်သူနှင့် နိုင်ငံတော်အတွက်အရေးကြီးသော ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးစားအားထုတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

## လုပ်ငန်းလမ်းညွှန်ချက်များ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လိုအပ်သော လမ်းညွှန်ချက်များကို အချိန်အခါနှင့်အညီ ထုတ်ပြန်ပေးလျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁) ကိုလည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသည့်အခါ မဲရုံပြင်ဆင်ခြင်းလုပ်ငန်းများတွင် လိုက်နာရန် အချက်များနှင့် မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများ၊ မဲရုံးကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ ရွေးကောက်ပွဲလေ့လာသူများ၊ မဲဆန္ဒရှင်များ ဆက်စပ်ပါဝင်သက်ဆိုင်နေသူများလိုက်နာရန် အချက်များ စံလုပ်ငန်းလမ်းညွှန်အပိုင်း(၂)ကိုလည်းကောင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

## ကော်မရှင်အဖွဲ့ခွဲများနှင့်အုပ်ချုပ်ရေးမှူးများ၏စွမ်းရည်

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျင်းပရသည့် ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အပါအဝင် ဆိုင်ရာဌာန အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများအားလုံး စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ ချောမောအောင်မြင်ပါမည်။ ရွေးကောက်ပွဲအချိန်ဇယားအရ ကြိုတင်ပြင်ဆင်ပြုဖွယ် လုပ်ငန်းများကို သတ်မှတ်ကာလများအတိုင်းဆောင်ရွက်ပြီးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ် ကြေညာကပ်ထား၍ အပြီးသတ်စိစစ်ကြလျက်ရှိသည်။ ပွဲမဝင်ခင် သရုပ်ပြမဲပေးမှုများ ပြုလုပ်ပြီး လိုအပ်သည်များကိုထပ်မံဖြည့်စွက် ဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံလုံးကျင်းပမည့် ရွေးကောက်ပွဲရက်သည်လည်း တဖြည်းဖြည်းနီးကပ်လာပြီ။ နောက်ဆုံး၌ ရွေးကောက်ပွဲ၏ အရေးကြီးဆုံးဖြစ်သည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် မဲရုံအသီးသီးသို့ ပြည်သူများအချိန်မီ လာရောက်၍ ဘေးကင်းလုံခြုံ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနိုင်ရေးကို ကြိုတင်စီမံဆောင်ရွက်ကြရပါမည်။

မြို့တိုင်း၊ နယ်တိုင်း၊ ရပ်ရွာတိုင်းတွင် အကြီးအမှူးဦးစီးခေါင်းဆောင်တာဝန်ယူထားကြသည့် အုပ်ချုပ်ရေးမှူးများသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်တားဆီး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို ပြည်သူတို့နှင့်အတူ စွမ်းစွမ်းတမံ ဆောင်ရွက်ကြလျက်ရှိသည်။ ထို့အတူ ရွေးကောက်ပွဲကြီးကိုလည်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ အောင်မြင်စွာ စီမံခန့်ခွဲ ဆောင်ရွက်နိုင်ကြပါမည်။ ဤနေရာတွင် အချက်တစ်ချက် ထောက်ပြအကြံပြုလိုပါသည်။ ရွေးကောက်ပွဲနေ့တွင် ရပ်ကွက်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူတိုင်း မဲရုံသို့ လာရောက်မဲပေးနိုင်ရေးအတွက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်မှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက မိမိတို့အပိုင်းအလိုက် မဲဆန္ဒရှင်များအား သင့်လျော်သည့် အချိန်များ ညှိနှိုင်းပေးပြီး မဲရုံသို့သွားရောက်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ပါသည်။ ယင်းသို့ စီစဉ်ပေးခြင်းဖြင့် မဲရုံတွင် လူအများစုပြုံနေခြင်းမရှိဘဲ ဆန္ဒမဲပေးခွင့်ရှိသူအားလုံးချောမောအဆင်ပြေစွာ မဲပေးနိုင်ကြပါမည်။ အချိန်တွေ အလဟဿမဖြစ်တော့ပါ။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမည်ကိုလည်း စိုးရိမ်ကြောင့်ကြမရှိစေတော့ပါ။ မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံ ယုံကြည်စိတ်ချစွာ ဆန္ဒမဲပေးနိုင်မည် ဖြစ်ကြောင်းပါဗျာ။

- ❖ **ပြည်သူ့စွမ်းအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို အမြန်ဆုံးကင်းစင် ပပျောက်အောင် စီမံဆောင်ရွက်နိုင်ကြပါစေ။**
- ❖ **မြို့ရွာဒေသအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမောစွာ လာရောက် မဲပေးနိုင်ရေး စီမံဆောင်ရွက်နိုင်ကြပါစေ။**
- ❖ **ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်စွာ ကျော်လွှားအနိုင်ယူပြီး ရွေးကောက်ပွဲကြီး ချောမောအောင်မြင်ရေး စီမံဆောင်ရွက်နိုင်ကြပါစေ။ ။**

## ချီဖွေမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ချီဖွေ အောက်တိုဘာ ၈** - ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် နိုဝင်ဘာလ ၈ ရက်၌ ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပိုစတာများကို ယမန်နေ့က မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံသို့ လိုက်လံပေးအပ်သည်။

ထိုသို့ ဖြန့်ဝေခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲများက မိမိတို့သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများတွင် ဖြန့်ဝေသည့်အပြင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများကလည်း လူအများမြင်သာသည့် နေရာများတွင် ပိုစတာများ ချိတ်ဆွဲကြောင်း သိရသည်။

နန်းမြင့်(ပြန်/ဆက်)

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၃၀ သာ**

**လိုတော့သည်။**

## နိုင်ငံပြင်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မြန်မာသံရုံး(၆)ရုံးတွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး
## ဘရာဇီး၊ အိန္ဒိယ၊ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တို့၌ ကြိုတင်ဆန္ဒမဲ စတင်ပေး

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မြန်မာသံရုံး (၆)ရုံး၌ ယနေ့တွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေးကြရာ မြန်မာသံရုံး ဘန်ကောက်မြို့၌ မဲဆန္ဒရှင် ၆၇၁ ဦး၊ မြန်မာသံရုံး ကိုင်ရိုမြို့၌ မဲဆန္ဒရှင် ၁၂ ဦး၊ မြန်မာသံရုံး စင်ကာပူမြို့၌ မဲဆန္ဒရှင် ၁၇၀၀ ကျော်ခန့်၊ မြန်မာသံရုံး ဆိုးလ်မြို့၌ မဲဆန္ဒရှင် ၂၀၄ ဦး၊ မြန်မာသံရုံး တဲလ်အဗီးမြို့၌ မဲဆန္ဒရှင် ၁၀ ဦးနှင့် မြန်မာသံရုံး တိုကျိုမြို့၌ မဲဆန္ဒရှင် ၂၈၄ ဦး လာရောက် ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘရာဇီးနိုင်ငံတွင် 

နယူးဒေလီမြို့ရှိ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြစဉ်။



ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် မြန်မာနိုင်ငံသားတစ်ဦး ကြိုတင်ဆန္ဒမဲပေးစဉ်။

ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် ဘရာဇီးလျာမြို့ရှိ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲ စတင်ပေးရာ မဲဆန္ဒရှင် ရှစ်ဦး၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၃၅ ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ မဲဆန္ဒရှင် ၄၈ ဦး လာရောက်ကြိုတင် ဆန္ဒမဲပေးခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ကန့်သတ်ချက်များကြောင့် မနီလာမြို့ မြန်မာသံရုံးသို့ ကြိုတင်ဆန္ဒမဲ လာရောက်ပေးရန် အခက်အခဲရှိသည့် မဲဆန္ဒရှင်များအတွက် မြန်မာသံရုံး မနီလာမြို့မှ တာဝန်ရှိသူများသည် ယနေ့တွင် လေ့စ်ဘားညို့စ်မြို့နှင့် ဘာဂီယိုမြို့တို့သို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ပေးခဲ့ပြီး မဲဆန္ဒရှင် ၃၅ ဦးတို့က ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူများအား သက်ဆိုင်ရာက ကိုဗစ်ရောဂါကာကွယ်တားဆီးရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော စည်းကမ်းများနှင့်အညီ ဖြစ်စေရေး မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျဆန္ဒမဲများ ပေးခဲ့ကြသည်။

ယနေ့တွင် မြန်မာသံရုံး (၉)ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး (၁)ရုံးတို့တွင် ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြပြီး အောက်တိုဘာ ၉ ရက်က မလေးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ဂျပန်နိုင်ငံရှိ နာဂိုယာမြို့တို့တွင် မဲရုံများ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တောင်ပိုင်းခရိုင်တွင် မဲရုံပေါင်း ၁၇၄၄ ရုံ၌ ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားရှိ

**သန်လျင် အောက်တိုဘာ ၈**

၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လာမည့်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ၁၁၀၇၅၁၆ ဦးတို့အတွက် မဲရုံပေါင်း ၁၇၄၄ ရုံ စီစဉ်ထားရှိကြောင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

### မဲစာရင်းများကပ်ထား

ယခုအခါ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာလျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ဆွမ်ပရာဘွမ်မြို့နယ်၌ ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစစ်ဆေးကြည့်ရှု

**ဆွမ်ပရာဘွမ် အောက်တိုဘာ ၈**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက် (၃) ရပ်ကွက်ရှိ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုအခြေအနေ ကွင်းဆင်းစစ်ဆေးမှုနှင့် လက်ကမ်းစာစောင်များဖြန့်ဝေမှုကို အောက်တိုဘာ ၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲဆန္ဒနယ်မြေများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ စာရင်းများကို ဒုတိယအကြိမ် ကပ်ထားကြေညာထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ပြည်သူများကို သိရှိနိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများကို ဖြန့်ဝေပေးခဲ့သည်။ **(ယာပုံ)**



ဆက်လက်၍ ကျေးရွာအုပ်စု (၉) အုပ်စုတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုအခြေအနေ ကွင်းဆင်းစစ်ဆေးမှုနှင့် လက်ကမ်းစာစောင်များ ပိုစတာများဖြန့်ဝေမှု ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခြင်းကို အောက်တိုဘာလ ၁ ရက်မှ ၁၄ ရက်အထိ ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ဆွမ်ပရာဘွမ်မြို့နယ်တွင် မဲရုံ ၁၂ ရုံ ရှိပြီး ဒုတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်း ကပ်ထားကြေညာရာတွင် မဲပေးပိုင်ခွင့်ရှိသူ အမျိုးသား ၉၄၀၊ အမျိုးသမီး ၉၂၁ ဦး စုစုပေါင်း ၁၈၆၁ ဦးရှိကြောင်း သိသည်။**ကုဋ္ဌေ (ပြန်/ဆက်)**

# ခူမီး (ခမီး) အမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၈

**ခူမီး (ခမီး) အမျိုးသားပါတီဥက္ကဋ္ဌ ဦးကျော်ထွန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**

**တိုင်းရင်းသား မဲဆန္ဒရှင်များခင်ဗျား**

ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်တောင်းပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့မှာ အခြေစိုက်တဲ့ ခူမီး(ခမီး) အမျိုးသားပါတီဥက္ကဋ္ဌ ဦးကျော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ခူမီးနယ်မြေဟာ အင်္ဂလိပ်နယ်ချဲ့ လက်အောက် မကျရောက်မီက ခူမီးလူမျိုး အရိုင်(ခေါ်) တောင်မင်းများကအုပ်ချုပ်ခဲ့ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခဲ့ပါတယ်။ အင်္ဂလိပ်လက်အောက်ရောက်တော့ ခူမီးနယ်မြေကို ၁၈၇၄ – ၇၆ မှာ ပြဋ္ဌာန်းတဲ့ ရခိုင်တောင်တန်းဒေသ တရားစီရင်ရေးဥပဒေနှင့် ၁၉၀၆ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ ရခိုင်တောင်တန်းဒေသ အခြေခံစည်းမျဉ်းဥပဒေတို့ဖြင့် သီးခြားအုပ်ချုပ်ခဲ့ပါတယ်။

ရခိုင်တောင်တန်းဒေသအပါအဝင် နယ်မြေ (၁၀) ခုဟာ မြန်မာဘုရင် ပိုင်နက်မဟုတ်တဲ့အတွက် တောင်တန်းဒေသ အပိုင်း(၁)နယ်မြေလို့ သတ်မှတ်အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီနယ်မြေတွေကတော့ (၁)ပြည်ထောင်စု ရှမ်းပြည်၊ (၂) သောင်သွပ်၊ ဆင်ကလိန်း ခန္တီး၊ (၃) ရခိုင်တောင်တန်းဒေသ၊ (၄) ချင်းတောင်တန်းဒေသ၊ (၅) နာဂတောင်တန်းဒေသ၊ (၆) ဟူးကောင်းဒေသ၊ (၇) တြိဂံဒေသ၊ (၈) ကချင်တောင်တန်းဒေသ၊ (၉) သံလွင်ခရိုင်၊ (၁၀) "ဝ" ဒေသတို့ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

အောင်ဆန်း–အက်တလီစာချုပ် အပိုဒ် ၁(ဂ)အရ ရှမ်း၊ ကချင်၊ ချင်းတို့ မြန်မာနှင့်အတူ လွတ်လပ်ရေးယူပြီး ပြည်ထောင်စုနိုင်ငံထူထောင်ရန် ပင်လုံမှာ သဘောတူစာချုပ် ပြုလုပ်ခဲ့ကြပါတယ်။ အောင်ဆန်း–အက်တလီစာချုပ်အပိုဒ် ၁(ဃ)အရ တောင်တန်းဒေသ အပိုင်း(၁)နယ်မြေအားလုံးကလည်း မြန်မာနှင့်အတူ လွတ်လပ်ရေးယူပြီး ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ဖို့ နယ်ခြားဒေသ စုံစမ်းစစ်ဆေးရေးကော်မတီမှာ သဘောတူခဲ့ကြပါတယ်။ ထို့အပြင် ရခိုင်တောင်တန်းဒေသသည် ချင်းတောင်တန်းခရိုင်နှင့် ပူးပေါင်း၍ လည်းကောင်း၊ ဟူးကောင်းဒေသနှင့် တြိဂံဒေသသည် ကချင်တောင်တန်းဒေသနှင့် ပူးပေါင်း၍လည်းကောင်း၊ "ဝ"ဒေသသည် ရှမ်းပြည်နှင့် ပူးပေါင်း၍လည်းကောင်း၊ နာဂသည် မြန်မာနှင့်ပူးပေါင်း၍ လည်းကောင်း ပြည်ထောင်စုထဲ ပါဝင်ခဲ့ကြပါတယ်။ စာချုပ်အရ မိမိတို့ သဘောဆန္ဒအလျောက် ပူးပေါင်းခြင်းဖြစ်ပါတယ်။

အဲဒီသဘောတူညီချက်အရ ၁၉၄၇ အခြေခံဥပဒေပုဒ်မ(၁၉၆)မှာ "ချင်းတောင်တန်းခရိုင်နှင့် ရခိုင်တောင်တန်းခရိုင်ပါဝင်သော ချင်းဝိသေသတိုင်း ရှိရမည်" လို့ ပြဋ္ဌာန်းထားပါတယ်။

**ပါတီရဲ့ မူဝါဒကတော့**

(၁) ခူမီးဒေသ တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊
(၂) တိုင်းရင်းသားအခွင့်အရေး အပြည့်အဝ ရရှိရေး၊
(၃) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ ဖြစ်ပါတယ်။

**ပါတီရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်အကျဉ်းချုပ်ကတော့**

(၁) လမ်းပန်းဆက်သွယ်ရေးဟာ အဓိကဖြစ်တဲ့အတွက် ကားလမ်း၊ ရေကြောင်းလမ်းကောင်းမွန်အောင် ဆောင်ရွက်မည်။ စိမ်းစင်းလေယာဉ်ကွင်းကို ပြန်လည်ဖော်ထုတ်မည်။ ဒါ့အပြင် လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်အောင် ဆောင်ရွက်ပါမည်။
(၂) နှစ်တို၊ နှစ်လတ် ဘဏ်ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်မည်။ နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးမည်။
(၃) အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်၍ ဒေသထွက် ပို့ကုန်ပစ္စည်းများ မြှင့်တင်မည်။ ချင်းပြည်နယ်၏ အဆင်းရဲဆုံးမြို့နယ် အဖြစ်မှ ကယ်တင်မည်။
(၄) ဒေသအတွင်း အလုပ်သမားနှင့် ဝန်ထမ်းခန့်ထားရေး အလုပ်အကိုင်အခွင့်အလမ်းများသည် ဒေသခံတိုင်းရင်းသားများအတွက် ဖြစ်စေရမည်။ စက်မှုဇုန် တည်ဆောက်ပါမည်။
(၅) ခူမီးလူမျိုး ရှင်သန်ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးလက္ခဏာ (National Identity) ဖြစ်သော ဘာသာစကား၊ စာပေ၊ အဆို၊ အတီး၊ အက၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များနှင့် ခူမီးအမျိုးသားနေ့ကို ဖော်ထုတ်မည်။




(၆) ပလက်ဝခရိုင် ပြန်ရအောင် ကြိုးပမ်းမည်။ ခရိုင်ရလျှင် ပလက်ဝမြို့နယ်၊ ဆမီးမြို့နယ်နှင့် မီးဇာမြို့၊ သံထောင်မြို့တွေ ဖြစ်လာပါမည်။
ဒါ့အပြင် ခူမီးလူမျိုးအတွက် ခူမီးတိုင်းရင်းသားရေးရာဝန်ကြီး ရရှိရေးနှင့် ခူမီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိရေးကို တစိုက်မတ်မတ် ဆောင်ရွက်ပါမည်။
(၇) ပလက်ဝမြို့တိုးချဲ့ရေး မြို့ပြစီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါတယ်။

**တိုင်းရင်းသားမဲဆန္ဒရှင်များ ခင်ဗျား**

ခူမီးတိုင်းရင်းသားရေးရာဝန်ကြီးရရှိရေးနှင့် ခူမီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိရေးတို့ကိုလည်း ခူမီးပါတီမှ အဓိကတောင်းဆိုနေပါတယ်။ ဘယ်ပါတီကမှ အရေးကြီးတယ်လို့ မထင်ကြပေမယ့် ခူမီးပါတီက အနာဂတ်ခူမီးလူမျိုးနှင့် ခူမီးမျိုးဆက်သစ်လူငယ်များအတွက် ခူမီးလူမျိုးနှင့် ခူမီးအမျိုးသားနယ်မြေ တည်ရှိနေဖို့ ဖော်ထုတ်တောင်းဆိုနေတာ ဖြစ်ပါတယ်။ အခြေခံဥပဒေအရ ချင်းပြည်နယ်က ခွဲထွက်ဖို့ မဟုတ်ဘူး။ ခူမီးပါတီရဲ့ နိုင်ငံရေးရည်မှန်းချက်ကို ယုံကြည်ပေးကြပါ။ ခူမီးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို မဲပေးကြပါလို့ အနူးအညွတ် မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး–
➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်–
  ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

➢ သာသနာ့ဝန်ထမ်း၊
➢ ထောင်ဒဏ်ကျခံနေရသူ၊
➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## အင်းတော်မြို့တွင် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ်ထုတ်ပြန် ကြေညာထားရှိမှုများကို ကြည့်ရှုစစ်ဆေး

**အင်းတော် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်အဖြစ် ကပ်ထားကြေညာထားရှိခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေများအလိုက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်အတွင်း၌ မဲဆန္ဒရှင်ဦးရေပေါင်း ၉၂၄၀၀ ကျော်ရှိပြီး မဲရုံ ၈၄ ရုံ ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဒုတိယအကြိမ် ကပ်ထားကြေညာထားရှိသော မဲစာရင်းများကို ကြည့်ရှုနိုင်ပါကြောင်း၊ ပြည်သူများ၏ မဲပေးပိုင်ခွင့်အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် မဲစာရင်းများကို လာရောက်ကြည့်ရှုရန် လိုအပ်ကြောင်း၊ မဲစာရင်းတွင် ပါဝင်မှုမရှိခြင်း၊ အချက်အလက်များ မှားယွင်းခြင်းများရှိပါက သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲများမှ တစ်ဆင့် သတ်မှတ်ပုံစံများဖြင့် လျှောက်ထားပြင်ဆင်နိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဘုန်းမြင့်က ပြောသည်။

အင်းတော်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြပြီး ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများကို ပေးအပ်ခဲ့ကြောင်းလည်း သိရသည်။

လှအောင်(ကသာ)

## ရွှေပြည်သာမြို့နယ်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့်ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ရွှေပြည်သာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲစီမံမှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးပေါင်း ၂၇ ရုံးတို့၌ ပထမအကြိမ်မဲဆန္ဒရှင်စာရင်းကို ဇူလိုင် ၂၅ ရက်က စတင်ကာ သုံးပတ်ကြာထုတ်ပြန်ကြေညာခဲ့သည်။ ယခု ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ စတင်၍ နှစ်ပတ်ကြာထုတ်ပြန်ကြေညာထားပြီး အွန်လိုင်းမှဝင်ရောက်ကြည့်ရှုရှာဖွေပေးခြင်းများနှင့်အတူ (တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် မြို့နယ်၌ ရက်ပေါင်း ၉၀ကျော် ကြာနေထိုင်ခဲ့ပြီး မည့်သည့်မဲဆန္ဒနယ်မှမပါ၍ မဲဆန္ဒရှင်အသစ်တောင်းခံခြင်း)များကိုပုံစံများတွင်ဖြည့်စွက်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း အောက်တိုဘာ ၇ ရက်က ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံမှ သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

# “ဝ” အမျိုးသားပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၈

**“ဝ” အမျိုးသားပါတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား –**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝတရားနှင့်အတူ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်မြောက်ပိုင်း၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ “ဝ” အမျိုးသားပါတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။

အခုလိုမင်္ဂလာရှိတဲ့ အချိန်ခါသမယမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ တတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကြီး ပြုလုပ်ကျင်းပရမည့် နေ့ရက်ကာလ လက်တစ်ကမ်းသာလိုတော့သည့်အချိန်မှာ အခုလို အများပြည်သူများအတွက် မင်္ဂလာစကားများဖြစ်တဲ့ မိမိ “ဝ” အမျိုးသားပါတီရဲ့ နိုင်ငံရေးမူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ပြောကြားတင်ပြရသည့်အတွက် ဆောင်ရွက်ပေးသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း လေးစားစွာဖော်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား –**

ကျွန်တော်များ “ဝ” ပါတီဝင်များက “ဝ” အမျိုးသားပါတီ ဖွဲ့စည်းတည်ထောင်ရခြင်းမှာ မိမိ“ဝ”နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အများပြည်သူ ဝိုင်းဝန်းတည်ဆောက်ကြရာတွင် “ဝ”တိုင်းရင်းသားလူမျိုးတို့သည်လည်း “အုတ်တစ်ချပ် သဲတစ်ပွင့်” အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အမျိုးသားအသိစိတ်ဓာတ်ဖြင့် ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါတယ်။ ထိုသို့ ဖြစ်သည့်အတွက် ပါတီလုပ်ငန်းများ တိကျမှန်ကန်မှုကိုရှေးရှုပြီး ပါတီရည်ရွယ်ချက်၊ ရည်မှန်းချက်များနဲ့ မူဝါဒ သဘောထားလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအချက်များကို တစ်ခုချင်းမရှင်းလင်းခင်မှာ ရှေးဦးအနေနဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရဲ့ နယ်မြေဒေသအကြောင်းအရာ၊ အနေအထားနဲ့ သဘောသဘာဝ အကျဉ်းမျှ ရှင်းလင်းတင်ပြ မိတ်ဆက်ပေးမှသာလျှင် ကျွန်တော်များ “ဝ” အမျိုးသားပါတီမှ လိုက်နာကျင့်သုံးရန် ချမှတ်ထားတဲ့ ပါတီမူဝါဒ၊ သဘောထားများ လုပ်ငန်းစဉ်များအပေါ် အများပြည်သူက ပိုမိုထင်ဟပ် သိရှိနိုင်လိမ့်မယ်လို့ ထင်မြင်ယုံကြည်သည့် အားလျော်စွာ တစ်ဆက်တည်းမှာပဲ အနည်းငယ် ရှင်းလင်းတင်ပြသွားမည့်အကြောင်း ဖော်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား –**

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တည်ရှိပါတယ်။ “ဝ”တိုင်းရင်းသား လူမျိုးများသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့်၊ အရှေ့ပိုင်းဒေသများအထိ ပျံ့နှံ့နေထိုင်လျက် ရှိပါတယ်။ အဆိုပါ “ဝ”နယ်များကို နယ်ချဲ့အင်္ဂလိပ်ခေတ်က အင်္ဂလိပ်ဘာသာစကားဖြင့် “ဝ” စတိတ် (Wa State)ဟုခေါ်ဆိုပြီး၊ မြန်မာနိုင်ငံလွတ်လပ်ရေးရလာပြီးနောက် ပဒေသရာဇ်ရှမ်းပြည်နယ်စုများတွင် ပါဝင်စေပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ပြည်ထောင်စုအဖွဲ့ဝင် ရှမ်းပြည်နယ်ဝင် နယ်တစ်နယ်အဖြစ် ဖွဲ့စည်းလာခဲ့ပါတယ်။ ထို့နောက် ၂၀၀၈ ခုနှစ်တွင် အဆိုပါ “ဝ” နယ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၌ ရှမ်းပြည်နယ်ရှိ ဟိုပန်၊ မိုင်းမောနှင့် ပန်ဝိုင်မြို့နယ်များကို ဟိုပန်ခရိုင်ဟူ၍လည်းကောင်း၊ မက်မန်း၊ ပန်ဆန်း(ပန်ခမ်း)နှင့် နားဖန်းမြို့နယ်များကို မက်မန်းခရိုင် ဟူ၍လည်းကောင်း၊ ခရိုင်(၂)ခရိုင်ဖွဲ့ပြီး “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Wa Self. Administered Division)ဟုခေါ်တွင်ရန် ဖွဲ့စည်းသတ်မှတ်လာပါတယ်။

အဆိုပါတိုင်းတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း (၁၈)မျိုး စုပေါင်းနေထိုင်လျက်ရှိကြပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ကျော်ခန့်ကတည်းက စတင်အခြေချနေထိုင်လာခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ယင်းဒေသသည် တောတောင်ထူထပ်ပေါများပြီး၊ တောင်တန်းကြီးများ မြင့်မားမတ်စောက်သည်ကများပြားသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းလျက်ရှိပါတယ်။ ဒါကြောင့် ဒေသအတွင်း လူသူသွားလာမှုမရှိသလောက် ကင်းမဲ့တဲ့အတွက် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြတဲ့ တိုင်းရင်းသားလူမျိုးများအချင်းချင်းကသော်လည်းကောင်း၊ နယ်ခြားမြေခြား တိုင်းတစ်ပါးသားများက သော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများနဲ့ အတွေ့အကြုံ ရယူမှု၊ အပြန်အလှန်ဆက်သွယ်မှု ဖလှယ်မှုမရှိခဲ့သည့်အတွက် တစ်ကိုယ်တော်အထီးကျန်ဘဝအနေအထားသို့ ဆိုက်ရောက်ခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ပညာမျက်စိ အလင်းပိတ်သည်နှင့်အမျှ တစ်မျိုးသားလုံးရဲ့ ပညာဗဟုသုတခေါင်းခိုက်ကာ လူမှုစီးပွားရေးဘဝ အဘက်ဘက်က နိမ့်ဆင်းနစ်မြုပ်ပြီး ဆင်းရဲတွင်းနက်လာရခြင်းဖြစ်သည်ဟု လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်များ “ဝ” အမျိုးသားပါတီက အခြေအနေအရပ်ရပ် လျင်မြန်စွာပြောင်းလဲတိုးတက်လာသော ယနေ့ခေတ်အခါသမယမှာ ဘဝဖြတ်သန်းလာခဲ့သည့် အတိတ်ကာလအဖြစ်အပျက်ပေါ် သင်ခန်းစာယူပြီး အနာဂတ်ကို ချိန်ထိုး ရှေးရှုရသလို၊ ပစ္စုပ္ပန်ကာလ၏ ဖြစ်ပျက်မှုကိုလည်း ဆင်ခြင်ပြီး မိမိပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်ထိန်းသိမ်းရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဝတ္တရားဖြစ်သလို ကျွန်တော်များ “ဝ” အမျိုးသားအနေဖြင့်လည်း ပါတီ၏ မူဝါဒသဘောထားများ၊ လုပ်ငန်းစဉ်များ ချမှတ်ရာတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် အချိန်အခါပေါ်မူတည်၍ တိုးတက်ပြောင်းလဲဖြစ်ပေါ်လာမှုနှင့် အစဉ်လိုက်လျော်ညီထွေမှုရှိသည့် မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များတို့ကို ဦးတည်ချမှတ် ဆောင်ရွက်ရမည်သာဖြစ်ကြောင်း လေးစားစွာတင်ပြအစီရင်ခံအပ်ပါသည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား –**

အဲဒီမူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ၎င်းတို့မှာ –

**ပါတီအမည်**

၁။ မြန်မာဘာသာစကားဖြင့်အမည်မှာ “ဝ” အမျိုးသားပါတီဟုခေါ်တွင်ပြီး၊ အင်္ဂလိပ်ဘာသာစကားမှာ Wa National Party (W.N.P) ဟု ခေါ်တွင်ပါသည်။ “ဝ” ဘာသာစကားမှာ(PATi Ceu Pui Vax)ဟုခေါ်ဆိုပါသည်။

**ပါတီ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်**

၂။
- ပြည်ထောင်စုမြန်မာနိုင်ငံတော်မပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
- အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် တည်ဆောက်ရေး၊
- တရားဥပဒေစိုးမိုးရေး၊
- တိုင်းရင်းသားလူမျိုးများ၏ မူလအခွင့်အရေးတန်းတူရရှိရေး၊
- တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားပြုစုပျိုးထောင်ရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးတို့ ဖြစ်ပါသည်။

**ပါတီ၏ မူဝါဒသဘောထား**

၃။ ပါတီ၏မူဝါဒသဘောတရားသည် “ဆိုရှယ်ဒီမိုကရက်တစ်ဇင်း (Social Demo Cratism)ဖြစ်ပါတယ်။ ဒီဝါဒမှာ လက်ဝဲလက်ယာအစွန်းနှစ်ဖက်သွေဖည်မှု သဘောတရားကို ရှောင်ရှား၍ မိမိတို့၏ နိုင်ငံအခြေအနေ၊ ရေမြေသဘာဝ၊ ရာသီဥတု ထုံးတမ်းစဉ်လာယဉ်ကျေးမှုပကတိ ဖြစ်ရပ်မှန်အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိအောင် ရယူကျင့်သုံးအပ်သော မူဝါဒ သဘောတရား ဖြစ်ပါတယ်။

**ပါတီ၏ လုပ်ငန်းစဉ်**

၄။ ပါတီ၏ လုပ်ငန်းစဉ်များဆိုင်ရာ သဘောတရားများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

“ဝ” အမျိုးသားပါတီအား ကျစ်လျစ်တောင့်တင်းခိုင်မာသည့်ပါတီအဖြစ် တည်ဆောက်ရန်နှင့် ပြည်သူများအား အလုပ်အကျွေးပြုသည့်ပါတီဖြစ်အောင် တည်ဆောက်ရေး၊ မိမိတို့ပါတီသည် ရည်ရွယ်ချက်၊ ခံယူချက်၊ ယုံကြည်ချက်၊ အတွေးအခေါ်၊ အမြော်အမြင်ချင်းတူညီသော မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့်မဆို တန်းတူရည်တူ ရင်းနှီးပွင့်လင်းစွာဆက်ဆံပြီး၊ အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်းများ ပြုလုပ်သွားမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အကျိုးစီးပွားများကို ဖြစ်ထွန်းစေသော လုပ်ငန်းရပ်များဆောင်ရွက်ရာတွင် မည်သည့်နိုင်ငံရေးပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်ဟု တည်ကြည်ဖြောင့်မတ်စွာ ခံယူထားပါသည်။

- နယ်သူ၊ နယ်သားများအား “ဝ” နယ်ဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် အစဉ်နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လေ့ရှိသည့် ပြည်သူပြည်သားများအဖြစ် စည်းရုံးလေ့ကျင့်ပြုစုပျိုးထောင်ပေးရေး၊
- နယ်မြေဒေသအတွင်းရှိ မိဘပြည်သူများ၏ ဘက်စုံစီးပွားရေး တိုးတက်ဖွံ့ဖြိုးရန်နှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ အစဉ်စူးစမ်းလေ့လာပြီး ကူညီဆောင်ရွက်သွားရေး၊
- တောင်သူ လယ်သမားများနှင့် အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် ရရန်ပိုင်ခွင့်များ ရရှိခံစားခွင့် အပြည့်အဝရရှိရေး အစဉ်ကူညီဆောင်ရွက်ပေးရေး၊
- ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုပြုသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်များကို ဥပဒေနှင့်အညီ အာမခံချက်ရှိရန် ဆောင်ရွက်ပေးရေး၊ အားပေးကူညီရေး၊
- မြန်မာနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားလုပ်ငန်းကဏ္ဍများတွင် အမျိုးသမီးများ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တိုးမြှင့်အားပေးရေး၊
- လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံပြီး အကျင့်စာရိတ္တနှင့်စပ်ဆိုင်သော အရှေ့တိုင်းရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို လိုက်နာကျင့်သုံးတတ်သည့် အလေ့အထမြဲမြံအောင် ပြုစုပျိုးထောင် သင်ကြားပေးရေး ဆောင်ရွက်မည်။
- အနာဂတ်ကာလမှာ တိုင်းပြည်၏ ခေါင်းဆောင်များဖြစ်ကြမည့် ကျောင်းသားလူငယ်များအား ရိုးစင်းဖြူစင်မေတ္တာဖြင့် အရင်းပြု သင်ကြားပေးသော ကျောင်းဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ လုပ်ခလစာများ ထိုက်တန်စွာ တိုးမြှင့်ပေးရေးနှင့် အထူးသဖြင့် ဝေးလံခေါင်သီသော နယ်စပ်အရပ်ဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်ကြရသည့် ဆရာ/ဆရာမများအား အထူးသက်သာချောင်ချိရေး လုပ်ငန်းများပြုလုပ်ပေးရန် ဆောင်ရွက်မည်။
- နိုင်ငံတော်တွင် နိုင်ငံသားတိုင်း အခြေခံမူလတန်းကျောင်းပညာ မသင်မနေရရေးနှင့် အခမဲ့သင်ကြားခွင့်ရရှိရေး အားပေးသည်။
- တိုင်းရင်းသားလူမျိုးများ၏ အခြေခံလူ့အခွင့်အရေးများနှင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်း အစရှိသော မရှိမဖြစ် လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးဆောင်ရွက်မည်။
- ကျန်းမာရေးကဏ္ဍတွင် ပြည်သူများ ခေတ်မီနည်းစနစ်ဖြင့် အခမဲ့ သို့မဟုတ် သက်သာချောင်ချိစွာ ဆေးဝါးကုသခွင့်ရရှိရေး ကြိုးစားဆောင်ရွက်မည်။
- တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ၊ အနုပညာများ တိုးတက်ဖွံ့ဖြိုးရှင်သန်လာအောင် ထိရောက်စွာ ကူညီပေးရေး။
- တိုင်းရင်းသားလူမျိုးများသည် မိမိနှစ်သက် ယုံကြည်ကိုးကွယ်သည့် ဘာသာတရားများကို ပိုမိုလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် ဘုရားကျောင်းကန်များ တည်ဆောက်ခွင့်ရရှိရေး ကူညီဆောင်ရွက်မည်။
- တိုင်းရင်းသားလူမျိုးတို့သည် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူလျက် စည်းလုံးညီညွတ်စွာ အတူတကွ ယှဉ်တွဲနေထိုင်ရေး၊ အချင်းချင်း အပြန်အလှန် ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေး၊ အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် ပေါင်းသင်းဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အစဉ်အလာများ ပိုမိုဖြစ်ထွန်းတိုးတက်တည်တံ့အောင် ကြိုးပမ်းဆောင်ရွက်မည်။
- နိုင်ငံတော်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်မှုလုပ်ငန်းတွင် အောင်မြင်မှုရရှိရေးအတွက် ကျရာအခန်းကဏ္ဍမှ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်သွားရေးတို့ ဖြစ်ပါသည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား –**

၅။ နိဂုံးချုပ်အားဖြင့် မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကိုမောင်နှမများရဲ့ ဖြူစင်မြင့်မြတ်မွန်မြတ်တဲ့ မေတ္တာစေတနာ၊ သဒ္ဓါမှုဖြင့် ချီးမြှင့်အားပေးမယ့် အသင်တို့ရဲ့ အသည်းနှလုံးအကြားက တန်ဖိုးဖြတ်မရတဲ့ ထောက်ခံမဲများအတွက် ကြိုတင်အထူးကျေးဇူးတင်အပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၈

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ စောမြတ်ထွဋ်ဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)သည်–

၁။ ကရင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများနှင့် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ စားဝတ်နေရေး ဖူလုံစေရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည့်အပြင်၊ ကရင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး စီစဉ်ဆောင်ရွက်ပါမည်။

၂။ နိုင်ငံသားများ၏ စားဝတ်နေရေးအတွက် အိမ်နီးချင်းထိုင်းနိုင်ငံအား မှီခိုရခြင်းမှ ကင်းလွတ်စေရန် ကရင်ပြည်နယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများကို ကြိုးပမ်းဖန်တီးသွားပါမည်။ ထိုသို့ ကြိုးပမ်းသည့် ကာလအတွင်း တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသော တိုင်းရင်းသားမျိုးနွယ်စုအားလုံးအတွက် နိုင်ငံတကာနှင့် နှစ်နိုင်ငံကြား သဘောတူထားသည့် ဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများရရှိရေး ကြိုးပမ်းလုပ်ဆောင်သွားမည်။

၃။ စိုက်ပျိုးရေးအပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် တန်းတူအဆင့် ရောက်ရှိရန်အလို့ငှာ အရင်းအနှီးနှင့် နည်းပညာ အထောက်အကူ ပံ့ပိုးမှုများရရှိရေး ဆောင်ရွက်မည်။ လက်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဂိတ်အပြင် အနာဂတ်တွင် မယ်သဝေါနှင့် ဘုရားသုံးဆူဒေသများ၌ ဂိတ်သစ်များ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

၄။ လူငယ်များ၏ အနာဂတ်ကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သုံးစွဲခြင်းများ လျော့နည်းကျဆင်းရေးနှင့် လုံးဝပပျောက်ရေးအတွက် အထူးစီမံချက်များ ချမှတ်လျက် ကြိုးကြပ်ဆောင်ရွက်သွားမည်။

၅။ ကရင်ပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု အနုပညာများကို မြှင့်တင်ပေးနိုင်ရန်အတွက် မူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့်နှင့် ကောလိပ်တက္ကသိုလ်များ၌ သင်ကြားလေ့လာဆည်းပူးခွင့်ရရေး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်မည်။

၆။ ကရင်ပြည်နယ်တွင် ရေရှည်တည်တံ့ပြီး စစ်မှန်ခိုင်မြဲသော တကယ့်ငြိမ်းချမ်းရေးရရှိရန် သက်ဆိုင်သူ (Stake Holder) အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်။

၇။ ငြိမ်းချမ်းမှုရရှိလာသည်နှင့်အမျှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (Hotel & Tourism) ကို သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေဘဲ မြှင့်တင်ဆောင်ရွက်သွားမည်။

၈။ ကရင်ပြည်နယ်အတွင်းရှိ လယ်ယာဥယျာဉ်ခြံမြေများ၏ ပိုင်ဆိုင်လုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းညှိနှိုင်းဆောင်ရွက်ပါမည်။

၉။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် အခြားပြည်နယ်တိုင်းများထက် မလျော့သည့် ဝန်ဆောင်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၁၀။ လူမျိုးရေးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း ခွဲခြားဆက်ဆံ ဖိနှိပ်ချုပ်ချယ်မှုများမရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

အထက်ဖော်ပြပါ သဘောထားခံယူချက်များအပြင် မိမိပါတီ၏ နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သယံဇာတ၊ လူမှုရေး၊ ကရင်အမျိုးသားအရေးတို့နှင့် ပတ်သက်သော ထုတ်ပြန်ထားပြီးဖြစ်သည့် အခြေခံမူဝါဒများကိုလည်း ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အထူးသဖြင့် နိုင်ငံရေးအခြေခံမူဝါဒ၏ ပထမဆုံးအချက်ဖြစ်သော **"အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ပြည်နယ်များဖြင့် ဖွဲ့စည်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားရန်"** ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့ကြောင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် **"တန်းတူညီမျှဖွံ့ဖြိုးဖို့ KNDP ကို မဲပေးစို့"** ဆောင်ပုဒ်အတိုင်း လောကပါလတရားသုံးပါးဖြစ်သည့် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တန်းတူခြင်းတည်းဟူသော အခြေခံသဘောတရားများနှင့်အညီ ကျင့်ကြံအားထုတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

- **ကျွဲချိုဖားစည်နေဝန်းနီ၊ ပြည်သူ့ဘဝမြှင့်တင်မည်။**
- **ကိုယ့်ကြမ္မာကိုယ်ဖန်ဖို့ရယ်၊ KNDP ကို မဲပေးမယ်။**
- **တန်းတူညီမျှဖွံ့ဖြိုးဖို့ KNDP ကို မဲပေးစို့။**

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)၏**
**နိုင်ငံရေးမူဝါဒ(၆)ချက်**

၁။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်မည်။

၂။ စစ်မှန်သည့်ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြိုးပမ်းတည်ဆောက်မည်။

၃။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ပါတီတစ်ရပ်ရပ်၏ ဩဇာကိုမျှ မခံယူဘဲ လွတ်လပ်သည့်ပါတီအဖြစ် ရပ်တည်သွားမည်။

၄။ ရည်မှန်းချက်တူညီသော တိုင်းရင်းသားပါတီများနှင့် မဟာမိတ်ဖွဲ့ပြီး ပူးပေါင်းဆောင်ရွက်သွားမည်။

၅။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၆။ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်အပေါ် စဉ်ဆက်မပြတ် ဝေဖန်သုံးသပ်လျက် ဘက်မလိုက်သည့် အလယ်အလတ် လမ်းစဉ်ကို ကျင့်သုံးမည်။

## ကျွဲချိုဖားစည်နေဝန်းနီ

**တေးရေး –** **စောအောင်ကျော်နိုင်(စောရှားဘူးဖော့)**
**တေးဆို –** **နန်းဒိုင်ဖော့ခလိန်း**

(ကရင်အမျိုးသားစည်းလုံးညီ ပေါင်းစုတဲ့ပါတီ၊ ဒီမိုကရက်တစ်ရှေ့သို့ချီတွဲလက်မြဲခိုင်ပြီ၊ ရောင်ခြည်လင်းလက်ဝန်းနေခြည် ဖားစည်ကျွဲချိုအတည်၊ စဉ်လာသမိုင်းနဲ့ ဒီကိုးဒီ ဒို့ရဲ့ KNDP ၊ ချိန်တန်ပြီ ကရင်ပြည် တူညီမျှတအခွင့်ရေးရှိရမည်၊ ငြိမ်းချမ်းဖို့လိုပြီ အမျိုးသားတွက်ပါတီ၊ အောင်လံချီ ချိန်ခါမီ၊ ညီကိုရောင်းရင်းသွေးချင်းစည်းလုံးပြီ၊ တိုးတက်ဖို့ရွယ်ရည်၊ ဒို့တိုင်းဒို့ဌာနီ၊ ညီညာဖြဖြမနေးပေါ့အတည် မဲပေးဖို့လိုပြီ)၂

**စကားပြော**

ကရင်အမျိုးသားတို့ပါတီ၊
ပေါင်းစုဖွဲ့စည်းလိုက်ပါပြီ၊
ကျွဲချိုဖားစည်နေဝန်းနီ၊
ထွန်းလင်းအောင်စေမည်၊
ညီတူမျှတဖွံ့ဖြိုးဖို့၊
K–N–D–Pမဲပေးစို့

(ကရင်အမျိုးသားစည်းလုံးညီ ပေါင်းစုတဲ့ပါတီ ၊ ဒီမိုကရက်တစ်ရှေ့သို့ချီတွဲလက်မြဲခိုင်ပြီ၊ ရောင်ခြည်လင်းလက်ဝန်းနေခြည် ဖားစည်ကျွဲချိုအတည်၊ စဉ်လာသမိုင်းနဲ့ ဒီကိုးဒီ ဒို့ရဲ့ KNDP၊ ချိန်တန်ပြီ ကရင်ပြည် တူညီမျှတအခွင့်ရေးရှိရမည်၊ ငြိမ်းချမ်းဖို့လိုပြီ အမျိုးသားတွက်ပါတီ၊ အောင်လံချီ ချိန်ခါမီ၊ ညီကိုရောင်းရင်းသွေးချင်းစည်းလုံးပြီ၊ တိုးတက်ဖို့ရွယ်ရည်၊ ဒို့တိုင်းဒို့ဌာနီ၊ ညီညာဖြဖြ မနေးပေါ့အတည် မဲပေးဖို့လိုပြီ)၂

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

- အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံ ကပ်ထားကြေညာမည်။
- မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်။

## ဆယ်စုနှစ် တစ်စုကျော် ပျောက်ကွယ်ခဲ့သည့် အင်းလေးရေပေါ်ဈေး ပြန်လည်အသက်ဝင်လာ



**ညောင်ရွှေ အောက်တိုဘာ ၈**

ဆယ်စုနှစ် တစ်စုကျော် ပျောက်ကွယ်လျက်ရှိသည့် အင်းလေးရေပေါ်ဈေးသည် အောက်တိုဘာလဆန်းပိုင်းမှ စတင်၍ ဒေသခံရောင်းသူဝယ်သူများဖြင့် ပြန်လည် အသက်ဝင်လာကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

အင်းလေးဒေသ ဟဲယာရွာမကျေးရွာရှိ ရေပေါ်ဈေးသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားရာ နေရာတစ်ခုဖြစ်ခဲ့သော်လည်း နွေရာသီတွင် ရေလျော့နည်းမှုကြောင့် ရေပေါ်ဈေးအဖြစ် ရောင်းဝယ်မှု မပြုနိုင်ဘဲ ကုန်းမြေပေါ်သို့ ပြောင်းရွှေ့ရောင်းဝယ်ခဲ့ရကြောင်း၊ ယခင်က ရေပေါ်ဈေးတွင် ဒေသထွက် အစားအစာ၊ ဟင်းသီးဟင်းရွက်အပါအဝင် ကုန်ပစ္စည်းများကို လှေပေါ်တွင်တင်၍ ရောင်းဝယ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ခရီးသွားလုပ်ငန်းကို အမှီပြု၍ အမှတ်တရပစ္စည်း ရောင်းချသူများသာ များပြားလာကြောင်း ဒေသခံများကပြောသည်။

ယခုအခါ ကုန်းမြေပေါ်ရှိဈေးများ ခေတ္တပိတ်ထားမှုကြောင့် ဒေသခံဈေးရောင်းချသူများသည် ရေပေါ်တွင် လှေများဖြင့် ဒေသထွက်ကုန်များကို ယခင်ကကဲ့သို့ ပြန်လည်ရောင်းချလာမှုများကြောင့် ရေပေါ်ဈေးမှာ ပြန်လည်၍ အသက်ဝင်လာကြောင်း၊ ဆက်လက်၍လည်း ရေပေါ်ဈေးကို နွေရာသီကာလ ရေနည်းချိန်၌ ဈေးမဖြစ်သော်လည်း ရေများချိန်တွင် ယခုကဲ့သို့ ရောင်းဝယ်မှုများဖြင့် ရေရှည်တည်တံ့လိုကြောင်း၊ ဒေသခံများကလည်း ရေပေါ်ဈေးအဖြစ် အရောင်းအဝယ် ပြန်ဖြစ်လာသဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း ဟဲယာရွာမ ကျေးရွာမှ ဒေသခံ ဦးစိုးမြင့်ဦးက ပြောသည်။

**နေမျိုးသူရိန်**

၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2020)

“ပေါင်းစည်းညီညွတ်သော စီမံဆောင်ရွက်မှုမှသည် သဘာဝဘေးလျော့ပါးရေးဆီသို့”

“It’s All About Governance”

အောက်တိုဘာလ(၁၃)ရက်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၁၀ - ၂၀၂၀

### ရွှေ

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၂၀ | ကျပ် | ၆၆၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၂ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၄ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၆၁ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၁၀ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၉ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၈၈ . ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၃၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၈ . ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၁၇၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၉၅ | ၉၅၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၂၁၃၅ | ၇၈၉၉၅၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃ | ၂၄၀၀၀ |
| FPB | – | – | – | – |
| TMH | ၂၇၀၀ | ၂၇၀၀ | ၇ | ၈၉၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၉ | ၂၇၉၀၀ |

ခင်ရတနာ – စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
**ဘာသာပြန် စာတည်း** - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံ သတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

### အသက်ငါးနှစ်အောက်ကလေးများတွင် ကာလတာရှည်အာဟာရချို့တဲ့၍ပုညက်ခြင်းရာခိုင်နှုန်း လျော့နည်းလာခြင်း





Multiple Indicator Cluster Survey (2009-2010)
မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆)
မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၂၀၁၈)

### အသက်ငါးနှစ်အောက်ကလေးများတွင် လတ်တလောအာဟာရချို့တဲ့၍ပိန်လှီခြင်းရာခိုင်နှုန်း လျော့နည်းလာခြင်း





Multiple Indicator Cluster Survey (2009-2010)
မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆)
မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၂၀၁၈)

### အသက်ငါးနှစ်အောက်ကလေးများတွင် အာဟာရချို့တဲ့ခြင်းရာခိုင်နှုန်းများလျော့နည်းလာခြင်း





Multiple Indicator Cluster Survey (2009-2010)
မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆)
မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၂၀၁၈)

### အသက်ငါးနှစ်အောက်ကလေးများတွင်သွေးအားနည်းခြင်း ရာခိုင်နှုန်းလျော့နည်းလာခြင်း





အဏုအာဟာရအခြေအနေလေ့လာခြင်းစစ်တမ်း(၂၀၀၅)
မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆)
မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၂၀၁၈)

### မွေးစမှ ကလေးအသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးသည့်အလေ့အထများ တိုးတက်လာခြင်း




Multiple Indicator Cluster Survey (2009-2010)
မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆)
မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၂၀၁၈)

### မွေးစကလေးကိုယ်အလေးချိန်မပြည့်သည့်ရာခိုင်နှုန်း လျော့နည်းလာခြင်း




Low Birth Weight Survey (2000)
Low Birth Weight Survey (2010)
မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆)

စာမျက်နှာ ၂၁ သို့

# လူမှုဖူလုံရေးအကျုံးဝင် စက်ရုံ၊အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမားများ၊ ဝန်ထမ်းများအား လူမှုဖူလုံရေး ထောက်ပံ့ငွေများ ခွင့်ပြုထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအကျုံးဝင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန ၃၁၃ ဌာနမှ အာမခံအလုပ်သမား ၃၃၈၀၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၃၆၂ ဒသမ ၇၃၃ သန်းအား အောက်တိုဘာ ၅ ရက်မှစ၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်အမှတ် ၁၀၇/၂၀၂၀နှင့် ၁၀၈/၂၀၂၀၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၉၆/၂၀၂၀ နှင့် ၁၉၈/၂၀၂၀ တို့အရ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံ တင်ထားသော ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအနက် Stay at home အစီအစဉ်တွင် အကျုံးဝင်သော ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအတွက် ၂၀၂၀ ပြည့်နှစ် ဇွန်လအတွက် ပေးသွင်းထားသော လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို အာမခံအလုပ်သမားနှင့် မိသားစုဝင်များအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေများ ခွင့်ပြုထုတ်ပေးနိုင်ရေး Online မှ လျှောက်ထားသည့် တောင်းခံလွှာများနှင့် မြို့နယ်ရုံးခွဲမှတစ်ဆင့် လျှောက်ထားသည့် တောင်းခံလွှာများကို ဘုတ်အဖွဲ့ဖြင့် စိစစ်ခွင့်ပြုလျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန ၃၁၃ ဌာနမှ အာမခံအလုပ်သမား ၃၃၈၀၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၃၆၂ ဒသမ ၇၃၃ သန်းအား သက်ဆိုင်ရာ လုပ်ငန်းရှင်များသို့ အောက်တိုဘာ ၅ ရက်မှစ၍ ထုတ်ပေးလျက်ရှိပြီး ကျန်တောင်းခံလွှာများကိုလည်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Stay at home အစီအစဉ် သတ်မှတ်ထားသော မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးများရှိ မြို့နယ်(၁၁)မြို့နယ်မှ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများကိုလည်း ဆက်လက်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


## လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ခွင့်ပြုထုတ်ပေးသည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

ရက်စွဲ။ ၇-၁၀-၂၀၂၀

| စဉ် | အလုပ်ဌာန အမှတ် | စက်ရုံ/အလုပ်ရုံ/ အလုပ်ဌာန အမည် | အလုပ် သမား ဦးရေ | ထောက်ပံ့ ငွေ(ကျပ်) |
|---|---|---|---|---|
| ၁ | 13009.34.4.2.143 | AGRO BIO PRODUCT CO.,LTD | ၄၂ | ၃,၁၀၅,၆၀၀.၀၀ |
| ၂ | 13009.34.4.2.156 | MC Ayeyar Motors Co.,Ltd | ၁၈ | ၂,၁၂၀,၀၀၀.၀၀ |
| ၃ | 13009.34.5.2.43 | Thet Thit Oo Trading | ၆ | ၆၈၈,၀၀၀.၀၀ |
| ၄ | 13009.34.6.2.51 | Myanmar Mega Five Co,Ltd | ၄၁ | ၄,၈၈၀,၀၀၀.၀၀ |
| ၅ | 13009.34.6.2.70 | Diethelm Travel Limited, Myanmar | ၂၈ | ၃,၀၀၇,၁၆၀.၀၀ |
| ၆ | 13009.34.6.2.77 | Myanmar Project Management Engineering Consulting Co.Ltd | ၄ | ၂၃၀,၄၀၀.၀၀ |
| ၇ | 13009.34.7.2.10 | Myanmar Hyspot Electric Technology Co.Ltd | ၂၀ | ၂,၃၂၀,၀၀၀.၀၀ |
| ၈ | 13009.34.7.2.36 | Daneli Co.Ltd(Myanmar Branch) | ၁၄ | ၁,၆၀၇,၂၀၀.၀၀ |
| ၉ | 13009.34.7.2.104 | Certain Expect Service Co.,Ltd | ၃၄ | ၃,၉၁၂,၀၀၀.၀၀ |
| ၁၀ | 13009.34.8.2.5 | Kaiyo Co.,Ltd | ၁၁ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၁ | 13009.34.6.2.12 | International Efficient Consulting & Trading Co.,Ltd | ၄ | ၂၃၀,၄၀၀.၀၀ |
| ၁၂ | 13009.34.2.2.214 | Golden Land Real Estate Development Co., Ltd | ၃၈ | ၄,၀၉၃,၆၀၀.၀၀ |
| ၁၃ | 13009.34.3.2.12 | FLEXART CO.,LTD | ၁၃ | ၁,၂၁၂,၀၀၀.၀၀ |
| ၁၄ | 13009.34.3.2.127 | SWEETY HOME INDUSTRY CO.,LTD | ၄၀ | ၂,၃၈၄,၀၀၀.၀၀ |
| ၁၅ | 13009.34.4.2.115 | Baker Tilly Consulting(Myanmar)Ltd | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၆ | 13009.34.4.2.124 | AMIGOS INTERNATIONAL CO.,LTD | ၃၃ | ၃,၃၆၀,၀၀၀.၀၀ |
| ၁၇ | 13009.34.4.2.172 | ဘီးလိုင်းအင်ဖရာ ပရောဂျက်စ် ကုမ္ပဏီလီမိတက် | ၃ | ၁၇၂,၈၀၀.၀၀ |
| ၁၈ | 13009.34.6.2.62 | Leng Aung Co.Ltd | ၁၈ | ၁,၇၀၅,၆၀၀.၀၀ |
| ၁၉ | 13009.34.7.2.89 | Myanmar Modular Construction Co.,Ltd | ၃၁ | ၂,၃၄၄,၀၀၀.၀၀ |
| ၂၀ | 13009.34.7.2.136 | Kantech Co.,Ltd | ၆ | ၅၄၀,၀၀၀.၀၀ |
| ၂၁ | 13009.34.5.2.5 | Su Myat Yadanar Trading Co.,Ltd | ၅ | ၄၆၈,၀၀၀.၀၀ |
| ၂၂ | 13009.34.6.2.20 | ရွှေပိုးကောင်ထရေးဒင်း | ၆ | ၇၂၀,၀၀၀.၀၀ |
| ၂၃ | 13009.34.4.2.111 | POSCO DAEWOO | ၁၈၀ | ၂၁,၆၀၀,၀၀၀.၀၀ |
| ၂၄ | 13033.35.6.2.15 | ALJ Myanmar Co., Ltd. | ၁၁ | ၁,၁၁၄,၀၀၀.၀၀ |
| ၂၅ | 13033.35.7.2.8 | Asia Tours Myanmar Company Limited | ၈ | ၈၆၀,၀၀၀.၀၀ |
| ၂၆ | 13033.35.2.2.13 | Wai Yan BAK Showroom | ၁၃ | ၉၆၇,၂၀၀.၀၀ |
| ၂၇ | 13033.35.6.2.77 | Kaung Naing Kyaw Trading Co.,Ltd | ၂၉ | ၂,၄၈၀,၀၀၀.၀၀ |
| ၂၈ | 13033.35.5.2.87 | Mya Bay Development Co.,Ltd | ၅ | ၅၈၀,၀၀၀.၀၀ |
| ၂၉ | 13033.35.4.2.103 | Nakagawa Chemical Equipment Myanmar Company Limited | ၁၆ | ၁,၈၆၈,၀၀၀.၀၀ |
| ၃၀ | 13033.35.5.2.88 | Real First Global Ltd | ၂၀ | ၂,၂၄၀,၀၀၀.၀၀ |
| ၃၁ | 13033.35.7.2.34 | BREAKTHROUGH COMPANY LIMITED | ၁၈ | ၁,၇၂၀,၀၀၀.၀၀ |
| ၃၂ | 13001.37.5.2.62 | Unilance Myanmar | ၃ | ၃၁၂,၀၀၀.၀၀ |
| ၃၃ | 13001.37.6.2.44 | HT-LT Co.,Ltd | ၁၄ | ၈၅၆,၀၀၀.၀၀ |
| ၃၄ | 13001.37.6.2.29 | Asia Green Valley | ၁၈ | ၁,၄၀၀,၀၀၀.၀၀ |
| ၃၅ | 13001.37.6.2.58 | Fresh Studio | ၈ | ၈၉၉,၈၈၈.၀၀ |
| ၃၆ | 13009.34.4.2.168 | GLENMARK PHARMACEUTICALS CO.,LTD | ၆၃ | ၇,၅၆၀,၀၀၀.၀၀ |
| ၃၇ | 13009.34.5.2.31 | SBE Co.,Ltd | ၄ | ၃၀၀,၀၀၀.၀၀ |
| ၃၈ | 13009.34.6.2.94 | Grand Valley International Co.Ltd | ၅ | ၄၅၅,၂၀၀.၀၀ |
| ၃၉ | 13009.34.7.2.22 | Bliss Myanmar International Co.,Ltd. | ၁၃ | ၁,၁၄၈,၀၀၀.၀၀ |
| ၄၀ | 13009.34.7.2.133 | Asia Starmar Media Co.,Ltd | ၁၁ | ၇၈၀,၀၀၀.၀၀ |
| ၄၁ | 13009.34.3.2.110 | TOTAL BUSINESS SOLUTION | ၁၆ | ၁,၇၈၀,၀၀၀.၀၀ |
| ၄၂ | 13009.34.7.2.140 | Myanmar Golden Eagle Co.,Ltd | ၂၅ | ၂,၉၂၀,၀၀၀.၀၀ |
| ၄၃ | 13009.34.7.2.7 | PFE Co.Ltd | ၂၂ | ၁,၉၃၂,၀၀၀.၀၀ |
| ၄၄ | 13009.34.7.2.39 | ပေါ်စကိုဒေဝူးမြန်မာကော်ပို ရေးရှင်း | ၃၀ | ၃,၅၆၈,၀၀၀.၀၀ |
| ၄၅ | 13009.34.7.2.51 | ESRI Myanmar Co.,Ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၄၆ | 13009.34.7.2.62 | Talent and Technology Co.,Ltd | ၁၀ | ၁,၁၈၀,၀၀၀.၀၀ |
| ၄၇ | 13009.34.5.2.9 | EAST WEST SEED MYANMAR | ၆၇ | ၇,၈၈၈,၂၁၀.၈၀ |
| ၄၈ | 13009.34.5.2.58 | Pacific Asia Hi-Teeh Construction | ၁၀၇ | ၁၀,၆၀၄,၀၀၀.၀၀ |
| ၄၉ | 13009.34.6.2.35 | Aes Accurate Engineering Co.,Ltd | ၂၁ | ၂,၂၈၆,၈၀၀.၀၀ |
| ၅၀ | 13009.34.6.2.113 | Myanma Seinn Kyi Construction Co.,Ltd | ၁၂ | ၁,၂၅၆,၀၀၀.၀၀ |
| ၅၁ | 13009.34.2.2.178 | Path - Finder Technical Services Company | ၁၁ | ၁,၂၂၃,၀၀၀.၀၀ |
| ၅၂ | 13009.34.2.2.206 | Myanmar Andaman Pearl Co.,Ltd | ၁၁၅ | ၁၂,၁၂၂,၈၀၀.၀၀ |
| ၅၃ | 13009.34.6.2.8 | Greenovator Co.,Ltd | ၂၈ | ၃,၀၇၈,၀၀၀.၀၀ |
| ၅၄ | 13009.34.6.2.81 | Media 360 Group Co.Ltd | ၆ | ၆၄၀,၀၀၀.၀၀ |
| ၅၅ | 13009.34.2.2.208 | Sweety Home | ၁၈၁ | ၁၁,၁၇၆,၈၀၀.၀၀ |
| ၅၆ | 13009.34.5.2.42 | Aung Gabar Motor Services | ၄ | ၂၃၀,၄၀၀.၀၀ |
| ၅၇ | 13009.34.7.2.150 | SSS International Trading | ၆၅ | ၇,၄၀၄,၀၀၀.၀၀ |
| ၅၈ | 13009.34.7.2.108 | Hi Link Co.,Ltd | ၁၃ | ၁,၄၈၀,၀၀၀.၀၀ |
| ၅၉ | 13009.34.6.2.104 | Aden Services(Myanmar) Limited | ၁၅၈ | ၁၄,၂၆၁,၂၈၀.၀၀ |
| ၆၀ | 13009.34.5.2.15 | HOTEL YANKIN | ၂၈ | ၁,၇၃၇,၆၀၀.၀၀ |
| ၆၁ | 13009.34.7.2.78 | ACURA Engineering Co.,Ltd | ၃၇ | ၃,၄၆၆,၄၀၀.၀၀ |
| ၆၂ | 13009.34.8.2.11 | PREMIUM PLUS PRO CO.,LTD | ၂၀ | ၂,၁၃၈,၀၀၀.၀၀ |
| ၆၃ | 13009.34.6.2.24 | REBBIZ COMPANY LIMITED | ၂၁ | ၂,၀၂၀,၀၀၀.၀၀ |
| ၆၄ | 13041.33.4.2.1 | Advantage Trade Co.,Ltd | ၁၁ | ၁,၃၂၀,၀၀၀.၀၀ |
| ၆၅ | 13041.33.4.2.250 | Smartbiz Technology CoLtd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၆၆ | 13041.33.6.2.14 | Blue Diamond Cement | ၆ | ၇၀၀,၀၀၀.၀၀ |
| ၆၇ | 13041.33.6.2.69 | Yangon Engineering Group Co,Ltd | ၅ | ၄၇၆,၀၀၀.၀၀ |
| ၆၈ | 13041.33.6.2.81 | Startegic Business Gateway | ၄ | ၄၈၀,၀၀၀.၀၀ |
| ၆၉ | 13041.33.7.2.27 | Sakura Kankou Travels & Tours | ၇ | ၇၈၀,၀၀၀.၀၀ |
| ၇၀ | 13041.33.7.2.67 | AVR Myanmar Co.,Ltd | ၁၅ | ၁,၅၅၄,၄၀၀.၀၀ |
| ၇၁ | 13041.33.1.2.590 | Journeys Adventure Travel | ၁၂ | ၁,၄၀၁,၆၀၀.၀၀ |
| ၇၂ | 13009.34.6.2.72 | Get All Myanmar Co.Ltd | ၅၀ | ၅,၂၄၀,၀၀၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

*စာမျက်နှာ ၂၀ မှ*




မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆)
မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၂၀၁၈)

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။*
*(စာတည်းအဖွဲ့)*

# နိုင်ငံသားနှင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့်ဆိုင်ရာအကြောင်း တစေ့တစောင်း

—— အငြိမ်းစားတစ်ဦး ——

၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ရွေးကောက်ပွဲများ ကျင်းပပါတော့မည်။ မဲဆွယ်လှုပ်ရှားမှု ပုံရိပ်များကို ရန်ကုန်မြို့အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် နေရာအတော်များများတွင် တွေ့မြင်နေရပြီဖြစ်ပါသည်။ နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ တင်သွင်းကြရာတွင် ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၈(ခ) နှင့် ငြိစွန်း၍ ပယ်ချခံရမှုများလည်းရှိနေပါသည်။ ကာယကံရှင်နှင့် ပြင်ပဝေဖန်သူအချို့တို့က ရှုထောင့်အမျိုးမျိုးမှ အမြင်အမျိုးမျိုးဖြင့် ဝေဖန်နေကြသည်ကိုလည်း ကြားသိရပါသည်။

မဲပေးခွင့်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်မရှိ၊ အားလုံး၏ အမြင်တွင် ရှင်းလင်းစွာ နားလည်နိုင်ကြပါသည်။ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ (ထောင်ကျနေသူ၊ စိတ်ပေါ့သွပ်သူ၊ လူမွဲစာရင်းဝင်နေသေးသူ၊ သာသနာ့ဝန်ထမ်း-----စသည်----စသည်ဖြင့်) မဟုတ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး မဲစာရင်းတွင်အမည်ပါဝင်သူ နိုင်ငံသားတိုင်း မဲပေးခွင့်ရှိကြောင်း ပြည်သူများ နားရည်ဝနေကြပြီဖြစ်ပါသည်။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ပတ်သက်၍ စာရေးသူအနေဖြင့် မိမိသိရှိလေ့လာထားသည်များကို ဝေမျှလိုပါသည်။

**နိုင်ငံသားအရည်အချင်း သတ်မှတ်ချက်**

ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်း သတ်မှတ်ချက်များအနက် နိုင်ငံသားအရည်အချင်းနှင့် ပတ်သက်၍ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၂၀(ခ)တွင် “နိုင်ငံသား မိဘ(၂)ပါးမှ မွေးဖွားသော နိုင်ငံသား” ဖြစ်ရမည်ဟု ပါရှိပါသည်။ ထို့အတူ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၈(ခ)တွင်လည်း ထိုစာသား အတိုင်းပင် ပြဋ္ဌာန်းထားပါသည်။ တစ်ဖန် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိ (မရှိ)သူများအတွက် ပြဋ္ဌာန်းချက်တွင်လည်း ပုဒ်မ-၁၀(င)တွင် **“မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါးပါးမှ ဖြစ်စေ၊ နှစ်ပါးစလုံးမှ ဖြစ်စေ၊ မွေးဖွားသည့် နိုင်ငံသားများသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရ”** ဟု သတ်မှတ်ထားပါသည်။ ဥပဒေစကားရပ်များဖြစ်သော်လည်း ရိုးရှင်းပြီး နားလည်လွယ်သည့် စကားလုံးအသုံးအနှုန်းများဖြစ်၍ လိုရင်းအဓိပ္ပာယ်ကို မြင်သာထင်သာစေသည့် ပြဋ္ဌာန်းချက်များ ဖြစ်ပါသည်။

**ကမ္ဘာတည်သရွေ့**

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူ(၆)ချက်တွင် **“နိုင်ငံတော်သည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်တစိုက် ဦးတည်သည်”** ဟု ထည့်သွင်းထားပါသည်။ ထာဝစဉ် ဦးထိပ်ပန်ဆင်ရမည့် တာဝန်တစ်ခု ဖြစ်ပေရာ ဒို့တာဝန်အရေး(၃)ပါးတွင်လည်း တစ်ပါးအဖြစ် ထည့်သွင်းဖော်ညွှန်းထားပါသည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေမှသာလျှင် ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံလည်း တည်ရှိနေမည်ဖြစ်ပါသည်။ အချုပ်အခြာအာဏာ၏ ခက်မ(၃) ဖြာဖြစ်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင် နိုင်ငံသားများ၏ကိုယ်စား တာဝန်ယူကြရမည့် လွှတ်တော်ကိုယ်စားလှယ်များကို (၅)နှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်ခြင်းသည် ဒီမိုကရေစီနိုင်ငံတိုင်း၏ ကျင့်စဉ်တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းခါစဖြစ်ပါသည်။ လွတ်လပ်ရေးကာလ နှစ်(၇၀)မျှဖြစ်သော်လည်း တစ်နိုင်ငံလုံး လွှမ်းခြုံသော ငြိမ်းချမ်းသည့်ကာလဟူ၍ မရှိခဲ့။ ကြမ်းတမ်းသည့်ခရီးလမ်းကို လျှောက်လှမ်းခဲ့၊ လျှောက်လှမ်းဆဲဖြစ်ပါသည်။ နှစ်(၂၀၀)ကျော်မျှ လွတ်လပ်ရေးသက်တမ်း ရှိခဲ့ကြသည့် ဒီမိုကရေစီနိုင်ငံကြီးများ၏ ကျင့်စဉ်များအတိုင်း တစ်သဝေမတိမ်း ချက်ချင်း၊ လက်ငင်းလိုက်နာကျင့်သုံး အကောင်အထည်ဖော်ရန် ခက်ခဲနေဦးမည်ဖြစ်ပါသည်။ ဒီမိုကရေစီခရီးပန်းတိုင်သို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို မယိမ်းမယိုင် ထိန်းသိမ်းကိုင်တွယ်ကြရပါမည်။ အချုပ်အခြာအာဏာကို ထိန်းကိုင်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရှိသင့်ရှိထိုက်သည့် အရည်အချင်းများကို ဒီမိုကရေစီစနစ်ကျင့်သုံးခါစ မိမိနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ၊ လူမှုဓလေ့ ဖွဲ့စည်းနေထိုင်မှု စရိုက်လက္ခဏာများနှင့် လိုက်လျောညီစွာ သတ်မှတ်ပြဋ္ဌာန်းထားရသည်မှာ မျက်မှောက်ကာလ နိုင်ငံ၏အခြေအနေအရ သဘာဝကျလှပါသည်။ အတွေ့အကြုံများရင့်ကျက်လာသည်နှင့်အမျှ လွှတ်တော်သက်တမ်းကာလ အလိုက် ပြောင်းလဲဖြေလျှော့လာမည်သာ ဖြစ်ပါသည်။

**နိုင်ငံသား**

၁၉၈၂ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံတွင် “မွေးရာပါ နိုင်ငံသား” နှင့် “ဥပဒေအရနိုင်ငံသား” ဟူ၍ ရှိပါသည်။ ကမ္ဘာ့နိုင်ငံများတွင်လည်း မည်သည့်နိုင်ငံရေးစနစ်ကို သုံးသည်ဖြစ်စေ မြန်မာနိုင်ငံနည်းတူ နိုင်ငံသား နှစ်မျိုး နှစ်စားရှိကြစမြဲ ဖြစ်ပါသည်။ နိုင်ငံမဖြစ်ထွန်းမီ မူလအစကပင် နေထိုင်ပေါက်ဖွားလာကြသော ဇာတိဖွားနိုင်ငံသားများ၊ တစ်နည်းအားဖြင့် “မွေးရာပါ နိုင်ငံသားများ”ရှိကြသကဲ့သို့ အခြားဒေသ ပင်ရင်းနိုင်ငံတစ်ခုမှ ပြောင်းရွှေ့ အခြေချ နေထိုင်ပေါက်ဖွားလာသူများအား ထိုနိုင်ငံ၏ ဥပဒေအရ နိုင်ငံသား အဖြစ် အသိအမှတ်ပြုထားသော “ဥပဒေအရ နိုင်ငံသား”များ ရှိကြပါသည်။

**မွေးရာပါနိုင်ငံသား**

မြန်မာနိုင်ငံတွင် ပင်ရင်းနိုင်ငံအဖြစ် ရေးများမဆွကပင် နေထိုင်လာခဲ့ကြသော တိုင်းရင်းသားများနှင့် ၎င်းတို့မှ မွေးဖွားလာကြသူများကို ၁၉၈၂ ခုနှစ် ဥပဒေတွင် “မွေးရာပါနိုင်ငံသား” များအဖြစ် သတ်မှတ်ထားပါသည်။ ၎င်းတို့အား နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ “နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးထားပါသည်။ မွေးရာပါနိုင်ငံသားများ မဟုတ်သော်လည်း ဖျက်သိမ်းပြီးခဲ့သည့် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှုနှင့် ရွေးချယ်ရေး အက်ဥပဒေများအရ နိုင်ငံသားဖြစ်ခွင့်ပြုခဲ့သူများကို ၁၉၈၂ခုနှစ်၊ ဥပဒေအရ နိုင်ငံသားအဖြစ် ဆက်လက်အသိအမှတ်ပြုခဲ့ပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြား” များ ထုတ်ပေးထားပါသည်။

**ဥပဒေအရနိုင်ငံသား**

၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေကို ၁၅ - ၁၀ - ၁၉၈၂ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထိုနေ့မတိုင်မီက ၁၉၄၈ ခုနှစ် အက်ဥပဒေများအရ နိုင်ငံသားဖြစ်ခွင့် လျှောက်ထားခဲ့ကြသော်လည်း ပြီးပြတ်မှုမရှိဘဲ စိစစ်ဆဲ အမှုတွဲလက်ကျန်များအဖြစ် ကျန်ရှိနေသူများနှင့် လျှောက်လွှာတွင် အမည်ပါရှိပြီး အသက် ၁၈ နှစ် မကျော်သေးသော သား/သမီးများအား ၁၉၈၂ ခုနှစ်၊ ဥပဒေအရ “ဧည့်နိုင်ငံသား” များအဖြစ် သတ်မှတ်၍ “ ဧည့်နိုင်ငံသားစိစစ်ရေး ကတ်ပြား” များ ထုတ်ပေးပါသည်။

> **“နိုင်/ဧည့်/ပြု နိုင်ငံသားအားလုံးတို့သည် မဲပေးနိုင်သည့် အခွင့်အရေး ရှိကြပါသည်။ သို့သော် ရွေးကောက်တင်မြှောက်ခံကြမည်ဆိုလျှင်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကြရမည်ဖြစ်ပါသည်”**

အခွင့်အရေးရှိသော်လည်း ယခင်ဥပဒေအရ လျှောက်ထားခဲ့ကြခြင်းမရှိဘဲ ၁၅- ၁၀- ၁၉၈၂ ရက်နေ့ နောက်ပိုင်းတွင် လျှောက်ထားလာကြသူများအား ၁၉၈၂ ခုနှစ် တည်ဆဲဥပဒေတွင် “နိုင်ငံသားပြုခွင့်ရသူ” များအဖြစ် သတ်မှတ်၍ နိုင်ငံသားပြုခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး “နိုင်ငံသား ပြုခွင့် စိစစ်ရေးကတ်ပြား” များ ထုတ်ပေးပါသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့နောက်ပိုင်းတွင် ရောက်ရှိလာကြသော နိုင်ငံခြားသား မိဘတစ်ဦးဦး (One side FRC)မှ မွေးဖွားပြီး အသက် ၂၂ နှစ် မကျော်လွန်မီ “နိုင်ငံခြားသား (FRC)”အဖြစ်ကို စွန့်လွှတ်ကြောင်း၊ နိုင်ငံတော်၏ သစ္စာကိုခံယူကြောင်း၊ နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာမည် ဖြစ်ကြောင်း၊ သတ်မှတ်ထားသောတာဝန်နှင့် အခွင့်အရေးများကို သိရှိကြောင်း” စာဖြင့်ရေးသား၍ ကတိသစ္စာပြုသူများကိုလည်း ၁၉၈၂ ခုနှစ်၊ ဥပဒေတွင် “နိုင်ငံသားပြုခွင့်ရသူအဖြစ် သတ်မှတ်၍ နိုင်ငံသားပြုခွင့်စိစစ်ရေး ကတ်ပြား”များ ထုတ်ပေးထားပါသည်။

**အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (၃-ခေါက်ချိုး)**

မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေနှင့် ၁၉၅၁ ခုနှစ်၊ နည်းဥပဒေများအရ ထုတ်ပေးထားသည့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံကတ်ပြားများ ဖြစ်ပါသည်။ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုထားသည့် ကတ်ပြားမဟုတ်ပါ။ ကိုလိုနီလက်အောက်ခံဘဝ နှစ်ပေါင်း ၁၂၄ နှစ်မျှ ကာလအတွင်း အိမ်နီးချင်းဒေသများနှင့် အခြားသော ရေခြား၊ မြေခြား ဘဝတူ ကိုလိုနီနယ်မြေများမှ ဝင်ရောက်အခြေချ နေထိုင်လာသူများနှင့် ၎င်းတို့မှ ဆင်းသက်ပေါက်ပွားလာသူများ၊ ဒေသခံများနှင့် သွေးနှော၍ မွေးဖွားလာသူများ၊ နိုင်ငံခြားသားစစ်မှုထမ်းများ စသည့်အလွှာမျိုးစုံတို့အား လွတ်လပ်ရေးနှင့်အတူ လွတ်လပ်ရေး၏အမွေအဖြစ် ဆက်လက်လက်ခံခဲ့ရပါသည်။

အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား (၃-ခေါက်ချိုး)ကိုင်ဆောင်သူများတွင် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် (FRC) ကိုင်ဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရသူ နိုင်ငံခြားသားစစ်မှုထမ်းများနှင့် အစိုးရအမှုထမ်း နိုင်ငံသားများအား မှီခိုသူ နိုင်ငံခြားသူဇနီးနှင့် သား/သမီး အချို့ပင် ပါဝင်နေခဲ့ကြပါသည်။ ထို့ကြောင့် ကတ်ပြား၏ရှေ့စာမျက်နှာတွင် “မည်သည့် နိုင်ငံသားဟု ဖော်ပြခြင်းဖြင့် ဤလက်မှတ်ကိုင်ဆောင်သူသည် အကယ်စင်စစ် ထိုနိုင်ငံသား ဖြစ်ကြောင်း သက်သေခံအလျဉ်း မဖြစ်စေရ”ဟုဖော်ပြထားသည့် မှတ်ချက်ပြု စာသားပါရှိသည်ကို ကတ်ပြားကိုင်ဆောင်ခဲ့ဖူးသူတိုင်း မှတ်မိကြပါလိမ့်မည်။ ကတ်ပြားတွင် ပါရှိသည့် ကိုင်ဆောင်သူ၏ အကြောင်းအရာကို ဖော်ပြသော စာတိုင်အမှတ်စဉ်(၈) ခုအနက်၊ အမှတ်စဉ်(၅) “မွေးဖွားရာဒေသနှင့် နိုင်ငံသား” စာတိုင်၌ “မြန်မာ(သို့မဟုတ်)မြန်”ဟု ဖော်ပြလေ့ရှိသည့်အချက်ကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။ ထိုကတ်ပြား (၃-ခေါက်ချိုး)ကိုင်ဆောင်သူများကိုလည်း ၁၉၈၂ခုနှစ်၊ ဥပဒေနှင့်အညီစိစစ်၍ အကျုံးဝင်သည့် နိုင်/ဧည့်/ပြု နိုင်ငံသား စိစစ်ရေးကတ်ပြား တစ်မျိုးမျိုးဖြင့် လဲလှယ်ထုတ်ပေးလျက်ရှိပါသည်။

**မတူကွဲပြားသော်လည်း**

အိမ်နီးချင်းနယ်စပ်ဒေသများနှင့် ရေခြား၊ မြေခြားဒေသများမှ ဝင်ရောက်အခြေချပေါက်ဖွားဆင်းသက် ရောယှက်နေထိုင်လာမှု သဘာဝအရ ဖော်ပြပြီးခဲ့သည့်အတိုင်း မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဟူ၍ ဖြစ်တည်လာခဲ့ကြပါသည်။ ၎င်းတို့သည် နိုင်/ ဧည့်/ ပြု နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသီးသီးကိုင်ဆောင်ထားကြပြီး အချို့မှာ အသွေးအရောင်နှင့် ရုပ်ရည်သွင်ပြင် လက္ခဏာတို့သည် တိုင်းရင်းသားများနှင့် မတူကွဲပြားခြားနားနေကြသည် ဖြစ်သော်လည်း ၎င်းတို့အားလုံးမှာ ၁၉၈၂ ခုနှစ် ဥပဒေအရ အသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍအားလုံးတွင် ခွဲခြားထားခြင်းမရှိ၊ ညီတူညီမျှ ခံစားခွင့်ရှိကြသူများ ဖြစ်ပါသည်။ နိုင်/ဧည့်/ပြု နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာရမည်။ ဥပဒေပါတာဝန်များကို ထမ်းဆောင်ရမည်။ ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ခံစားခွင့်ရှိသည်ဟု ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

**ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်**

နိုင်/ဧည့်/ပြု နိုင်ငံသားအားလုံးတို့သည် မဲပေးနိုင်သည့် အခွင့်အရေး ရှိကြပါသည်။ သို့သော် ရွေးကောက်တင်မြှောက်ခံကြမည်ဆိုလျှင်ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကြရမည် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၂၀(ခ)နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ-၈(ခ)ပါအတိုင်း ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများသည် မွေးဖွားချိန်တွင် ၎င်းတို့၏မိဘ(၂)ဦး စလုံးသည် နိုင်ငံသားများဖြစ်ကြရပါမည်။ နိုင်ငံသားဟုဆိုရာတွင် နိုင်/ဧည့်/ပြု အားလုံး အကျုံးဝင်သက်ဆိုင်ပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူအချို့နှင့် ဧည့်/ ပြု နိုင်ငံသား စိစစ်ရေးကတ်ပြား ကိုင်ဆောင်သူအားလုံးတို့သည် ဥပဒေအရ နိုင်ငံသားများ ဖြစ်ကြပါသည်။ ယခုအချိန်တွင် ၎င်းတို့သည် နိုင်ငံသားများဖြစ်ကြသော်လည်း၊ ၎င်းတို့အား မွေးဖွားစဉ်က မိဘတစ်ဦးဦးသည်လည်းကောင်း၊ နှစ်ဦးစလုံးသည် လည်းကောင်း “နိုင်ငံခြားသား (FRC)”များ ဖြစ်ကြပါသည်။ လက်ရှိအခြေအနေ ပစ္စုပ္ပန်ကာလ၌ ဖြစ်တည်နေခြင်း ယေဘုယျသဘောကို ဆောင်ယူ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ-၁၀(ဍ)တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိ (မရှိ)သူများစာရင်း၌ “ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့် ရသူများ”ဟု ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အနာဂတ်ကာလ လွှတ်တော်သက်တမ်းတစ်ခုခုတွင် ဥပဒေပြုအမတ်များ ရရှိလာမည့် လက်ဆောင်ပဏ္ဏာတစ်ခုဖြစ်သည်ဟု ရှုမြင်သုံးသပ်မိပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူများတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရသူများလည်း ရှိပါသည်။ ၎င်းတို့မှာ ဖျက်သိမ်းခဲ့သည့် ၁၉၄၈ ခုနှစ်၊ နိုင်ငံသားဖြစ်မှုနှင့် ရွေးချယ်ရေးအက်ဥပဒေများအရ နိုင်ငံသား လက်မှတ်(UCC) ကိုင်ဆောင်ခဲ့သူများဖြစ်ပါသည်။ ထိုသူတို့သည် ၁၉၈၂ ခုနှစ် ဥပဒေပုဒ်မ-၆အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ခွင့်ရခဲ့သော်လည်း မွေးဖွားစဉ်က မိဘတစ်ဦးဦးသည် နိုင်ငံခြားသား(FRC)ဖြစ်ခဲ့သဖြင့် ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၈(ခ)၊ ၁၀ (င)တို့နှင့် ငြိစွန်းနေကြခြင်း ဖြစ်ပါသည်။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

ထိုသူများအနက် ယခင်တပ်မတော်အစိုးရလက်ထက် ဝန်ကြီးဌာနတစ်ခုတွင် ဒုတိယအဆင့်အမြင့်ဆုံးရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်းမှ ပယ်ဖျက်ခံခဲ့ရပြီး အလားတူ အခြားတစ်ဦးမှာ မိမိဆန္ဒသဘောအရ အမည် စာရင်းမှ ရုပ်သိမ်းသွားခဲ့သည့် ဖြစ်စဉ်များရှိခဲ့ပါသည်။

**အနာဂတ်တွင်အကျုံးဝင်ရွေးကောက်ခံဖို့ပြင်**

ယခုအချိန်တွင် ဥပဒေအရဖြစ်လာကြသည့် နိုင်/ဧည့်/ပြု နိုင်ငံသားများသည် မွေးဖွားစဉ်က မိဘတစ်ဦးဦးသည် နိုင်ငံခြားသား(FRC)ဖြစ်ခဲ့ကြသဖြင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် အလှမ်းဝေးနေကြမည်ဖြစ်သော်လည်း ၎င်းတို့မှ မွေးဖွားသော သား/သမီးများသည် မကြာမီကာလတွင် ထိုအခွင့်အရေးများကို ရရှိကြတော့မည်ဖြစ်ပါသည်။ ၎င်းတို့မှ မွေးဖွားသော သား/သမီး အချို့သည် ယခုအချိန်၌ အသက်(၁၈-၂၀)အရွယ်သို့ ရောက်ရှိနေကြပြီဖြစ်ပါသည်။ အသက်(၂၅)နှစ်ပြည့်ရန် (၄-၅)နှစ်သာ လိုပါတော့သည်။ အနာဂတ်ကာလတွင် ကျင်းပမည့် ရွေးကောက်ပွဲများတွင် ၎င်းတို့သည် ဧည့်/ပြု နိုင်ငံသားများပင် ဖြစ်နေကြစေကာမူ လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိကြမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# သထုံခရိုင်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**သထုံ အောက်တိုဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန သထုံခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သထုံခရိုင်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများကို အောက်တိုဘာ ၈ ရက်က သထုံခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



ထို့သို့စစ်ဆေးရာတွင် သထုံခရိုင်အတွင်းရှိ ဆောင်ရွက်ပြီးစီးခဲ့သော နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ကျိုက်ထိုမြို့နယ် အင်္ဂဘို-ကဒိုင်ဒွတ်-မိုးဘောလမ်း ၁၀ မိုင်မှ ၃/၅ မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ ကျိုက်ထိုမြို့နယ် ဆောင်နိုင်ကြီးကျေးရွာအဝင်လမ်း တစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ ဘီးလင်းမြို့နယ် မိုးကောင်း-မရမ်းကုန်း-ရွှေကြည်လမ်း ရှစ်မိုင်မှ ၁/၆ မိုင် အပြီးသတ်ကျောက်ခင်းခြင်း လုပ်ငန်း၊ သထုံမြို့နယ် အင်တော-နောင်ကတုတ်လမ်း ခုနစ်မိုင်မှ လေးမိုင် အပြီးသတ်ကျောက်ခင်းခြင်း လုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ ကွန်ကရစ်တံတား ပေ ၆၀ တစ်စင်း၊ ပေ ၁၀၀ တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း သာသနာရေးဆိုင်ရာ လုပ်ငန်းများအတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ထောက်ပံ့ လှူဒါန်းငွေများကို ဘီးလင်းမြို့နယ် တဘက်ဆွဲကျေးရွာ အုပ်စု သိဒ္ဓိအောင်ဘုန်းတော်ကြီးကျောင်းနှင့် သထုံမြို့နယ် ဓမ္မိကာရာမ ဘုန်းတော်ကြီးကျောင်းများသို့ တစ်ကျောင်းလျှင် ငွေကျပ်သိန်း ၅၀ စီ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**နန္ဒကျော်စွာ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ ဒီဇယ်ဆီ၊ ကျောက်ရွယ်စုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ လမ်းအလိုက်၊ အပိုင်းအလိုင် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - (၁/၂၀၂၀-၂၀၂၁)

၁။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၂၀ ရက်မှ ၁၃-၁၁-၂၀၂၀ ရက်အထိ နံနက် ၉:၃၀ နာရီမှ ၁၆:၀၀နာရီအထိ (ရုံးချိန်အတွင်း)

၂။ **တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ ၀၈၂-၇၄၁၄၇၊ ၀၉-၄၂၆၁၅၂၇၈၀

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၁၁-၂၀၂၀ ရက်၊ ၁၆:၃၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၁၁-၂၀၂၀ ရက် ၉:၃၀နာရီ

၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ**- ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ချင်းပြည်နယ်၊ တွန်းဇံမြို့နယ် သာသနာရေးမှူးရုံး အမှုထမ်းအိမ်ရာ (၆၀ပေ x ၄၀ပေ x ၂၄ပေ)(၄) ခန်းတွဲ RC(၂)ထပ် ဆောက်လုပ်ခြင်း(ရေ၊မီး၊ မိလ္လာ၊Chain Link ခြံစည်းရိုး ၅၃၀' အမြင့် ၆.၅' အုတ်ခုံ ၁.၅' ကွန်ကရစ်တိုင် ၈' ခြား၊ သံပန်းဂိတ် တံခါး အကျယ် ၁၄' အမြင့် ၆.၅' အဝီစိတွင်း အနက် ၄၀၀' ၊ Ground Tank ဂါလန် ၃၀၀၀ အပါအဝင်) ဆောက်လုပ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) တင်ဒါပုံစံ ရောင်းချ/လက်ခံမည့်ရက် - ၁၉-၁၀-၂၀၂၀ရက်မှ ၃-၁၁-၂၀၂၀ရက်အထိ

(ခ) တင်ဒါရောင်းချ/တင်သွင်းမည့်နေရာ - ချင်းပြည်နယ် သာသနာရေးမှူးရုံး၊ ဟားခါးမြို့ မြို့နယ်သာသနာရေးမှူးရုံး၊ တွန်းဇံမြို့

(ဂ) တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအကြောင်းကြားပါမည်။

၂။ တင်ဒါပုံစံများကို ရုံးချိန်အတွင်း ချင်းပြည်နယ်သာသနာရေးမှူးရုံး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၁၅၁၊ ၀၉- ၄၂၀၇၂၆၄၇၁ နှင့် တွန်းဇံမြို့နယ် သာသနာရေးမှူးရုံး၊ ဖုန်း- ၀၉- ၄၂၀၇၃၀၈၅၃တို့တွင် ဆက်သွယ်စုံစမ်းလာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## '' FMT AGRIZ COMPANY LIMITED''

**(အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း)**

**မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ - ၃၅၇(က)အရ**

**စာရင်းရှင်းလင်းဖျက်သိမ်းမှု နောက်ဆုံး အစည်းအဝေးဖိတ်ကြားခြင်း**

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာရှင်များ၏ စာရင်းဖျက်သိမ်းမှု နောက်ဆုံးအစည်းအဝေးကို ၃၀-၁၀-၂၀၂၀ ရက် နံနက် ၁၀နာရီတွင် အမှတ် ၃၅၊ ဈေးကုံး(၂) ရပ်ကွက်၊ (၁)လမ်း၊ အရှေ့မြို့ဟောင်း သန်လျင်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များအားလုံးနှင့် သက်ဆိုင်သူများအားလုံး တက်ရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ် ပါသည်။

ထိုအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

**ဒေါ်ခင်ချို [ B.Com(Q), C.P.A]**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၃၄)၊ ဦးပိုင် (၇၂)၊ မြေဧရိယာ ဝဒသမ ၀၈၈ ဧက အမည်ပေါက်သူ ဒေါ်သီ အမည်မှ ဦးအောင်ဇော်လတ် ၁/ဗမန(နိုင်) ၀၄၈၃၃၆ အမည်သို့ မြေငှားဂရန် သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအောင်ဇော်လတ်**

## မတည်ရင်းနှီးငွေလျှော့ခြင်းကိစ္စ ရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ရတနာလယ်မြေကုမ္ပဏီလီမိတက်၏ မတည်ရင်းနှီးငွေ ကျပ်သိန်း (50100000) မှ ကျပ်သိန်း (10000000)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**ရတနာလယ်မြေ ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၉-၉၆၅၁၁၅၉၃၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၀-၂၀၂၀ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၆) တွင် ပါရှိသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့၊ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင် အမှတ်စဉ်(၄)၌ (၂၁၀' X ၇၀')ကျောင်းသား/သူ အိပ်ဆောင်(၃)ထပ် (၁၂၀)ဆံ့(၁)လုံး (နိုင်/ထောက်) အစား **(၂၁၁' X ၇၀') ကျောင်းသား/သူ အိပ်ဆောင်(၃)ထပ် (၁၂၀) ဆံ့ (၁)လုံး (နိုင်/ထောက်)**နှင့် အမှတ်စဉ်(၅)၌ (၂၁၀' X ၇၀')ကျောင်းသား/သူ အိပ်ဆောင်(၃)ထပ်(၁၂၀)ဆံ့(၁)လုံး အစား **(၂၁၁' X ၇၀') ကျောင်းသား/ သူ အိမ်ဆောင်(၃)ထပ် (၁၂၀)ဆံ့ (၁)လုံး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ သထုံမြို့မှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ပန်းတိန်ကန် ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်း၏ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများထံမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၂၀ ရက်မှ ၂၃-၁၀-၂၀၂၀ ရက် ညနေ ၃:၀၀နာရီအထိ

**တင်ဒါတင်သွင်းရမည့်ရက်** - ၃-၁၁-၂၀၂၀ ရက်မှ ၆-၁၁-၂၀၂၀ ရက် ညနေ ၁၅:၀၀နာရီအထိ

**တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၂-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ**- လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သထုံမြို့

**တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

၂။ တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါပုံစံတင်သွင်းရန် ကိစ္စရပ်များအတွက် လူကိုယ်တိုင်လာရောက်ရန် အခက်အခဲရှိပါက တင်ဒါပုံစံရယူခြင်းနှင့် တင်ဒါလျှောက်လွှာကြေးများ ပေးသွင်းခြင်းတို့အတွက် con6.ad1@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၆၆၇၁၅၇၃၅၇၊ ၀၉-၇၈၈၉၀၀၀၇၆

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်သာသနာရေးမှူးရုံး (၃၆ပေxပေ၃၀x၂၄ပေ) (၄)ခန်းတွဲ RC (၂)ထပ် ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ Chain Link ခြံစည်းရိုး ၂၂၈' အမြင့် ၅' အုတ်ခုံ ၁.၅' ကွန်ကရစ်တိုင် ၈' ခြား၊ သံပန်းဂိတ်တံခါးအကျယ် ၁၄'၊ အမြင့် ၆.၅'၊ အဝီစိတွင်းအနက် ၄၀၀'၊ Ground Tank ဂါလန် ၁၇၅၀ အပါအဝင်) ဆောက်လုပ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

(က)တင်ဒါပုံစံရောင်းချ/လက်ခံမည့်ရက် - ၁၉-၁၀-၂၀၂၀ရက်မှ၃-၁၁-၂၀၂၀ရက်ထိ

(ခ) တင်ဒါရောင်းချ/တင်သွင်းမည့်နေရာ - ချင်းပြည်နယ်သာသနာရေးမှူးရုံး၊ ဟားခါးမြို့ မြို့နယ်သာသနာရေးမှူးရုံး၊ ထန်တလန်မြို့

(ဂ) တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအကြောင်းကြားပါမည်။

၂။ တင်ဒါပုံစံများကို ရုံးချိန်အတွင်း ချင်းပြည်နယ်သာသနာရေးမှူးရုံး၊ ဟားခါးမြို့ ဖုန်း-၀၇၀-၂၁၁၅၁၊ ၀၉-၄၂၀၇၂၆၄၇၁နှင့် ထန် တလန်မြို့နယ် သာသနာရေးမှူးရုံး ဖုန်း-၀၉-၂၅၇၁၅၈၂၈၉တို့တွင် ဆက်သွယ်စုံစမ်းလာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၀-၂၀၂၁၊ ဘဏ္ဍာရေးနှစ်အတွင်း၊ ချင်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို ချင်းပြည်နယ်အတွင်း မြို့ ပေါင်း (၇)မြို့တွင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၇-၁၀-၂၀၂၀ရက်

**တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၆-၁၁-၂၀၂၀ရက် ညနေ ၄:၃၀နာရီ

**တင်ဒါရွေးချယ်မည့်ရက်အချိန်** - ထပ်မံကြေညာပါမည်

**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ချင်းပြည်နယ်လွှတ်တော်ရုံးအနီး၊ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ဤဦးစီးဌာနရုံးဖုန်း ၀၇၀-၂၂၄၂၀၊ Viber-၀၉-၄၂၀၄၇၂၃၆၅၊ ၀၉-၄၀၀၀၈၅၅၂၃၊ duhdchin@gmail.comသို့ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင် ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁-ခ)၊ ဦးပိုင်အမှတ်(၂၅၀)၊ မြေဧရိယာ ဝဒသမ ၁၄၆ ဧကရှိ ဒေါ်လနောင်ကော့တောင် အမည်ဖြင့် ပိုင်ဆိုင် ခဲ့သည့် မြေကွက်ဖြစ်ပြီး ၁၂-၂-၂၀၁၇ ရက်တွင် ဒေါ်လနောင်ကော့တောင်ထံမှ ဦးမရုပ်ရှဒန်နှင့် ဒေါ်ဘောမ်ထန့်တို့(၂)ဦးက နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးမရုပ်ရှဒန် ၁/မကန(နိုင်) ၁၂၈၄၉၅ နှင့် ဒေါ်ဘောမ်ထန် ၁/မကန (နိုင်)၀၅၂၂၁၈ တို့(၂)ဦး အမည်ဖြင့် မြေငှားဂရန် အသစ် ရရှိရေးအတွက် ၁၂-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်(၁၆/၂၀၂၀)ကို ၁၄-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၄၅၄/၂၀၂၀) အဖြစ် ပြုဆိုတင်ပြလျှောက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်းနှင့် ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းများနှင့်လိုအပ်လျက်ရှိသောလုပ်ငန်းသုံးပစ္စည်းများအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကို မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါအဆိုပြုလျှောက်လွှာရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ

**တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက်** - ၂၈-၁၀-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီ

**ပစ္စည်း/လုပ်ငန်းတင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၁၀-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီ

**ပစ္စည်းတင်ဒါဖွင့်လှစ်မည့်ရက်၊နေရာ** - ၁၀-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျောက်ကြီးမြို့

**လုပ်ငန်းတင်ဒါဖွင့်လှစ်မည့်ရက်၊နေရာ** - ၁၁-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျောက်ကြီးမြို့

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျောက်ကြီးမြို့**
**ဖုန်း-၀၅၄-၄၉၀၈၅၊ ၀၉-၂၅၀၂၁၁၀၆၈၊ ၀၉-၂၅၀၃၉၅၆၀၅**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၁၀-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ(၂၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာရှိ မြေကွက်အမှတ် (၃၈)၊ ဧရိယာ ၁ဒသမ၉၃၄ဧကရှိ ဦးမျိုး လွင်ဦး အမည်ပေါက် ကြော်ငြာမှ ဒေါ်စိုးစန္ဒာဦး အစား ဒေါ်စိုးနန္ဒာဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၁၀-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ (၂၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာရှိ မြေကွက်အမှတ် (၃၃၊ ၃၄)၊ ဧရိယာ ၄ဒသမ၇၅ဧကရှိဒေါ်သန်းသန်းဦး အမည်ပေါက် ကြော်ငြာမှ ဒေါ်စိုးစန္ဒာဦး အစား ဒေါ်စိုးနန္ဒာဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ် (၃၃/၃)၊ ဦးပိုင်အမှတ် (၁၁၇)၊ မြေဧရိယာ ၀ဒသမ၀၃၂ဧကရှိမြေကွက်ကို ဦးဖြစ်မောင် အမည်ဖြင့် (၃၀-၆-၁၉၉၈) ရက်ထိ (၁၀)နှစ်မြေဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၃၀-၉-၁၉၉၃)ရက်တွင် ဦးဖြစ်မောင်၏နေအိမ်နှင့်ပတ်သက်သောလုပ်ပိုင်ခွင့်ကိုယ်စားလှယ်လွှဲအပ်ခြင်းဝန်ခံကတိပြုစာချုပ်အရ သားအရင်းဖြစ်သူ ဦးအိုက်မောင်နှင့် သမီးအရင်းဖြစ်သူ ဒေါ်နန်းခမ်းအေး နှစ်ဦးတို့အား လွှဲပြောင်းခဲ့ပြီး၊ (၁၅-၁၂-၁၉၉၃)ရက်တွင် ဦးအိုက်မောင်နှင့် ဒေါ်နန်းခမ်းအေးတို့နှစ်ဦးထံမှ ဦးဖန်ဆိုင်းဟိတ်(ခ)ဦးမြင့်နိုင်ကလည်းကောင်း၊ ၁၉-၇-၂၀၁၁ရက်တွင် ဦးဖန်ဆိုင်းဟိတ်(ခ)ဦးမြင့်နိုင်ထံမှ ဒေါ်တင်တင်ညိုက လည်းကောင်း နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်တင်တင်ညို ၅/တဆန(နိုင်)၁၁၀၃၇၅ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၄-၁၁-၂၀၁၆ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၉၇၆/၂၀၁၆)ကို ၂၃-၁၁-၂၀၁၆ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၄၃၉/၂၀၁၆)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များ နှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အစုရှယ်ယာလျှော့ချခြင်း

Contents Hub Services Co.,Ltd မှ မတည်ငွေရင်း ကျပ်သန်း-၃၀၀ မှ ကျပ်သန်း ၅၀သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**Contents Hub Services Co.,Ltd**

## ကန့်ကွက်နိုင်ပါကြောင်း

အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၄/တရော်ကုန်း)၊ ဦးပိုင်အမှတ် (က/၂၃)၊ ဧရိယာ ၀ဒသမ၀၂၇ဧကရှိ မြေသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံတွင် ဒေါ်တင်ရွှေ၊ ဦးဘနှင်းနှင့် ဦးအေးတို့အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ၁၀-၆-၂၀၀၄ ရက်တွင် အရပ်ကတိစာချုပ်များအရ ဒေါ်တင်ရွှေနှင့် ဦးဘနှင်းတို့မှာ အမွေစုများခွဲဝေရရှိပြီးဖြစ်၍ အဆိုပါမြေကွက်အား ဦးအေး၏သားများဖြစ်ကြသော ဦးမြင့်အေးနှင့် ဦးအောင်မိုးတို့ အမည်သို့ပြောင်းလဲမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ပြောင်းလဲလျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်များအရ-**
**ဒေါ်ဝင်းမြတ်မွန် အထက်တန်းရှေ့နေ(စဉ်-၃၆၂၂၈)၊ ပြည်တော်သာလမ်း၊ ES-၂၃၊ မကွေးမြို့၊**
**ဖုန်း-၀၉-၇၈၇၅၁၄၀၀**

သင့်သွေးဖြင့် အသက်ကယ်ပါ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

